

အောင်မြင်စာပေ
(၂)




# ဒဿနလက်ဆောင်

- သစ်ရွက်နဲ့ဌက်၊ အလှဖက်လည်း
  သစ်ရွက်လည်းကြွေ၊ ဌက်လည်းသေသော်
  ဝေဒနာသာလျှင်
  ကျန်ခဲ့ပေလိမ့်မည်။

- ကြိုးတစ်ချောင်းမှန်လျှင်
  မည်မျှပင် အလျားရှည်နေစေကာမူ
  ကြိုးစနှစ်ဖက်သာရှိသည်။
  အစနှင့်အဆုံးသာ ဖြစ်ပေသည်။

- မိမိနံဘေး ပတ်ဝန်းကျင်၌
  လူညံ့များသာ ရှိနေလျှင်
  မိမိသည် သူတို့ထက် တော်သော်လည်း
  လူတော် မဟုတ်သေးပေ။
  လူတော်များကို အနိုင်ရမှသာ
  လူတော်တစ်ယောက်ဟု သတ်မှတ်နိုင်ပါတယ်။

# ဒဿနလက်ဆောင်

- သင့်ပတ်ဝန်းကျင်မှာ
  ထူးချွန်သူ တစ်ယောက်တွေ့ပါက
  သူ့ကိုချည်း မကြည့်ပါနှင့်
  သူ့နောက်ဘက်မှာ လူတော်များ
  ရှိနေနိုင်ပါသေးတယ်။

- လုပခြင်း၌
  လုပသော အသီးအရွက်များဖြင့်
  တန်ဆာဆင်ထားသော်လည်း
  အရိုးရှိပြီး၊ အရိုးမှာ ခါးသောအရသာမျိုးရှိသည်။

- ပျားတစ်ကောင်သည်
  ချိုမြိန်သော ပျားရည်ကို
  ပါးစပ်ဖြင့် သယ်ဆောင်ပြီး
  အမြီးမှ အဆိပ်ဆူးကတော့
  ရန်သူအတွက် အဆင်သင့် ထားလေ့ရှိပါတယ်။

# ဒဿနလက်ဆောင်

- အလုပ်တစ်ခုတည်းကို
  အာရုံစိုက်ပြီး လုပ်သူသည်
  ထိုအလုပ်ကို အဆုံးသတ်နိုင်သည်။
  အလုပ်များစွာ လုပ်လျှင်တော့
  ဘယ်အရာမှ အဆုံးမသတ်နိုင်တော့ပေ။

- ချိုသာသော စကားလုံးများမှာ
  နားမှာ ကြားရပြီးနောက်
  ပျောက်သွားလေ့ရှိသည်။
  မျက်စိတဆုံး ကြည့်ခြင်းကသာ
  စိတ်ချရသော အရာဖြစ်သည်။

- တောင်ရောက်ဆင်ပြီး ဖမ်းသောနည်းမှာ
  ဌက်ကို ဖမ်းမိနိုင်သော်လည်း
  ၎င်းကိုယ်မှ လှပသော အမွေးအတောင်များကို
  သဘာဝအတိုင်း ရနိုင်မည် မဟုတ်ပါချေ။





# အခန်း(၁)

# မိုးကြိုးကျ တောင်ထိပ်မှ မဟာပြိုင်ပွဲ

မိုးကြိုးကျတောင်ထိပ်ဟူသော အမည်မှာ နာမည်က ဆန်းသလောက် ကြောက်စရာကောင်းသော နေရာတစ်ခုလည်း ဖြစ်သည်။ ၎င်းတောင်မှာ ချင်းပြည်နယ်အတွင်း၌ရှိပြီး တောင်မြင့်ကြီးများ ဝန်းရံနေသောနေရာ၌ ရှိလေသည်။

တောင်ဘက်တွင် ချင်းပြည်နယ်အတွင်း၌ တောင်မြင့်ကြီးတို့အထဲတွင် အမြင့်ဆုံးတောင်ဖြစ်သည့် ပေပေါင်း(၁၀၂၀၀) ပေမြင့်သော နူသုမ်ဟုခေါ်သော ဝိတိုရိယတောင်ရှိသည်။

အောင်မြင်စာပေ

မြောက်ဘက်မှာတော့ ပေပေါင်း(၉၂၂၈)ပေမြင့်သော မောပိတောင်ရှိသည်။

မြောက်ဘက်မှ မြစ်ဖျားခံကာ စီးဆင်းလာသော မုံးချောင်းမှာ ထိုတောင်များ၏ အနောက်ဘက်မှ စီးဆင်းလျက်ရှိသည်။ မုံးချောင်းမြစ်ဖျားခံသောနေရာမှာ. . မောပိတောင်မြောက်ဘက်၌ ဖြစ်သည်။

ထိုနေရာမှ စတင်စီးဆင်းလာသော မုံးချောင်းသည် မကွေးတိုင်းတစ်ခုလုံးကို အရှေ့အနောက် ဖြတ်သန်းပြီးနောက် ပွင့်ဖြူလွှန်သောအခါ ဧရာဝတီမြစ်အတွင်းသို့ ပေါင်းစည်း စီးဝင်သွားလေသည်။

ချင်းပြည်နယ်သည် တောင်မြင့်ကြီးများ အများအပြားရှိသလို တောတောင်ထူထပ်သော နေရာလည်း ဖြစ်သည်။

ထို့ပြင် လူနေနည်းသော ဒေသတစ်ခုလည်း ဖြစ်သည်။

ချင်းပြည်နယ် တစ်ခုလုံးမှ (၉)မြို့နယ်သာရှိသည်။

မိုးကြိုးကျတောင်ထိပ်မှာ ဝိတိုရိယတောင်နှင့် မောပိတောင်ရှိသော နေရာကြား၌ရှိပြီး မုံးချောင်းအရှေ့ဘက်ခြမ်း၌ ရှိလေသည်။

ထိုနေရာတစ်ဝိုက်မှာလည်း လူနေအိမ်ခြေမများပဲ လူနည်းစုနေသော ချင်းရွာကလေးများသာ ရှိလေသည်။

(၁၉၄၀)ခုနှစ်မတိုင်မီ ရှေးပိုင်းကာလများ. . ထိုအရပ်ဒေသများမှာ လူသူအရောက်အပေါက်နည်းပြီး တောတောင်တို့ကသာ နေရာအနှံ့ လွှမ်းမိုးထားလေသည်။





မိုးကြိုးကျတောင်ရှိသောနေရာနှင့် အနီးဆုံးမှာ ကဝေခြောင်ရွာရှိသည်။

ကဝေခြောင်ရွာမှာ ချင်းလူမျိုးအများစု နေထိုင်သောရွာဖြစ်သော်လည်း အခြားတိုင်းရင်းသားများလည်း လူနည်းစုရှိကြလေသည်။

မိုးကြိုးကျတောင်မှာ ကဝေခြောင်ရွာ၏ အရှေ့ဘက်၌ရှိလေသည်။ တောင်ဟုသာဆိုရသော်လည်း ပေအမြင့်က မများလှပေ။ (၂၀၀၀)ကျော် (၃၀၀၀)ခန့်သာ မြင့်ပေလိမ့်မည်။

ထိုတောင်က ကျောက်တောင်အမျိုးအစားဖြစ်ပြီး. . တောင်ခြေ၌သာ သစ်ပင်ရှိပြီး တောင်ပေါ်မှာတော့ သစ်ပင်မရှိပေ။

တောင်၏အသွေးအရောင်က မှိုင်းညို့နေပြီး ကြက်သွေးရောင် ထနေသည်။ တောင်၏ပုံသဏ္ဌာန်မှာ အရိုးခေါင်းပုံသဏ္ဌာန်ဖြစ်သည်။

အဝေးမှကြည့်လျှင် တောင်နှာခေါင်းပေါက်များမှ အခိုးအငွေ့များ ထွက်နေသကဲ့သို့ ထင်ရသည်။

ထိုတောင်မှာ သာမန်တောင်တော့ မဟုတ်ပေ။

နာမည်နှင့်လိုက်အောင် မိုးကြိုးစက်ကွင်းများ မကြာခဏကျရောက်သော နေရာလည်းဖြစ်သည်။

မိုးရာသီရောက်လည်း မကြာခဏဆိုသလို မိုးကြိုးကျလေ့ရှိပြီး နွေရာသီ ဆောင်းရာသီ များမှာလည်း ပညာပြိုင်ပွဲများရှိပါက မိုးကြိုးကျလေ့ရှိသည်။

နွေခေါင်ခေါင် မိုးကြီးကျသော နေရာဆို၍ ထိုနေရာသာ ရှိပေလိမ့်မည်။

နွေရာသီ ဆောင်းရာသီများတွင် မိုးကြီးကျရခြင်းမှာတော့ သဘာဝကြောင့်မဟုတ်ပဲ. . ပညာပြိုင်ပွဲများရှိသဖြင့် ကျရောက်ခြင်း ဖြစ်သည်။

ပညာပြိုင်ပွဲများမှာ အခြားမဟုတ်ပေ။

မှော်ပညာပြိုင်ပွဲ၊ စုန်းပညာပြိုင်ပွဲနှင့် နတ်ဆရာ ရွေးချယ်ပွဲ၊ ရွာလူကြီး ရွာခေါင်းဆောင် ရွေးချယ်ပွဲများအတွက် ပြိုင်ကြခြင်းဖြစ်သည်။

ကိုလိုနီခေတ်ဦးကာလနှင့် ၎င်းမတိုင်ခင်အချိန်က ထိုအရပ်ဒေသများမှာ လူသူအရောက်အပေါက်နည်းပြီး ခေါင်လှသော နေရာများဖြစ်ကြသည်။

မြေပြန့်ဘက်မှာ နေကြသူတို့ကလည်း အကြောင်းကိစ္စမရှိပါပဲနှင့် ထိုနေရာများသို့ မသွားကြသလို ထိုအရပ်ဒေသမှာ နေကြသူများကလည်း မြေပြန့်သို့ မဆင်းကြ. . မလာကြပေ။

ရှေးအခါက ထိုအရပ်ဒေသများတွင် နတ်ယုံကြည် ကိုးကွယ်မှုနှင့် စုန်းပညာ၊ မှော်ပညာတို့ကို ယုံကြည်မှု ရှိကြလေသည်။

ဘိုးဘွားအစဉ်အဆက်မှ ဆင်းသက်လာသော ထိုယုံကြည်မှုများမှာ နောင်လာနောက်သားများက ဆက်ခံခဲ့ကြသည်။

နတ်ယုံကြည်မှု တစ္ဆေသရဲ ဝိညာဉ်လောကနှင့် ပတ်သက်မှု. . ထို့အပြင် စုန်းပညာ၊ မှော်ပညာတို့ကိုလည်း ယုံကြည်





လိုက်စားမှု ရှိကြလေသည်။

ထိုအရပ်ဒေသမှာ နတ်ဆရာ မှော်ဆရာတစ်ယောက်အဖြစ်ရောက်ရန် မလွယ်ကူလှပေ။

နတ်ဆရာ၊ မှော်ဆရာ ဖြစ်ပြီးလျှင်. . ဘာမှလုပ်စရာမလိုတော့ပဲ ဆေးကုပေးခြင်း၊ နတ်နှင့်ဆိုင်သော တင်မြှောက်ပသပေးခြင်း၊ မကောင်းဆိုးဝါး သရဲသဘက်များကို နှင်ထုတ်ပေးခြင်း၊ ပယောဂနှိမ်နင်းပေးခြင်း စသောအလုပ်များကိုသာ လုပ်ပေးပြီး တစ်ရွာလုံးက ပေးကမ်းခြင်းကို စားသောက်ရသည်။

နတ်ဆရာက အလိုရှိလျှင် ကျွဲနွားစသည်တို့သာမက မိန်းမပျိုများကိုပါ သိမ်းယူနိုင်ကြသည်။ တစ်ရွာလုံးက နတ်ဆရာဆိုလျှင် အထူးလေးစား ကြောက်ရွံ့ကြရသည်။

နတ်ဆရာအပေါ် မရိုမသေ ပြုမိပါက၊ ၎င်းအား ဆန့်ကျင်မိပါက ကျိန်စာတိုက်ခြင်းအားဖြင့် နာဖျားခြင်း၊ ရုတ်တရက် ရောဂါဆိုးဝင်ခြင်း၊ မြွေဆိုး သားရဲတိရစ္ဆာန်တို့နှင့် တွေ့ခြင်း၊ သရဲသဘက် မကောင်းဆိုးဝါးများနှင့် တွေ့ကာ အသက်သေဆုံးမှုမျိုး ကြုံတွေ့ကြရသည်။

သို့ကြောင့် နတ်ဆရာကို မလွန်ဆန်ဝံ့ကြပေ။

နတ်ဆရာ အလိုကျ၊ သဘောကျ လိုက်လျောပေးရသည်။ ၎င်းအား ဝိညာဉ်လောကသားတို့၏ အရှင်သခင်အဖြစ်လည်း သတ်မှတ်ယုံကြည်ကြသည်။

ရှိုးသားသောဒေသခံများမှာ နတ်ဆရာကိုသာ ကြောက်ရွံ့ကြရသည် မဟုတ်ပေ။

နတ်ဆရာထံမှာ အမြဲတစေ လွယ်ထားသော မရဏ လွယ်အိတ်ဟုခေါ်သော ဆေးလွယ်အိတ်ကိုပါ ကြောက်ရွံ့ကြရသည်။

ထိုလွယ်အိတ်ထဲမှာ အစီအရင် ပြုလုပ်ရန်နှင့် ကျိန်စာတိုက်ရန်အတွက် ထည့်ထားသော ရုပ်တုအမျိုးမျိုး၊ အစိမ်းသေ၏အရိုး၊ တစူးဝါး၊ နတ်ကွန်းတိုင်၊ ခေါင်းတလားပျဉ် စသည်တို့ဖြင့် ထုလုပ်ထားသော မကောင်းဆိုးဝါး အရုပ်အမျိုးမျိုးတို့ ပါလေသည်။

ထို့ပြင် အစီအရင်ဖြင့် ဖော်စပ်ထားသော ဆေးများ၊ ကြိုး၊ ဓား၊ စုတ်တံ၊ ဖယောင်းတိုင် မီးခြစ်၊ သွေးလောင်းထားသော သံမှုန့်၊ စပါးလင်အမြစ်၊ (သွေးလောင်းပြီး စိုက်ထားသော စပါးလင်၏ အမြစ်ဆုံမှာ ဘီလူးမျက်နှာမျိုးကဲ့သို့ ရှိလေသည်)

ဂမုန်းဘီလူး၊ ကဝေသည်းခြေ စသော ဆေးပင်ဆေးမြစ်တို့ အစုံအလင် ပါလေသည်။

မရဏလွယ်အိတ်ထဲမှာပါသော ဆေးဝါးပစ္စည်းများ၊ အစီအရင် ပြုလုပ်ရာ၌ အသုံးပြုသော ပစ္စည်းများမှာ ရောဂါပျောက်ကင်းစေရန်အတွက်ထက် လူတို့ကို ဒုက္ခပေးစေနိုင်သည့် ကျိန်စာတိုက်ရာတွင် အသုံးပြုသော ပစ္စည်းက ပိုများလေသည်။

ဒေသခံများမှာ နတ်ဆရာထက် နတ်ဆရာအသုံးပြုသော မရဏလွယ်အိတ်ကို ပိုမိုကြောက်ရွံ့ကြသည်။ အချို့လည်း နတ်ဆရာ၊ မှော်ဆရာတို့ နှိပ်စက်သည်ကို ခေါင်းငုံ့ခံကြရသည်။ အချို့လည်း ၎င်းတို့ နှိပ်စက်သည်ကို မခံနိုင်သောကြောင့် အခြား





နေရာများဆီ ရွှေ့ပြောင်းသွားကြရသည်။

ထိုဒေသမှာ နေကြသူတို့မှာ နတ်ကို ယုံကြည်ကိုးကွယ်သူ များကြသည်။ ထို့နှင့် တစ်ဆက်တည်း စုန်းပညာ၊ မှော်ပညာကို့ကိုလည်း ယုံကြည်လက်ခံကြသည်။

ယောက်ျားတို့က မှော်ဆရာ၊ နတ်ဆရာ အလုပ်ကို စိတ်င်စားကြသလို မိန်းမများက စုန်းပညာ(အထူးသဖြင့် ပြုစား၍သောပညာ)ကို စိတ်ဝင်စားကြသည်။

ထိုပညာများ တတ်မြောက်လျှင် အခြားသူများက မနှိပ်က်ဝံ့ကြဟုလည်း ယုံကြည်ကြလေသည်။

ရွာတစ်ရွာတွင် နတ်ဆရာတစ်ဦး မှော်ဆရာတစ်ဦး၊ ါမှမဟုတ် စုန်းပညာ တတ်ကျွမ်းသူတစ်ဦးတော့ ရှိရသည်။

ယောက်ျားဖြစ်စေ၊ မိန်းမဖြစ်စေ၊ နတ်ဆရာ၊ မှော်ဆရာဖြစ်စေ၊ စုန်းပညာသည်ဖြစ်စေ၊ ရွာသူရွာသားတို့၏ လေးစားခြင်းကို ခံကြရသည်။

၎င်းတို့ကို လွန်ဆန်၍ မရပေ။

၎င်းတို့ ခိုင်းသမျှ လုပ်ပေးရသည်။

တောင်းသမျှ ပေးရသည်။

အစားအသောက် ရိက္ခာ စသည်တို့မှစပြီး လူကိုလိုချင်သဖြင့် တောင်းလျှင်လည်း ပေးရသည်။ မပေး၍ မရပေ။

ထွက်ပြေး၍လည်း မရပေ။ ရှေးခေတ်က သာဓက ရှိခဲ့ဘူးသည်။

တစ်ခါက ကဝေမြောင်ရွာ၌ ချင်းလူမျိုး သားအဖနှစ်

ယောက်ရှိသည်။

သမီးဖြစ်သူက ဆင်းရဲလှသော်လည်း ချောမောလှပသည်။ နတ်ဆရာက မြင်သောအခါ သဘောကျသဖြင့် တောင်းသည်။

သမီးကလည်း သဘောမကျ။

ဖခင်ကလည်း မပေးလိုပေ။

သို့ကြောင့် အကြောင်း အမျိုးမျိုးပြကာ အချိန်ဆွဲထားကြသည်။ ထိုအခြေအနေကို ရိပ်မိတော့ နတ်ဆရာက ကြိမ်းမောင်းပြောဆိုလေသည်။

"ငါ့သဘောကို ဆန့်ကျင်ရင် ကျိန်စာတိုက်ပစ်မယ်"

ထိုသို့ပြောပြီး မကြာမီ သူတို့နေသောနေရာသို့ သရဲသဘက်များ ရောက်လာပြီး ခြောက်လှန့်သဖြင့် မနေဝံ့ကြတော့သဖြင့် တောထဲသို့ ထွက်ပြေးကြသည်။

တောထဲရောက်တော့လည်း မလွတ်နိုင်ကြပေ။

သရဲတစ္ဆေများက. . နေရာအအနှံ့မှာ ရှိနေကြသောကြောင့် သားအဖနှစ်ယောက်စလုံး ကြောက်လန့်ကာ ချောက်ထဲခုန်ချသွားကြလေသည်။

နတ်ဆရာအချို့မှာ ဤကဲ့သို့ လူများကို ဒုက္ခပေးတတ်ကြသည်။

အချို့နတ်ဆရာ မှော်ဆရာတို့ကျတော့လည်း သဘောကောင်းသည်။

ရွာသူရွာသားများ နာမကျန်းဖြစ်လျှင် ဆေးကုပေးခြင်း၊





ရွာထဲသို့ မကောင်းဆိုးဝါးများ ဝင်ရောက်နှောင့်ယှက်လျှင် ဝင်ရောက်တားဆီးပေးခြင်း၊ ရိုးရာနတ်များ ပူဇော်ပသပေးခြင်း၊ ယဇ်ပူဇော်ပေးခြင်း၊ တစ္ဆေစာကျွေးခြင်း တို့ကိုသာ ဆောင်ရွက်ပေးကြပြီး အခြားနှောင့်ယှက်မှုမျိုး မပြုကြပေ။

နတ်ဆရာတစ်ယောက် ဖြစ်ဖို့ကလည်း မလွယ်လှပေ။

နတ်နှင့်သက်ဆိုင်သော အချက်များ၊ တစ္ဆေသရဲစသော မကောင်းဆိုးဝါးတို့နှင့် သက်ဆိုင်သော အချက်များ၊ နတ်ပူဇော်ခြင်း၊ ယဇ်ပူဇော်ခြင်း၊ ထို့ပြင် ရောဂါနှင့်သက်ဆိုင်သော အချက်များနှင့် သက်ဆိုင်ရာရောဂါတို့ကို ကုသပေးနိုင်သော ဆေးဝါးများ အကြောင်းကိုလည်း သိနားလည်ကြရသည်။

အထူးသဖြင့် နတ်ဆရာတစ်ဦးဘဝ ရောက်လာလျှင် အရေးအကြီးဆုံးမှာ တစ္ဆေသရဲစသော မကောင်းဆိုးဝါးတို့ကို နှိမ်နင်းနိုင်ရခြင်းပင်ဖြစ်သည်။

ထိုအရပ်ဒေသ၌ ထူးဆန်းသော ဓလေ့တစ်ခုရှိသည်။ မှော်ဆရာ နတ်ဆရာတို့မှာ တစ်ရွာမှာတစ်ယောက် တစ်နေရာ၌ တစ်ဦးသာ ရှိကြသော်လည်း ထို့ထက် အရေအတွက် ပိုလာပါက ပညာပြိုင်ကြရသည်။

ပညာပြိုင်သည်ဟု ဆိုရာမှာ ရှေးခေတ်ရှေးအခါက ပြသသော တစ္ဆေသရဲ ရုပ်ရှင်ကားများ၌ ပြသသော သရဲသဘက်များဖြင့် ပြိုင်ဆိုင်ကြသည်မျိုး မဟုတ်ပေ။

ထိုကဲ့သို့ မိမိတို့ ကျွေးမွေးထားသော တစ္ဆေ၊ သရဲသဘက်၊ ဘီလူးစသည်တို့ဖြင့် တိုက်ခိုက်သော အဆင့်မျိုးက နိမ့်

သည်။

၎င်းကို အောက်တန်းစား ပညာသည်များ တိုက်ခိုက်ကြသောအဆင့်ဟု သတ်မှတ်ကြသည်။

မှော်ဆရာ၊ နတ်ဆရာတို့ ပညာပြိုင်သော အဆင့်က ထိုသို့ မဟုတ်ကြပေ။

သူသေကိုယ်သေ ပြိုင်ကြရခြင်းမျိုး ဖြစ်သည်။

ရွာတစ်ရွာတွင် နတ်ဆရာဖြစ်စေ၊ မှော်ဆရာဖြစ်စေ၊ စုန်းပညာ တတ်ကျွမ်းသူဖြစ်စေ၊ ခေါင်းဆောင်ပြုလုပ်လိုပါက ထိုကဲ့သို့ ယှဉ်ပြိုင်ခြင်းမျိုး ပြုလုပ်ကြရသည်။

ထိုသို့ ယှဉ်ပြိုင်ပွဲ ပြုလုပ်ရန် သဘောတူပါက ထိုနှစ်ယောက်တို့မှာ မိုးကြိုးကျတောင်ထိပ်သို့ လာကြရသည်။

အများအားဖြင့်တော့ ထိုပြိုင်ပွဲမျိုးကို မိုးဦးကျ လေမိုးပြင်းထန်သော အချိန်နှင့် မိုးရာသီတို့တွင် ပြုလုပ်လေ့ရှိကြသည်။

တောင်ထိပ်ပေါ်သို့ မတက်မီ ရွာလူကြီး ရှေ့မှောက်မှာ ပညာဖြင့် အနိုင်အရှုံး ဆုံးဖြတ်ခြင်းကို ခံယူပါမည်ဟု ကတိသစ္စာ ပြုကြရသည်။

ပြီးမှ နှစ်သက်ရာ လက်နက်တစ်မျိုးမျိုးယူကာ တောင်ထိပ်ပေါ်သို့ တက်သွားကြသည်။

လက်နက်ဆိုသည်မှာ ဓားလှံစသော လက်နက်အပါအဝင် ဆေးဖြင့် စီရင်ထားသော လက်နက်များပါ ယူဆောင်သွားခွင့်ရှိသည်။

သို့သော် ထိုလက်နက်များဖြင့်တော့ တစ်ဦးနှင့်တစ်ဦး





တိုက်ခိုက်သတ်ဖြတ်ခြင်း မပြုကြရပေ။

တောင်ထိပ်ပေါ် ရောက်သည်နှင့် ပညာပြိုင်မည့်သူနှစ်ဦးမှာ ပေ(၅၀)ခန့်ခြားပြီး တစ်နေရာစီတွင် မျက်နှာချင်းဆိုင်ထိုင်ကြရသည်။

၎င်းတို့ အယူအဆမှာ အနိုင်အရှုံးကို သိကြားမင်းကသော်လည်းကောင်း၊ နတ်မင်းကြီး တစ်ပါးပါးကသော်လည်းကောင်း အဆုံးအဖြတ်ပေးမည်ဟု ယုံကြည်ကြသည်။

ပညာပြိုင်မည့်သူ နှစ်ဦးမှာ တောင်ထိပ်ပေါ်ရောက်ပြီး မိမိနှစ်သက်သောနေရာတွင် တစ်ဦးနှင့်တစ်ဦး ပေ(၅၀)ခန့် ခွာထိုင်ပြီး ဂါထာမန္တန်များ ရွတ်ဆိုကြလေတော့သည်။

မိုးကြိုးကျတောင်ထိပ်သို့ လူနှစ်ယောက်ရောက်ပြီး ထိုင်မိသည်နှင့် မိုးမှောင်ကြီး ကျလာတတ်သည်။

တိမ်ညိုတိမ်မဲများ တက်လာခြင်း၊ လေပြင်းများ တိုက်ခတ်လာခြင်း၊ လျှပ်စီးများ ဝင်းလက်လာခြင်း၊ ကြောက်စရာကောင်းသော မိုးခြိမ်းသံကြီးများ ကြားရလေသည်။

ထိုအခြေအနေမျိုးမှာပင် ကြောက်လန့်ပြီး.. တောင်အောက်သို့ ပြန်ဆင်းပြေးသူလည်း ရှိသည်။

ထိုလူမျိုးရှိလျှင် ရွာမှာပင် နေခွင့်မပေးကြပဲ.. တစ်ခါတည်း နှင်ထုတ်ပစ်ကြလေသည်။

တောင်ထိပ်ပေါ်သို့ လူနှစ်ယောက် ရောက်ကြပြီး နေရာယူပြီးသောအခါ.. ကောင်းကင်တစ်ခုလုံး မည်းမှောင်လာပြီးနောက် လျှပ်စီးများ ဝင်းလက်ကာ မိုးခြိမ်းသံများ အဆက်မပြတ်

ပေါ်ထွက်လာလျှင် မိုးကြိုးကျတောင်ထိပ်သို့ မကြာခင် မိုးကြိုးပစ်ချပေတော့မည်။

တောင်ခြေတစ်နေရာမှ စောင့်ကြည့်နေသော ရွာလူကြီး အပါအဝင် ရွာသူရွာသားများက မည်သူ့အပေါ်သို့ မိုးကြိုးသွား ကျမည်ကို စိတ်ဝင်စားကြလေသည်။

တောင်ထိပ်ပေါ်မှာ ရောက်နေကြသော ပညာပြိုင်သူနှစ်ဦးမှာလည်း မိမိတို့အပေါ်သို့ မိုးကြိုးသွား မကျရောက်စေရန် ဂါထာမန္တန်များ ရွတ်ဆိုကာ တားဆီးကြရပေသည်။

လေပြင်းများတိုက်ခြင်း၊ တစ်မိုးလုံး မှောင်မည်းလာခြင်း၊ လျှပ်စီးများလက်ခြင်း၊ မိုးခြိမ်းသံများ အဆက်မပြတ် ပေါ်ထွက်လာပြီဆိုလျှင်တော့ မကြာခင် မိုးကြိုးပစ်ချလေတော့သည်။

"ဂျိမ်း. . ဂျလိမ်း. . ."

ဟူသော ကျယ်လောင်လှသော မြည်ဟည်းသံကြီး ကြားရပြီးနောက်. . တောင်ထိပ်တစ်ခုလုံး ဝင်းလက်သွားတတ်လေသည်။

ထိုကဲ့သို့ မိုးကြိုးပစ်ချပြီးသည်နှင့် အခြေအနေက ပြန်လည်ကြည်လင်သွားတတ်လေသည်။

ထိုအခြေအနေမျိုးရောက်မှ တောင်ခြေမှာ စောင့်နေကြသော ရွာလူကြီးနှင့် ရွာသူရွာသားများက တောင်ထိပ်ပေါ်သို့ တက်ကြည့်ကြရလေသည်။

တောင်ထိပ်ပေါ် ရောက်လျှင်တော့. . ပညာပြိုင်သူ နှစ်ယောက်စလုံး လဲကျနေသည်ကို တွေ့ရတတ်သည်။





မိုးကြိုးသွား ထိသူက သေဆုံးနေပြီး ကျန်တစ်ဦးက ...ကြိုးစက်ကွင်းမိပြီး သတိမေ့နေခြင်းမျိုး ဖြစ်သည်။

ထိုအခါ. . သေဆုံးနေသူ အလောင်းကို တောင်ခြေသို့ ...ယ်ယူလာပြီး ကောင်းမွန်စွာသင်္ဂြိုဟ်ကာ သတိမေ့နေသူကို ...ုစုပေးကြသည်။

သတိပြန်ရသောအခါ ထိုသူကို နတ်ဆရာအဖြစ် အသိ...မှတ် ပြုကြရလေသည်။

တစ်ခါတစ်ရံလည်း နှစ်ယောက်စလုံး အသက်သေဆုံး...ားပြီး တစ်ခါတလေလည်း နှစ်ယောက်စလုံး အသက်မသေ...ြသည်မျိုးလည်း ရှိကြသည်။

ထိုသို့ မသေပါက သင့်တော်သော ရက်ရွေးပြီး နောက်...ပ်တစ်ကြိမ် ထပ်မံယှဉ်ပြိုင်ကြရသည်။

အချို့လည်း နှစ်ကြိမ်သုံးကြိမ် ယှဉ်ပြိုင်သည်အထိ အ...က်မသေကြပဲ ရှိကြသည့်အခါတွင် ၎င်းတို့ကို နတ်ဆရာနှစ်...ယာက်အဖြစ် အသိအမှတ် ပြုကြရလေသည်။

တကယ်တော့ မိုးကြိုးကျ တောင်ထိပ်မှာ သဘာဝလွန်...ူးဆန်းသော နေရာတစ်ခုပင် ဖြစ်ပေတော့သည်။





# အခန်း(၂)

# ပွလက်ပညာ ဓာတ်ပညာ

နီမောင်က အသက်(၂၀)ဝန်းကျင်သာ ရှိသေးသော လူရွယ်တစ်ဦးဖြစ်သည်။ ဖခင် ဦးဒီပက မြန်မာတစ်ဦးဖြစ်ပြီး မိခင် ဒေါ်ကျင်စာရီက ချင်းတိုင်းရင်းသူတစ်ဦးဖြစ်သည်။

သို့ကြောင့် ချင်းမြန်မာ ကပြားဆိုက မမှားပေ။

နီမောင်တို့ မိသားစုမှာ လေးယောက်ရှိသည်။

ဖခင် ဦးဒီပမှာ အသက်(၅၀)ကျော်ခန့်ရှိပြီး မိခင် ဒေါ်ကျင်စာရီမှာ (၄၅)နှစ်ခန့်သာ ရှိသေးသည်။

နီမောင်က အသက်(၂၀)အရွယ်သာ ရှိသေးပြီး ညီမဖြစ်သူ မြလေးရီက (၁၈)နှစ်ပင် မပြည့်သေးပေ။

သို့သော် မြလေးရီက ချင်းတိုင်းရင်းသူ သွေးပါသူ ဖြစ်သောကြောင့် ကိုယ်လုံးကိုယ်ထည် ဖွံ့ဖြိုးပြီး ရုပ်ရည်ချောမောလှပသူ ဖြစ်သည်။

၎င်းတို့မိသားစုမှာ ကဝေမြောင်ရွာ အစွန်ဘက်တွင် တဲအိမ်ကြီး တစ်လုံးဖြင့် နေထိုင်ကြသည်။

ခြေတံရှည် အိမ်အမျိုးအစားဖြစ်ပြီး အပေါ်သို့ရောက်အောင် လှေကားဖြင့် တက်ရသည်။

အောက်ဘက်မှာ တိရစ္ဆာန်များ မွေးထားပြီး အပေါ်မှာ လူနေထိုင်ကြသည်။

သူတို့အိမ်အောက်မှာ မွေးထားသော တိရစ္ဆာန်များက အမျိုးအစားစုံသည်။

ကျွဲ၊ နွား၊ သိုး၊ ဆိတ်၊ ဝက်၊ ကြက်၊ ဘဲ စသည်တို့ ဖြစ်ကြလေသည်။

ထိုတိရစ္ဆာန်များက ဗုဒ္ဓကျူးတက ဝယ်ယူစုဆောင်းထားခြင်းတော့ မဟုတ်ပေ။

နီမောင်ဖခင် ဦးဒီပက နတ်ဆရာတစ်ယောက်ဖြစ်သည်။ ဦးဒီပ နတ်ဆရာဖြစ်ရခြင်းမှာ ရာဇဝင်နှင့် ဖြစ်သည်။

ဦးဒီပက အောက်နယ်၌ နေစဉ်ကပင် ဆေးဝါးကုသခြင်းကို ဝါသနာပါသူဖြစ်သည်။

ဆေးပညာအပြင် ဓာတ်ပညာကိုပါ ဝါသနာပါသော





ကြောင့် တတ်ကျွမ်းသော ဆရာကြီးများထံတွင် လေ့လာသင်ယူခဲ့သဖြင့် အတော်အသင့် တတ်မြောက်ခဲ့လေရာ ရောဂါကုသနိုင်သော အဆင့်သို့ ရောက်ခဲ့လေသည်။

နောက်တော့ ချင်းပြည်နယ် နယ်စပ်နှင့် မဝေးလှသော ယောနယ်ဘက်အထိ လာရောက်ကာ ပယောဂနှင့် သက်ဆိုင်သော ပညာများ ပြုစားတတ်သော ပညာများအပြင် ပရလောကသားများနှင့် ပတ်သက်သော ပညာများကို ဆရာတစ်ဆူဖြစ်သည်အထိ သင်ယူခဲ့လေရာ တတ်မြောက်ခြင်းသို့ ရောက်လေသည်။

ထိုသို့တတ်မြောက်သောအခါ ပညာသင်ပေးသော ဆရာကြီးက အတွေ့အကြုံများ ရင့်ကျက်မှုရှိစေရန် ထိုနေရာများသို့ လှည့်လည်၍ ဆေးကုသစေရာ ဦးဒီပလည်း ယောနယ်မှ ချင်းပြည်နယ်ဘက်သို့ ရောက်ခဲ့လေသည်။

တစ်နေ့သ၌ ထိုနယ်ဘက်မှာရှိသော ရွာလူကြီးတစ်ဦးကို ဆေးကုပေးရင်းမှာ ရွာလူကြီး၏သမီး ကျင်စာရီနှင့် မေတ္တာသက်ဝင် ချစ်မိကြသဖြင့် လက်ထပ်ပြီး ထိုရွာမှာပင် နေခဲ့ကြသည်။

နောက်ပိုင်းမှာတော့ ဆေးဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုရင်းမှ ကဝေမြောင်ရွာသို့ ရောက်လာကြသည်။

သားဖြစ်သူ နီမောင်နှင့် သမီးဖြစ်သူ မြလေးရီတို့ မွေးဖွားပြီးသောအချိန်တွင် ဦးဒီပမှာ တစ်ရွာလုံးက အားကိုး

အားထားပြုကြရသော နတ်ဆရာတစ်ဦး ဖြစ်လာခဲ့လေသည်။ ထိုကဲ့သို့ နတ်ဆရာ ဖြစ်လာရသည်မှာလည်း လွယ်လွယ်ကူကူတော့ မဟုတ်ပေ။

သူမရောက်လာခင်က ထိုရွာမှာရှိနေသော နတ်ဆရာနှင့် ပညာအမျိုးမျိုးပြိုင်၍သော်လည်းကောင်း၊ မိုးကြိုးကျတောင်ထိပ်တွင် အဆုံးအဖြတ်ခံ၍သော်လည်းကောင်း၊ ယှဉ်ပြိုင်ခဲ့ပြီးမှ ဖြစ်လာခဲ့ရခြင်း ဖြစ်ပေသည်။

နောက်ပိုင်းမှာလည်း နတ်ဆရာ လုပ်လိုသူတို့နှင့် တွေ့ကြုံရကာ မိုးကြိုးကျတောင်ထိပ်တွင် အဆုံးအဖြတ်ခံကြရာမှာလည်း သူချည်းသာ အနိုင်ရခဲ့လေသည်။

တစ်ခုတော့ ရှိသည်။

ဦးဒီပက မြန်မာလူမျိုးတစ်ဦးဖြစ်ပြီး ဗုဒ္ဓဘာသာကို ယုံကြည်ကိုးကွယ်သူ ဖြစ်သည်။

သူသည် အခြားနတ်ဆရာများနှင့် ယှဉ်ပြိုင်သောအခါ ဆေးပညာချင်းပြိုင်လျှင်. . ဆေးပညာဖြင့်သာ ယှဉ်ပြိုင်သည်။ မကောင်းဆိုးဝါးများ သရဲသဘက်တို့နှင့် ယှဉ်ပြိုင်တိုက်ခိုက်လျှင် ယောနယ်မှ ဆရာကြီးသင်ပေးလိုက်သော ပညာရပ်များကို အသုံးပြုကာ အနိုင်ယူသည်။

နောက်ဆုံး အသက်ဖြင့်ရင်းပြီး ယှဉ်ပြိုင်ရသော မိုးကြိုးကျတောင်ထိပ်မှာ တက်ရောက်ပြီး ယှဉ်ပြိုင်ရာမှာတော့ တခြားပညာကို အသုံးမပြုပေ။

တောင်ထိပ်ပေါ် ရောက်ပြီး ယှဉ်ပြိုင်နေစဉ်အတွင်း





ကောင်းကင်ပေါ်မှ မိုးကြိုးစက်ကွင်း ကျရောက်မလာသေးသည့် အချိန်အတွင်းမှာ ဘုရားတရားကို အာရုံပြုနေလျက် ဘုရားစာ တရားစာများကိုသာ အာရုံပြုလျက် ရွတ်ဖတ်နေလေသည်။

ထို့ကြောင့်. . အကြိမ်ကြိမ် ယှဉ်ပြိုင်သည့်အခါတိုင်း သူ့ကိုယ်ပေါ်သို့ မိုးကြိုးသွား မကျရောက်ခဲ့ရုံ မကပဲ မိုးကြိုးစက်ကွင်းပင် ထိရောက်ခဲ့ခြင်း မရှိခဲ့ပေ။

ရွာသူရွာသားများကတော့ ဦးဒီပအား "မိုးကြိုးကွင်းသောဆရာ"ဟု ကင်ပွန်းတပ်ကာ များစွာယုံကြည်အားကိုးမှုပြုကြလေသည်။

နောက်ပိုင်းတော့ ဦးဒီပနှင့် ယှဉ်ပြိုင်ပြီး မိုးကြိုးကျတောင်ထိပ်မှာ ယှဉ်ပြိုင်မည့်သူ မပေါ်ဝံ့တော့သဖြင့် နှစ်ပေါင်းများစွာကြာအောင် ကဝေမြောင်ရွာတွင် နတ်ဆရာတစ်ဦးအဖြစ် လုပ်ကိုင်ခဲ့ရလေသည်။

ယခုအခါ နီမောင်ပင် အသက် (၂၀)အရွယ်သို့ ရောက်ခဲ့လေပြီ။ ၎င်းတို့ အိမ်အောက်မှာ မွေးထားသော တိရစ္ဆာန်မျိုးစုံတို့မှာ ဦးဒီပက ဆေးကုသပေးသဖြင့် အသက်ချမ်းသာရာ ရသူများက လာရောက်ပေးထားသော တိရစ္ဆာန်တို့ပင် ဖြစ်သည်။

၎င်းတို့ မိသားစုများမှာလည်း အခြားအလုပ်လုပ်စရာ မလိုပဲ ဆေးကုသခရသော ကောက်နှံစပါး၊ အသီးအနှံ၊ အမဲသားငါးများကို အလျှံပယ် ရနေကြသဖြင့် အခြားအလုပ်များ လုပ်စရာမလိုပဲ အေးအေးလူလူပင် စားသောက် နေနိုင်ကြသည်။

နတ်ဆရာ ဦးဒီပကို ရွာမှာနေထိုင်ကြသူ အများစုက

နှစ်သက်သဘောကျကြလေသည်။

အဘယ်ကြောင့်ဆိုသော်. . .

ရှေးကရှိခဲ့သော အခြားနတ်ဆရာများနှင့် မတူသောကြောင့်ပင် ဖြစ်ပေသည်။

အခြားနတ်ဆရာများက ဆေးကုပေးတာနည်းနည်း၊ ရွာသူရွာသားများအပေါ် နိုင်ထက်စီးနင်း ပြုလုပ်မှုက ပိုများသောကြောင့် ဖြစ်သည်။

၎င်းတို့ အလိုဆန္ဒကို မလိုက်နာလျှင် အတတ်ပညာများကို အသုံးပြုကာ နှိပ်စက်ခြင်း၊ ၎င်းတို့ ကျွေးမွေးထားသော သရဲသဘက်တို့ကို စေလွှတ်ပြီး ဒုက္ခပေးခြင်းများ ပြုလုပ်ကြသောကြောင့် ကြောက်ရွံ့မုန်းတီးကြသည်။

နတ်ဆရာ ဦးဒီပကတော့ ဆေးကုသပေးစရာ ရှိလျှင် အစွမ်းကုန် ကုသပေးသည်။

အကူအညီ ပေးစရာရှိလျှင် တတ်နိုင်သမျှ အကူအညီ ပေးသည်။ ထို့အတွက် ကာယကံရှင်များက တတ်နိုင်သမျှ ပေးသည်ကိုပင် မငြီးငြင်ပဲ လက်ခံယူသည်။

ထို့ပြင် အခြားသူများကိုလည်း ဘယ်သောအခါမှ ပညာဖြင့် နှိပ်စက်ခြင်း မပြုပေ။

ထို့ကြောင့်လည်း နတ်ဆရာ ဦးဒီပအား ယုံကြည်လေးစားကြခြင်း ဖြစ်သည်။

တောတောင်များထဲမှာ နေထိုင်ကြသော ချင်းတိုင်းရင်းသားတို့မှာ ရိုးသားကြသည်။





မြို့ပြတို့နှင့် အဆက်အသွယ် အလှမ်းဝေးသောကြောင့် အသိပညာ ဗဟုသုတ နည်းပါးကြသည်။

ယခု ဝတ္ထုဖြစ်ပေါ်လာသော အချိန်ကာလမှာ (၁၉၃၈) ခုနှစ်ဝန်းကျင်ပင် ဖြစ်သောကြောင့် ချင်းတောင်တန်းကြီးများပေါ်သို့ အသိပညာ အလင်းရောင်များ မရောက်သေး၊ မပြန့်နှံ့သေးပေ။

နတ်ယုံကြည်ကိုးကွယ်မှု လွှမ်းကဲခြင်း၊ စုန်းကဝေ ပယောဂတို့အပေါ် စိတ်ရောက်မှု များသောကြောင့် သာမန်သဘာဝရောဂါတစ်ခုခု ဖြစ်သည်ပင်လျှင် စုန်းပြုစားသည်၊ နတ်ဖမ်းစားသည်ဟုသာ ယုံကြည်ကြသည်။

ရောဂါအတွက် ဆေးသောက်ဖို့ထက် နတ်များ ကျေနပ်စေရန် တင်မြှောက်ပသခြင်းကိုသာ အာရုံထားတတ်ကြသည်။

ဦးဒီပက နီမောင်အား တစ်ဦးတည်းရှိသော သားဖြစ်သဖြင့် ၎င်း၏အမွေကို ဆက်ခံစေလိုသည်။

ဆေးပညာကိုတတ်မြောက်စေလိုသည်။ သူကဲ့သို့ ဆေးဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကာ လူအများကို ကူညီစောင့်ရှောက်ပေးစေလိုသည်။

ဒုက္ခတွေ့နေသူတို့ကို ကယ်တင်ပေးစေလိုသည်။

သို့ကြောင့် သူတတ်သောပညာများကို တဖြည်းဖြည်းနှင့် သင်ကြားပေးသည်။

ဆေးကုသွားလျှင်လည်း ခေါ်သွားလေ့ရှိသည်။

နီမောင်ကလည်း ငယ်ရွယ်စဉ်အခါကပင် ဆေးပညာ

ပယောဂပညာရပ်များအပြင်. . သူဖခင် အသုံးပြုသော ခာတ်ပညာကို စိတ်ဝင်စားလေသည်။

သို့ကြောင့် သေသေချာချာပင် လေ့လာမှတ်သားထားလေသည်။

"နီမောင် မင်း ဆေးဆရာအလုပ်ကို ဝါသနာပါသလား"

"ဝါသနာပါပါတယ် အဖေ"

"ဆေးဆရာဆိုတာ၊ ဆေးကုတတ်ရုံနဲ့ မရသေးဘူး၊ စေတနာကောင်းဖို့ကလည်း အရေးကြီးတယ်၊ ဆေးကုပေးတဲ့လူတွေအပေါ်မှာ စေတနာထားရတယ်၊ သူတို့ဆီက ဘာမျှော်လင့်ချက်မှ မထားရဘူး၊ ငွေရမှ ဆေးကုပေးတဲ့သူ၊ ငွေများများပေးနိုင်တဲ့မှ ကောင်းကောင်းဆေးကုပေးပြီး ငွေမပေးနိုင်လို့ဆင်းရဲနေတဲ့ လူမျိုးတွေဆိုရင် လှည့်တောင်မကြည့်ချင်တဲ့ ဆရာတွေလည်း ရှိတယ်၊ အဲဒီလို လူမျိုးတွေကို ဆရာလို့ မခေါ်ထိုက်ပေဘူး"

"ဟုတ်ကဲ့"

"ဆရာဆိုတာ အရာရာကို တတ်ကျွမ်းနားလည်တဲ့သူမှ ဆရာလို့ ခေါ်ကြတယ်၊ ဆေးဆရာတစ်ယောက် ဖြစ်တဲ့သူဟာ ဆေးမရှားဘူး၊ တောထဲမှာရှိတဲ့ သစ်ပင်တွေ၊ အသီးအပွင့် အမြစ်တွေဟာ ဆေးဖက်ဝင်တာချည်းပဲ"

"ဟုတ်ကဲ့"

"တခြားဆေးဖက်ဝင်တာတွေလည်း အများကြီး ရှိသေးတယ်၊ ဒါတွေ သိနားလည်ရင် ဆေးဆရာအတွက် ဆေးမရှား





ဘူး၊ ဒီတော့ မင်းအနေနဲ့ ဆေးဆရာတစ်ယောက် လုပ်ချင်ရင် ဒါတွေကိုသိအောင် လေ့လာသင်ယူထားရမယ်"

"ဟုတ်ကဲ့ပါ"

"ဆေးဆရာတစ်ယောက် ဖြစ်လာရင်လည်း စေတနာနဲ့ ကုပေးပါ၊ စေတနာနဲ့ ကုပေးလို့ စေတနာနဲ့ ပေးကျွေးတာကို ဘားရင် ဘာမှမဖြစ်ဘူး၊ ငွေအသပြာနဲ့ ကုပေးပြီး ရတာတွေကို ဘားရင်တော့ နောက်ဘဝရောက်တာနဲ့ ပြိတ္တာဘဝ မုချရောက်မှာပဲ"

နီမောင်မှာ ဖခင်ဖြစ်သူနှင့် အတူလိုက်ရင်း တစ္ဆေသရဲသောပရလောကသားတို့နှင့် မကြာခဏ တွေ့ရမြင်ရဖူးသည်။

ထို့ကြောင့် ပြိတ္တာဘဝ ရောက်ရမည်ကိုတော့ အလွန်ကြောက်လေသည်။

"ကျွန်တော် ဆေးဆရာ နတ်ဆရာတစ်ယောက် ဖြစ်လာခဲ့ရင် အဲဒီလိုမလုပ်ပါဘူး"

ဦးဒီပကတော့ သားဖြစ်သူက ထိုသို့ ကတိပေးသည်ကိုပင် သဘောကျနေလေသည်။

"နောက်တစ်ခုက. . . မင်းအနေနဲ့ ဆေးဆရာတစ်ယောက်ဘဝ ရောက်လာပြီဆိုရင် အနှောင့်အယှက်တွေ ပြိုင်ဘက်တွေနဲ့ မလွဲမသွေ တွေ့ရလိမ့်မယ်"

"ဘာတွေလဲဟင်"

"ဆရာတွေက ပညာစမ်းတာမျိုး၊ စုန်းကဝေတွေက ပညာစမ်းတာမျိုးတွေနဲ့ တွေ့ရလိမ့်မယ်၊ အဲဒါတွေကို မသိရင်

လည်း ဒုက္ခရောက်နိုင်တယ်၊ နောက်တစ်ချက်ကတော့ ပရလောကမှာရှိတဲ့ မကောင်းတဲ့ မိစ္ဆာတွေရဲ့ နှောင့်ယှက်မှုတွေကိုလည်း သိရတယ်"

"ဘယ်လို နှောင့်ယှက်မှုတွေလည်း အဖေ"

"ပရလောကသားတွေဆိုတာ သရဲသဘက်၊ တစ္ဆေ၊ ကျတ်၊ မှင်စာ၊ ဘီလူး၊ နတ်ဆိုးတွေ အပါအဝင်ပေါ့၊ တချို့ ပရလောကသားတွေက ကမ္မဇိဒ္ဓိတန်ခိုး မရှိပေမယ့် တချို့က ရှိကြတယ်၊ တန်ခိုးသိဒ္ဓိမရှိတဲ့ သရဲသဘက်တွေက ခြောက်လှန့်ရုံ ခြောက်လှန့်တတ်ကြပေမယ့်. . ကမ္မဇိဒ္ဓိရှိတဲ့ ပရလောကသားတွေကတော့ သူတို့ရဲ့ အစွမ်းနဲ့ လူကိုဒုက္ခပေးတတ်ကြတယ်"

"ဟုတ်ကဲ့"

"ဒီတော့ မင်း ဆရာတစ်ယောက် ဖြစ်လာတဲ့အချိန်မှာ တစ်ခု ဆင်ခြင်သင့်တာက ကိုယ့်မှာ အစွမ်းသတ္တိ ဘယ်လောက်ပဲရှိနေနေ ပရလောကသားတွေကို မနှိပ်စက်ရဘူး၊ အဲဒီလို နှိပ်စက်မိရင် ကိုယ်သာနေတဲ့အချိန်မှာ ဘာမှမဖြစ်ပေမယ့် ကိုယ့်ကံနိမ့်ပါးသွားတဲ့အချိန်ရောက်ရင် သူတို့ နှိပ်စက်တာကို ပြန်ခံရတတ်တယ်"

"ကျွန်တော် သတိထားပါမယ် အဖေ"

ထိုသို့ ပြောဆိုမှာကြားရင်းနှင့်ပင် ဆေးပင်နှင့် ပတ်သက်သောပညာများ ဆေးဝါးဖော်စပ်ပုံ၊ အသုံးပြုပုံများအပြင် ရောဂါ၏ အခြေခံ သဘောများကိုလည်း သင်ကြားပေးသည်။

ထို့ပြင် ယောနယ်ဘက်မှ သင်ကြားလာခဲ့သော စုန်းက





ဝေ ပယောဂများ ပြုစားခြင်းနှင့် ဆေးဝါးကုသခြင်းတို့ကိုလည်း သင်ပြပေးသည်။

ဖခင်ထံမှရသော ပညာများထဲတွင် ရောဂါဖြစ်နေသူကို မှန်ယာယ်သုံးပြီး ရောဂါပျောက်ကင်းအောင် ဆေးကုပေးရသော ပညာလည်း ပါသည်။

ထိုအရပ်ဒေသတစ်ကြောမှာ နေကြသူတို့မှာ အသိပညာနည်းပြီး ရိုးသားကြသည်။

သို့သော်. . စွဲလမ်းယုံကြည်မှု လွန်ကဲကြသည်။

ထိုလိုလူမျိုးနှင့်တွေ့လျှင် မျောက်နှင့် ခင်ပုပ်ဌက်တို့ထုံးနှလုံးမူပြီး ဆေးကုပေးရသည်မျိုးလည်း ရှိသည်။

တစ်ခါက ခင်ပုပ်ငှက်တစ်ကောင်မှာ အစာရှာထွက်ရင်းနှင့် နွားကျောင်းသားပစ်လိုက်သော လောက်စာလုံးက စအိုထဲသို့ ဝင်သွားသဖြင့် ဆေးဆရာ မျောက်ကို အထုတ်ခိုင်းသည်။

မျောက်က နွံ့ဖြင့်လုံးထားသော လောက်စာလုံး အရည်ပျော်စေရန် ရေထဲမှာ ဖင်ထိုင်ခိုင်းသည်။

လောက်စာလုံး ပျော်ကျသွားသော်လည်း ခင်ပုပ်ငှက်က မမြင်ရသဖြင့် စိတ်ထဲမှာ စနိုးစနောင့် ဖြစ်နေသေးသည်။ ထိုအခြေအနေကို ရိပ်မိသော မျောက်က နောက်တစ်ကြိမ် ရေစိမ်ခိုင်းပြီး လောက်စာလုံးနှင့် အရွယ်တူသော ဆီးဖြူသီးကို စအိုဝမှ ယူဟန်ပြုပြီး ပြတော့မှ ခင်ပုပ်ငှက်လည်း ဘဝင်ကျသွားလေတော့သည်။

ထိုကဲ့သို့ပင် ရိုးသားသူတို့ကို ဆေးကုရသည်မှာ တစ်ခါ

တစ်ရံ မလွယ်ပေ။

ပရိယာယ်သုံးပြီး ကုသပေးမှ ပျောက်ကင်းချမ်းသာသည်မျိုးလည်း ရှိသည်။

လူနာက ဆရာအပေါ်မှာ ယုံကြည်အားကိုးမှု ရရှိစေရန် သမားဂုဏ်ပြပြီး ကုသပေးရသည်လည်း ရှိသည်။

ထိုသို့ သမားဂုဏ်ပြရာမှာတော့ ဦးဒီပက တတ်ကျွမ်းသော ဓာတ်ပညာမှာ များစွာအသုံးတည့်လှပေသည်။

ဖယောင်းတိုင်မီးများ အလိုလို ထတောက်ခြင်း၊ ကြိုးစအဝတ်စများကို မြွေတစ်ကောင်ကဲ့သို့ အသက်ဝင်လာအောင် ပြုလုပ်ပြရခြင်း၊ လက်ဖွဲ့များ ပျောက်သွားခြင်း၊ ပြန်ပေါ်လာခြင်းဖြစ်အောင် ပြုလုပ်ပြခြင်း၊ ပဝါတစ်ထည်ကို မီးရှို့ပြီး လက်ထဲပြန်ရောက်လာအောင် ပြုလုပ်ပြခြင်း၊

ဆေးလုံးများ အရောင်တောက်ပလာခြင်း၊ လက်ဝါးပေါ်သို့ ရောက်လာခြင်း၊ အသက်သေနေသောကြက်ကို အသက်ပြန်ရှင်အောင် ပြုလုပ်ပြခြင်း. . စသော ဓာတ်ပညာလှည့်စားခြင်း (လက်လှည့်၊ မျက်လှည့်)ပညာတို့ကို အသုံးပြုပြီး ရောဂါသည်တကုသပေးမည့်ဆရာအား ယုံကြည်အားကိုးမှု ရရှိစေရန် ဦးစွာပြုလုပ်ပြီးမှ ဆေးကုသော အတတ်ပညာတို့ကို အသုံးပြု၍ ကုသပေးရသည်။

ထိုပညာရပ်များမှာ နှစ်နည်းအသုံးပြု၍ရသော ပညာရပ်များဖြစ်သည်။

အကျိုးရှိသောနေရာ၌ အသုံးပြု၍ရသလို လိမ်လည်





သော နေရာများမှာလည်း အသုံးပြုနိုင်ကြလေသည်။

အသိပညာ ဗဟုသုတနည်းသော နေရာများ၌ နေထိုင်ကြသူများကို လိမ်လည်ရန် အသုံးပြုသော နည်းများလည်း ပါဝင်လေသည်။

ဆေးဆရာက သမားဂုဏ်ပြပြီး လူနာယုံကြည်အားကိုးမှုရှိလာပြီး မိမိစေခိုင်းသမျှ လိုက်နာစေရန် အသုံးပြုကြသည် ဆိုသော်လည်း ကောက်ကျစ်သူများကတော့ ထိုပညာရပ်အချို့ကို အသုံးချကာ လိမ်လည်တတ်ကြသည်။

ထိုအကြောင်းနှင့် ပတ်သက်ပြီး သတင်းဂျာနယ်တစ်ခု၌ ဖော်ပြထားသော သတင်းတစ်ပုဒ်ကို စာဖတ်သူများ မဖတ်မိသေးပါက ဗဟုသုတရစေရန် ပြန်လည်ဖော်ပြပေးလိုက်ပါသည်။

ခေါင်းစဉ်မှာ 'မျက်လှည့်နည်းပညာများ အသုံးပြုလျက် လိမ်လည်မှုများ' ရှိနေဟူသော ခေါင်းစဉ်ဖြစ်သည်။

ပင်လယ်ကမ်းခြေ ရွာကလေးတစ်ရွာသို့ မိကျောင်းကွမ်းဖတ်ဝယ်ရန် လူတစ်ဦး ရောက်လာလေသည်။

ထိုသူမှာ တည်းခိုရန် အခက်အခဲရှိသောကြောင့် ငွေကြေးချောင်လည်သူတစ်ဦးက ၎င်းနေအိမ်မှာပင် တည်းခိုခွင့်ပြုထားလေသည်။

ညအချိန်ရောက်တော့. . သူသည် ဆရာတစ်ဦးဖြစ်ကြောင်း၊ ထိုအိမ်မှာ အတိုက်အခိုက် အနှောင့်အယှက် ပေးထားတာရှိကြောင်း၊ မယုံကြည်က သက်သေပြမည်ဖြစ်ကြောင်း ပြောပြီး ဘဲဥတစ်လုံးကို အများရှေ့မှာ ခွဲပြရာ အကာအနှစ်များနှင့်

အတူ ဆံပင်များ ပါလာသည်ကို တွေ့ကြရသည်။

ထို့ပြင် မီးထွန်းထားသော ဖယောင်းတိုင်ကို မီးငြိမ်းပြီးမှ လက်ဖြင့်တောက်ရုံဖြင့် မီးတောက်ခြင်း စသော အစွမ်းများ ပြသသဖြင့် အိမ်ရှင်များက ယုံကြည်ကြသည်။

ထို့နောက်မှာတော့ အိမ်မှာရှိသော အနှောင့်အယှက်များ ဖယ်ရှားပေးရန် ငွေငါးသောင်းပေးကာ အပ်နှံလေသည်။

ထိုသူက. . .

“အရေးကြီးတဲ့ အစီအရင် လုပ်ရမှာဆိုတော့ ည(၁၂)နာရီကနေ နောက်တစ်နေ့ နေ့လည်(၁၂)နာရီအထိ အခန်းထဲမှာ နေရမယ်၊ ညအချိန်ရောက်ရင်. . ဘာအသံကြားကြား ထမကြည့်ကြပါနဲ့”

ဟု မှာထားကာ အခန်းထဲ ဝင်သွားလေသည်။

ညအချိန်ရောက်တော့. . တံခါးဖွင့်သံ၊ ခြေသံ၊ ခွေးဟောင်သံများ ကြားသော်လည်း ဆရာက မှာထားသောကြောင့် အိမ်ရှင်များက ထမကြည့်ဝံ့ကြပေ။

နောက်တစ်နေ့ အခန်းထဲမှ ပြန်ထွက်မလာတော့မှ ဝင်ကြည့်ကြရာ ဆရာလိမ်ကို မတွေ့ရတော့ပေ။

ထိုလိမ်နည်းမှာ ဘဲဥကို အပ်ဖြင့်ဖောက်ပြီး ဆံပင်ရှည်ကို စိတ်ရှည်လက်ရှည် ကြိုတင်ထည့်ထားပြီး အပေါက်ကို ပြန်ပိတ်ထားခဲ့ကြောင်း. . .

မီးငြိမ်းသတ်ပြီးမှ ပြန်ကောက်စေခြင်းမှာ ကန့်ဆီကို အသုံးပြုခြင်း ဖြစ်သည်။





ကန့်ဆီသုတ်ထားသောမီးစာကို လေဖြင့် ယပ်ခတ်ပေးပါက အလိုလို မီးတောက်စေသည်။

သို့ကြောင့် ဆရာက မီးစာကို လေရစေရန် လက်ဖြင့်ယပ်ပေးလိုက်ခြင်းပင် ဖြစ်ပေသည်။

ထိုပညာများက မသိသူများအတွက် အထူးအဆန်းဖြစ်သာ အံ့ဩဖွယ်ရာ ဖြစ်သော်လည်း ရှေးကတည်းကပင် ဆရာကြီးများ အသုံးပြုခဲ့ကြသော မျက်လှည့်ပညာတစ်မျိုးသာ ဖြစ်ပေသည်။





# အခန်း(၃)

# ထူးကျင်းထဲမှ ငါးဖမ်းသမား

မြန်မာနိုင်ငံ၏ အရှေ့ဘက် အနောက်ဘက်နယ်နိမိတ်များ တစ်လျှောက်တွင် တောင်နှင့်မြောက် သွယ်တန်းလျက်ရှိသော တောင်မြင့်ကြီးတို့က ဝန်းရံကာဆီး ထားကြလေသည်။

အရှေ့ဘက်တွင် ရှမ်းရိုးမဟုခေါ်သော. . အရှေ့ရိုးမတောင်တန်းကြီးများရှိသလို၊ အနောက်ဘက်မှာလည်း အနောက်ရိုးမဟုခေါ်သော ကသည်းတောင်တန်း၊ နာဂတောင်တန်း၊ ချင်းတောင်တန်းကြီးများက ကာဆီးထားကြလေသည်။

ချင်းတောင်တန်း၊ နာဂတောင်တန်းကြီးများမှာ အချို့ အမြင့်ပေ တစ်သောင်းကျော် ရှိကြကာ၊ အချို့တောင်တန်းကြီးများမှာ ပေနှစ်သောင်းနီးပါးအထိ အမြင့်ပေ ရှိကြသည်။

ရှေးအခါက ထိုတောင်တန်းကြီးများပေါ်မှာ သစ်တောဝါးတောကြီးများက နေပြောက်မထိုးအောင် ရှိခဲ့ကြပြီး သဘာဝသယံဇာတ ပေါကြွယ်ဝသောနေရာများ ဖြစ်ခဲ့ကြသည်။

တောင်ယာစိုက်ခင်းများ၊ လက်ဖက်ခင်း၊ ဘိန်းခင်းများ၊ စိုက်ပျိုးဖြစ်ထွန်းရာ နေရာလည်း ဖြစ်သည်။

နာဂတောင်တန်းကြီးများပေါ်မှာ နာဂအမျိုးအနွယ်များစွာတို့ နေထိုင်ကြပြီး ချင်းတောင်တန်းကြီးများ ပေါ်မှာလည်း ချင်းလူမျိုးစုတို့ နေထိုင်ကြလေသည်။ ချင်းလူမျိုးတို့မှာလည်း ခလေ့စရိုက်မတူသူများ ရှိကြလေသည်။

ကဝေမြောင် ရွာမှာလည်း လူမျိုးအတော်များများ စုဝေးနေကြသော်လည်း ငုံချင်းအမျိုးအနွယ်တို့က ပိုများလေသည်။

ချင်းလူမျိုး အများစုမှာ တောထဲတွင် အမဲလိုက် ကျွမ်းကျင်ကြသည်။

လေးမြားအတတ်ပညာ ကျွမ်းကျင်ကြသည်။ အဆိပ်ဖော်စပ်ရာတွင် လိမ္မာကြသည်။

ထို့ပြင် အဆိပ်အမျိုးမျိုး ဖော်စပ်ပြီး လိုသောနေရာတို့တွင် အသုံးပြုနိုင်ကြသည်။

ငုံချင်းများကတော့ အခြားချင်းလူမျိုးများထက် ငါးဖမ်း





သောပညာတွင် ပိုမိုတတ်ကျွမ်းကြသည်။

ငါးဖမ်းထွက်ရာတွင် တစ်ဦးချင်း၊ နှစ်ဦးချင်း သွားကြသည်လည်း ရှိသည်။ တစ်ရွာလုံး စုပေါင်းပြီး သွားကြသည်လည်း ရှိကြသည်။

၎င်းတို့နေထိုင်သော ပတ်ဝန်းကျင်တစ်ဝိုက်မှာ တောင်မြင့်ကြီးများ ပေါ်များသကဲ့သို့ လျှိုမြောင်ချိုင့်ဝှမ်းများလည်း ပေါသည်။

ရေတံခွန်များနှင့် ထိုမှစီးကျသော လမ်းကြောင်းတစ်လျှောက်တွင်ရေစီးကြောင်းများ၊ စမ်းချောင်းများ၊ ချောင်းများ ရေအိုင်များစွာတို့ များစွာရှိသည်။

ထိုရေအိုင်များထဲမှာ ငါးများရှိသည်။

ပုဇွန်များ ရနိုင်သည်။

အချို့ရေအိုင်ကြီးများမှာ တောင်မြင့်ကြီးများ အလယ်တွင်ရှိကာ ရေကန်ကြီးများသဖွယ် ရှိနေတတ်သည်။

အချို့ရေအိုင်များထဲတွင် ဗုံသဏ္ဌာန်အမျိုးမျိုးရှိသော ငါးမျိုးစုံတို့ ရှိကြသည်။

အချို့ရေအိုင်ထဲတွင်. . ရေအောက်၌ ထူးကျင်းကဲ့သို့ ကျယ်ဝန်းသော လိုဏ်ခေါင်းပေါက်ကြီးများ ရှိသည်။

ထူးကျင်းဟုခေါ်သော ရေအောက်၌ရှိသော လိုဏ်ခေါင်းများထဲတွင် ထူးဆန်းသောငါးများ ရှိကြသည်။

ထိုရေအိုင်များထဲတွင် နေကြသော ငါးများမှာ ၎င်းတို့၏ မူလအမည်များ ရှိကြသော်လည်း ထိုအမည်များ ပပျောက်နေပြီး

ဒေသခံတို့ ပေးထားသော အမည်တို့ကိုသာ ခေါ်ဝေါ်သုံးစွဲကြသည်။ ၎င်းတို့ပေးထားသော အမည်တို့မှာလည်း ကြောက်စရာကောင်းသည်။

ငါးဘီလူး၊ ငါးကျား၊ ငါးဆင်၊ ငါးသရဲဟူ၍ ပေးထားကြခြင်းဖြစ်သည်။

ဥပမာရေးရလျှင် ဦးခေါင်းကြီးပြီး ပုံပန်းသဏ္ဌာန်ဆိုးကာ ပါးစပ်ထဲမှာ ချွန်ထက်သောသွားနှင့် အစွယ်များပါသောငါးကို ငါးဘီလူးဟုခေါ်သည်။

ထိုသို့ခေါ်ရာမှာလည်း အကြောင်းရှိသည်။

ထိုငါးများမှာ အုပ်စုလိုက်နေပြီး လူနှင့် တိရစ္ဆာန်များကို ဝိုင်းဝန်းကိုက်ဖြတ် စားသောက်ကြလေ့ရှိသည်။

လူတစ်ယောက် တိရစ္ဆာန်တစ်ကောင်ကို မိနစ်ပိုင်းအတွင်း အရိုးစုဘဝရောက်အောင် ကိုက်ဖြတ်စားသောက်နိုင်သောကြောင့် လူသားစားငါး၊ ငါးဘီလူးဟု ခေါ်ကြခြင်း ဖြစ်သည်။

ထိုငါးများမှာ အုပ်စုလိုက်နေပြီး ဖမ်းဆီးရတာ လွယ်ကူသည်ကတစ်ကြောင်း ငါးအသားမှာ အရသာရှိလှသဖြင့် ငါးမြားတံ၊ မြှူး စသည်တို့ဖြင့် ဖမ်းယူစားသောက်ကြသည်။

ချင်းရွာများမှာ နေကြသူများမှာ မကြာခဏဆိုသလို အုပ်စုလိုက် ငါးဖမ်းထွက်ကြသည်။

မိန်းမပျိုများက အဖော်စုပြီး သွားကြသလို ယောကျ်ားလေးများကလည်း အဖော်စုပြီး သွားကြသည်။

ထိုသို့ လူစုပြီး ငါးဖမ်းရခြင်းမှာ အန္တရာယ်ကင်းသည်တ





ာစ်ကြောင်း၊ လူများများနှင့် ဝိုင်းဖမ်းပါက ငါးအရများသောကြောင့် ဖြစ်သည်။

ယခုလည်း ကဝေမြောင်ရွာမှ မိန်းမပျိုအုပ်စုများရောယောကျ်ားလေးများပါ ငါးဖမ်းသွားကြလေသည်။

၎င်းတို့သွားသောနေရာမှာ တောင်မြင့်ကြီးများရှိသောနေရာအလယ်၌ရှိသော ရေအိုင်ကြီးအတွင်းသို့ ဖြစ်သည်။

ထိုရေအိုင်ကြီးမှာ ကျယ်လှပြီး ရေစူးလည်း နက်သည်။ အချို့နေရာများတွင် ထူးကျင်းကြီးများလည်း ရှိသည်။ အကောင်ကြီးသော ငါးကြီးများက ထိုကျင်းကြီးများထဲတွင် ခိုအောင်းနေလေ့ရှိသည်။

ထိုရေအိုင်ကြီး၌ ငါးဖမ်းရာတွင် လှေရှိဖို့လိုသည်။ လှေမရှိ၍ ကမ်းစပ်မှ ဖမ်းနေရင်တော့ ငါးရဖို့ မသေချာပေ။

သို့ကြောင့် ယောကျ်ားလေးများက လှေတစ်စင်းစီတော့ ထွင်းထားရသည်။

ပင်လယ်ဘက်မှာ နေကြသော ဆလုံများအတွက်ကာန်းလှေတစ်စင်းရှိမှ ဖြစ်သလို၊ ထိုရေအိုင်မှာ ငါးဖမ်းလိုသူတို့မှာလည်း လှေတစ်စင်းရှိမှပင် အဆင်ပြေသည်။

လှေရဖို့ကလည်း သူတို့အတွက်တော့ မခက်ခဲလှပေ။

အောက်နယ်အရပ်မှာ အသုံးပြုသော လှေသမ္ဗန်များကဲ့သို့ ပျဉ်ပြားချပ်များဖြင့် စပ်သည်မျိုး မဟုတ်ပေ။

အရွယ်တော် ကျွန်းတစ်ပင်ကို လှဲပြီး အရင်းအဖျားဖြတ်သည်။

ပြီးလျှင် လှေဝမ်းပြုလုပ်မည့် နေရာကို ကပ်ပါး(ရဲခင်း) ဖြင့် ခွေ၍သော်လည်းကောင်း၊ မီးရှို့၍သော်လည်းကောင်း ပြုလုပ်၍ လှေပုံဖော်ကြခြင်း ဖြစ်သည်။

ထိုအရပ်မှာ နေကြသူတိုင်း လှေတစ်စင်းတော့ ပြုလုပ်တတ်ရသည်။

ယောက်ျားပျိုများက တောထဲ၌ အမဲလိုက်ရန်အတွက် လေးမြားလက်နက် အဆိပ်တို့ကို ကိုယ်တိုင်ပြုလုပ်နိုင်ရသလို ရေထဲ၌ ငါးဖမ်းဖို့အတွက်လည်း လှေတစ်စင်းတော့ ကောင်းစွာ ပြုလုပ်နိုင်ကြသည်။

ဒါမှ . . မိန်းမပျိုတို့၏ အထင်ကြီးခြင်း၊ အရေးပေးခြင်းများကို ရရှိကြလေသည်။

ယခုရက်ပိုင်းအတွင်းမှာ ၎င်းတို့ရွာများမှ အသုံးပြုသောချင်းသချိုင်းတွင် နတ်များ၊ တစ္ဆေသရဲများကို ကျွေးမွေးရသော တစ္ဆေကြီးပွဲ၊ ခေါစာကျွေးပွဲ ရှိလေရာ၊ ထိုအတွက် ငါးဖမ်းထွက်လာကြခြင်း ဖြစ်ကြလေသည်။

ကဝေမြောင်ရွာမှ လူများအပြင် အခြားရွာမှ ယောက်ျားပျို၊ မိန်းမပျိုတို့လည်း ပါကြရာ. . တောထဲရောက်တော့ လူအတော်များများ တွေ့ကြရသည်။

တောထဲမှာတွေ့သောအခါ စကြ၊ နောက်ကြ၊ ထိကပါးရိကပါး ပြောဆိုရင်းနှင့် သွားကြရာ ပျော်စရာကောင်းလှသည်။

တစ်နည်းပြောရလျှင် ထိုကဲ့သို့စုပေါင်းပြီး သွားကြခြင်းမှာ လူပျိုအပျိုတို့ လွတ်လွတ်လပ်လပ် တွေ့ခွင့်ရပြီး. . ပြောချင်





သည့်စကားကို လွတ်လွတ်လပ်လပ် ပြောခွင့်ရသော အချိန်လည်း ဖြစ်ပေသည်။

တောင်တန်းများပေါ်မှာ နေထိုင်ကြသော လူမျိုးအသီးသီး ရှိကြလေရာ ဓလေ့စရိုက်ချင်းလည်း မတူပေ။

နာဂဟု ဆိုသော်လည်း ပင်မမျိုးနွယ်ကြီး လေးမျိုးမှ ခွဲထွက်သွားရာ မျိုးနွယ်ပေါင်းများစွာ ရှိလာရာ ဓလေ့စရိုက်များလည်း ကွဲပြားသွားသည်။

ရှေးခေတ်အခါက လူပျိုအပျိုတို့ အရွယ်ရောက်လျှင် မိဘအိမ်မှာ မနေပဲ လူပျိုဆောင် အပျိုဆောင်မှာ သွားနေရင်း အတူတူအိပ်စက်ကြသည့် ဓလေ့များပင်ရှိသည်။

အတူတူနေကြည့်ပြီးမှ သဘောချင်း မတိုက်ဆိုင်လျှင် လက်ထပ်သည်အထိ မရောက်တော့ပေ။

ယခုလည်း ထိုကဲ့သို့ပင် ဖြစ်သည်။

ငါးရှာရန် ထွက်လာကြသည့်အခိုက် တောထဲမှာ တွေ့ကြစဉ်. . ယောက်ျားပျိုများက မိန်းမပျိုတို့ကို ချစ်စကား၊ ကြိုက်စကား ပြောကြသည်။

ထိုသို့ ပြောလာလျှင် မည်သည့်မိန်းမပျိုကမှ စိတ်မဆိုးပဲ လက်ခံသည်. . မခံသည်. . ပြန်ပြောရုံသာ ရှိတော့သည်။

သို့ကြောင့်လည်း ထိုကဲ့သို့ သွားလာရသော အခွင့်အရေးမှာ ယောက်ျားပျို မိန်းမပျိုတို့အတွက် အခွင့်အရေး တစ်ခုကဲ့သို့ ရှိနေလေတော့သည်။

ငါးဖမ်းသောနေရာသို့ သွားကြရာတွင် တောတောင်

များထဲမှ ဖြတ်သွားကြရာမှာတော့ ကိုယ့်အဖွဲ့နှင့်ကိုယ် ကိုယ့်အစုနှင့်ကိုယ် သွားကြသည်။

ထိုအဖွဲ့များတွင် မြဝင်းသူတို့ အဖွဲ့လည်း အပါအဝင်ဖြစ်သည်။

မြဝင်းသူနှင့်အတူ မာလာနှင့် ဂေါင်နန်းတို့ နှစ်ယောက်လည်း အဖော်ပါသေးသည်။

သူတို့သုံးယောက်မှာ သက်တူရွယ်တူများ ဖြစ်ကြပြီး ရုပ်ရည်ချောကြပြီး ကိုယ်လုံးကိုယ်ထည် လှပကြသည်။

မြဝင်းသူက အသက်(၁၉)နှစ်အရွယ် ခန့်ရှိပြီး. . ချင်းမြန်မာ ကပြားဖြစ်သည်။

ဖခင်က ကဝေမြောင်ရွာလူကြီး ဇမုန်းထန်ဖြစ်ပြီး မိခင်က ဒေါ်နန်းထု ဖြစ်သည်။

သို့ကြောင့် မြဝင်းသူက ရှမ်းသွေး မြန်မာသွေးနှင့် ချင်းသွေး ရောစပ်နေသူ ဖြစ်သည်။

ဒေါ်နန်းထုက ရှမ်းသွေးပါသူဖြစ်ပြီး ဇမုန်းထန်က ချင်းမြန်မာသွေး ပါသူဖြစ်သည်။

ထို့ကြောင့် မြဝင်းသူမှာ မိခင်နှင့် ဖခင်သွေးတို့ ရောနှောနေသူ ဖြစ်သဖြင့် တသွေးတမွေးနှင့် ချောမောလှပသူ ဖြစ်နေလေသည်။

သို့သော် မြဝင်းသူက ရုပ်ချောသလောက် သဘောထားက မနူးညံ့ပေ။

စိတ်မာပြီး ဒေါသကြီးတတ်သူဖြစ်သည်။





ဖခင်က ရွာလူကြီးတစ်ယောက် ဖြစ်နေသည်သာမကပဲ
းပွားရေး အခြေအနေကလည်း ကောင်းသည်။

ဆွေမျိုးသားချင်း အသိုင်းအဝိုင်းကလည်း ကောင်းသည်။ ထို့ကြောင့် မည်သူကမှ မထိဝံ့ပဲ၊ ဆူးကြားက ပန်းတစ်ပွင့်မှာ ရှိနေခြင်းဖြစ်၏။

"မြဝင်းသူ ငါးဖမ်းမယ့်နေရာရောက်ရင် နင် ဘယ်သူ့
လှေနဲ့ လိုက်မှာလဲ"

မာလာက မေးလိုက်သည်။

"မသိသေးပါဘူး၊ ဟိုနေရာရောက်မှ အခြေအနေကြည့်
း လိုက်ရမှာပဲ၊ ဘာဖြစ်လို့လဲ"

"ရေစပ်ရောက်ရင် နင့်ကို ခေါ်ချင်တဲ့လူတွေက များနေ
ို့ မေးကြည့်တာပါ"

"သူတို့လှေနဲ့ လိုက်သွားရင် ငါးမဖမ်းပဲ ရည်းစားစကား
ပြောနေတော့. . ငါးမရပဲ နားငြီးတာပဲ အဖပ်တင်တယ်"

မြဝင်းသူ စကားကြောင့် ကျန်နှစ်ယောက်က သဘော
ကျစွာ ပြုံးလိုက်ကြသည်။

လှေရှိသော ယောကျ်ားလေးများက သူတို့ ပိုးပန်းနေ
သော သဘောကျသော မိန်းကလေးကို လှေပေါ်ခေါ်တင်သွား
လေ့ရှိသည်။

ထိုမိန်းကလေးက သဘောမတူ လက်မခံတော့မှ အ
ခြားလိုက်လိုသည့် မိန်းမပျိုတစ်ယောက်ကို ခေါ်တင်သွားရလေ
သည်။

လှေပေါ်မှာ ပါလာပြီဆိုရင်တော့. . ယောက်ျားပျိုက မိန်းမပျိုကို ချစ်ခင်နှစ်သက်နေလျှင် ပြောလိုသော ချစ်စကား ကြိုက်စကား ပြောခွင့်ရှိသည်။

မိန်းကလေးဘက်က သဘောမကျ. . မနှစ်သက်ရင် တောင်မှ သူပြောသမျှကိုတော့ နားထောင်ပေးရသည်။

သဘောတူလျှင်တော့ လှေကို လူသူဝေးသောနေရာ လှော်သွားပြီးနောက် ချစ်သူနှစ်ဦး သဘောကျသလို နေနိုင်ခွင့်ရှိ သည်။ လှေပေါ်မှာတော့ မိန်းမပျိုက လှေနောက်ဘက်မှ လှော် တက်ဖြင့် လှေလှော်ပေးရသည်။

လိုသောနေရာရောက်အောင် ပဲ့ကိုင်ပေးရသည်။

လှေဦးမှာရှိသော ယောက်ျားပျိုက သူကျွမ်းကျင်သော ငါးဖမ်းကိရိယာဖြင့် ငါးဖမ်းရသည်။

ထိုသို့ ငါးဖမ်းရာမှာတော့ ပိုက်၊ မြှား၊ ငါးမျှား၊ မှိန်း. . စသည်တို့ အသုံးပြုကာ ငါးရအောင် ဖမ်းကြသည်။

အချို့သတ္တိကောင်းပြီး ရေငုပ်သန်သူတို့ကတော့ ရေ အောက်သို့ငုပ်ပြီး ငါးတွေ့ပါက မှိန်းဖြင့် ထိုးဖမ်းလေ့ရှိကြသည်။ ရေအောက်ငုပ်ပြီး ငါးဖမ်းသောနည်းကတော့ အန္တရာယ်များသ ဖြင့် တော်ရုံမလုပ်နိုင်ကြပေ။

ရလာသော ငါးများကိုတော့ လှေပေါ်မှာပါသူ အချင်း ချင်း အညီအမျှ ခွဲဝေယူကြရသည်။

ထိုကဲ့သို့သော ငါးဖမ်းနည်းမှာ ဘဝခရီးကို မောင်တစ် ထမ်းမယ်တစ်ရွက် လျှောက်ကြမည်ဟု ရည်စူးထားကြသူများအ





က် တစ်ဦးသဘောကို တစ်ဦးကသိစေရန် ကြိုတင်လေ့လာ ခြင်း ဆိုပါကလည်း မှားမည်မထင်ပေ။

မြဝင်းသူတို့သုံးယောက်မှာ စကားတပြောပြောနှင့် လျှောက်လာကြရာ အတော်ကြာတော့ ရေအိုင်အစပ်ကို ရောက် ကြသည်။

ထိုနေရာတစ်ဝိုက်မှာတော့ အချို့ရောက်နေကြပြီး. . ားပြောသံများ ကြားနေရသည်။

ကမ်းစပ်မှာ အချို့ရှိနေသေးပြီး အချို့အဖော်ရပြီးသော သူအချို့ကတော့ ငါးဖမ်းရန်အတွက် ထွက်သွားကြသည်။

မြဝင်းသူ ဆင်းလာတာမြင်သောအခါ နီမောင်က အ းရောက်လာပြီး မေးသည်။

"မြဝင်းသူ နင် ငါ့လှေနဲ့ လိုက်မလား"

"နင့်မှာ လှေရှိလို့လား"

"ရှိတယ်"

"ဘယ်သူ့လှေ ငှားထားတာလဲ"

ထိုသို့ အမေးခံရသဖြင့် နီမောင်မှာ မျက်နှာတစ်ချက် ပျက်သွားလေသည်။

"နင်က ဆေးဆရာ လုပ်မယ့်သူဆိုတော့ ဒီအလုပ်မျိုး တွေ လုပ်တတ်လို့လား၊ နောက်ပြီး ငါးရအောင်ကော ဖမ်းနိုင်လို့ လား၊ နင်နဲ့လိုက်ပြီးမှ ငါးတစ်ကောင်မှမရပဲ ပြန်ရရင် ရှက်စရာ ဖြစ်နေလိမ့်မယ်"

ထိုစကားကြောင့် မာလာနှင့် ဂေါင်နန်းတို့ နှစ်ယောက်

ပင် မျက်နှာပူကာ နီမောင်ကို အားနာသွားလေသည်။

"နင်ကလည်း အထင်သေးလိုက်တာ"

ထိုသို့ ပြောနေစဉ်မှာ နီမောင်၏ ညီမဖြစ်သူ မြလေးရီ က အနားရောက်လာသည်။

"နင် ဘယ်သူနဲ့မှ လိုက်မသွားဘူးလား"

မြလေးရီက ခေါင်းခါပြသည်။

"အစ်ကိုရော အဖော်ရပြီလား"

နီမောင်က ခေါင်းခါပြသည်။

"ဒါဖြင့် ငါတို့ မောင်နှမပဲ၊ အတူတူသွားကြတာပေါ့"

ဟုပြောဆိုကာ နီမောင်နှင့် မြလေးရီတို့နှစ်ယောက် ကမ်းစပ်ဘက်သို့ ဆင်းသွားကြလေတော့သည်။

ထိုအခါမှ ဂေါင်နန်းက ပြောသည်။

"နင်ကလည်း နီမောင်ကို အထင်သေးလိုက်တာ၊ နင် ပြောနေတာကြားတော့. . ကြားထဲက ငါတို့နှစ်ယောက်တောင် မျက်နှာပူသွားတာပဲ"

"ပြောတဲ့သူက ငါ. . နင်တို့နှစ်ယောက်က ကြားထဲက ဘာကြောင့် မျက်နှာပူနေရတာလဲ"

"ပူတာပေါ့ဟဲ့"

"ဒီလောက် မျက်နှာပူတတ်ရင်လည်း နင်တို့ လိုက်သွားပါလား"

"မခေါ်လို့ပေါ့၊ ခေါ်ရင် ခုချက်ချင်းကို ဆင်းလိုက်သွားမှာ"





ထိုသို့ ပြန်ပြောသဖြင့် မြဝင်းသူက နှစ်ယောက်စလုံးကို ...စောင်းတစ်ချက် ထိုးလိုက်သည်။

"နင်တို့နှစ်ယောက်က နီမောင်ကို ဘာများ ဒီလောက် ...ထင်ကြီးနေရတာလဲ၊ သူ့မှာ ဘာများ အထင်ကြီးစရာ ရှိလို့လဲ၊ ... အဖေက နတ်ဆရာဆိုတော့. . တစ်ရွာလုံးက ပေးတာတွေနဲ့ ...နေကြတာ၊ သူက ဘာများလုပ်လို့လဲ"

မြဝင်းသူ စကားကြောင့် ကျန်နှစ်ယောက်က ကြည့်နေ...သည်။

"သူလည်း ဆေးဆရာ၊ နတ်ဆရာ လုပ်မှာပေါ့"

"နတ်ဆရာဆိုတာ. . လုပ်ချင်တိုင်း လုပ်လို့ရတာမျိုးမှ ...တ်တာ၊ နောက်တစ်ယောက် ပေါ်လာလို့ မိုးကြိုးကျ တောင် ...မှာပညာပြိုင်ရင်းနဲ့ သေချင်သေသွားနိုင်တာပဲ၊ ငါက အဲဒီလို ...သေချာတဲ့လူဆိုရင် အထင်မကြီးလှဘူး၊ တကယ်လက်တွေ့ ...လုပ်လုပ်တဲ့သူမျိုးပဲ၊ သဘောကျတယ်"

ထိုသို့ ပြောဆိုနေကြစဉ် မာလာနှင့် ဂေါင်နန်းတို့နှစ် ...ယောက်ကို ခေါ်မည့်သူပေါ်သဖြင့် လိုက်သွားကြသည်။

မြဝင်းသူကိုတော့ ခေါ်ချင်ကြသော်လည်း ခေါ်၍ရမည် ...တ်မှန်း သိကြသဖြင့် မခေါ်ကြပေ။

တစ်ယောက်တည်း ကျန်နေစဉ် သူမအနီးသို့ လူတစ် ...ယောက် ရောက်လာပြန်သည်။

ထန်လုံပင် ဖြစ်သည်။

ထန်လုံက အသက်(၂၅)နှစ်အရွယ်ခန့်ရှိပြီး ကျွန်းနက်

ညီနောင်ရွာမှာ ရွာလူကြီး ဇလွန်းမုံ၏ သားဖြစ်သည်။

ကဝေမြောင်ရွာနှင့် ကျွန်းနက်ညီနောင် ရွာတို့မှာ မဝေး လှသောကြောင့် တစ်ယောက်နှင့်တစ်ယောက် သိနေကြသည်။

ထန်လုံက အရပ်အမောင်းကောင်းကောင်းနှင့် အမဲ လိုက်ရာမှာသော်လည်းကောင်း နွားသတ်ရာမှာသော်လည်း ကောင်း၊ သူမတူအောင် ကျွမ်းကျင်မှုရှိသည်ဟု နာမည်ကောင်း ရှိသူ ဖြစ်သည်။

"မြဝင်းသူ. . နင် ငါ့လှေနဲ့ လိုက်ခဲ့မလား"

ဟု ထန်လုံက ခေါ်သည်။

"နင်က အမဲလိုက်တာတော့ ကျွမ်းကျင်တယ်လို့. . ငါ သတင်းကြားပါတယ်၊ ငါးဖမ်းတာရော ကျွမ်းကျင်လို့လား"

ထိုသို့ ပြန်မေးလိုက်သောအခါ ထန်လုံက သဘောကျ စွာ တစ်ချက်ရယ်လိုက်သည်။

"တောထဲမှာ သားကောင် ဖမ်းတာပဲဖြစ်ဖြစ်၊ ရေထဲမှာ ငါးဖမ်းတာပဲဖြစ်ဖြစ် အမဲလိုက်တာချည်းပဲ၊ ငါက လိုချင်တဲ့ သား ကောင်ကို ဖမ်းနိုင်တဲ့ စွမ်းရည်မျိုး ရှိပါတယ်"

ဟု ခပ်ကြွားကြွား ပြောလိုက်သည်။

"အေးလေ နင်ပြောတာ ဟုတ်မဟုတ် သိရအောင် ငါ နင့်လှေနဲ့ လိုက်ခဲ့ပါ့မယ်"

ဟု ပြောပြီး ထန်လုံလှေဖြင့် လိုက်သွားလေသည်။

သို့သော် နှမ်းထွက်မှာ မှန်းချက်မကိုက်သကဲ့သို့ ဖြစ်ကာ ငါး မရကြပေ။





အဘယ်ကြောင့်ဆိုသော်. . .

ထန်လုံက ငါးဖမ်းမကျွမ်းကျင်သည်ကတစ်ကြောင်း ပေါ်မှာ မြဝင်းသူ ပါလာသောအခါ ချစ်စကား၊ ကြိုက်စကား ကိုသာ ပြောနေသောကြောင့် ဖြစ်သည်။

"နင်သာ ငါ့ကိုလက်ခံမယ်ဆိုရင် တစ်နယ်လုံးသိအောင် သာဆောင်ပြီး ယူမယ်"

"နေစမ်းပါဦး၊ နင်က မင်္ဂလာဆောင်တဲ့အထိ စိတ်ကူး နေရအောင် ငါက နင်ပြောတာနဲ့ပြန်ပြီး ချက်ချင်းလက်ခံမယ်လို့ နေလို့လား"

"နင့်အဖေကလည်း ရွာလူကြီး၊ ငါ့အဖေကလည်း ရွာလူ ကြီး၊ နောက်ပြီး ငါ့ဦးလေး သံပချိုင်က တစ်ရွာလုံးက ကြောက် နေရတဲ့ နတ်ဆရာဆိုတာ နင်လည်း အသိသားနဲ့၊ နင်နဲ့ငါနဲ့က အဆင့်အတန်းချင်း တူတယ်၊ နင် ငါ့ကိုမှ လက်မခံရင် ဘယ်လို လူမျိုးကို လက်ခံမှာလဲ မြဝင်းသူ"

"ဒီမှာ နင့်ကို ငါ တစ်ခုပြောမယ်၊ ချစ်တယ် ကြိုက်တယ် ဆိုတာ ဘဝတစ်ခုရဲ့ ခရီးလမ်းအစပဲ၊ အဲဒီလိုကိစ္စမျိုးကို ငါ ဘယ်တော့မှ လွယ်လွယ်နဲ့ မဆုံးဖြတ်ဘူး၊ နင် ငါ့ကို သဘော ကျတယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် ထပ်ပြီး လေ့လာ ကြည့်ကြတာပေါ့"

ဟု ပြန်ပြောရာ ထန်လုံလည်း ရှေ့ဆက်မတိုးသာတော့ ပေ။ ထိုနေ့က ကမ်းသို့ အသီးသီး ပြန်ရောက်ကြတော့ ငါးဖမ်း လိုက်လာသူ အတော်များများမှာ ငါးရကြသော်လည်း သူတို့မှာ

ငါးမရကြပေ။

ထိုအခါ ထန်လုံနှင့် အတူတူပါလာသော အပေါင်းအဖော်များက သူတို့ရသော ငါးများကို ယူလာပြီး ထန်လုံအတွက် လာခွဲပေးကြသည်။

ထန်လုံက ထိုငါးများကိုယူပြီး မြဝင်းသူကို ပေးသော်လည်း မယူပေ။

"ဟင့်အင်း ငါမယူဘူး၊ ငါက သူတို့နဲ့ အဖော်လိုက်တာမှ မဟုတ်တာ၊ ငါ အဖော်လိုက်တဲ့သူ ရတဲ့ငါးပဲ. . ငါလိုချင်တယ်"

ဟုပြောပြီး ထွက်လာခဲ့သည်။

လမ်းရောက်တော့ နီမောင်နှင့် မြလေးရီတို့ မောင်နှမ နှစ်ယောက်မှာ ငါးအကောင်ကြီးများကို ထမ်းပြီး တက်သွားကြသည်ကို မြင်လိုက်ရသည်။

ထိုအခါ ဂေါင်နန်းက စကားနာထိုးသည်။

"လူဆိုတာ အပေါ်ယံကြည့်ပြီး အထင်မသေးရဘူး၊ ဟိုမှာမြင်လား. . နင်အထင်မကြီးတဲ့နီမောင် ငါးကြီးတွေ ဖမ်းလာတာ မြင်လား"

ထိုအခြေအနေအထိ မြဝင်းသူက အလျှော့မပေးလိုပေ။

"သူ ဖမ်းခဲ့တာရော ဟုတ်ရဲ့လား၊ သူနဲ့အတူတူသွားတဲ့ စောထီးတို့ ငမဲအောင်တို့ဆီက ယူလာတာ မဟုတ်ဘူးလား"

"နင်က လူတစ်ဖက်သားဆိုရင် သိပ်ပြီး အထင်အမြင်သေးချင်တာပဲ၊ နီမောင်တို့ မောင်နှမ ငါးဖမ်းတဲ့နေရာနဲ့ ငါတို့





ငါးဖမ်းနေရာက မဝေးဘူး၊ ဒါကြောင့် သူ ဘယ်လိုဖမ်းတယ်ဆိုတာ ငါ မြင်ခဲ့ရတာပေါ့"

မြဝင်းသူက ကြည့်နေသည်။

နီမောင်လို လူတစ်ယောက်က လူ့ခါးစောင်းလောက်ကြီးသော တွင်းအောင်း ငါးခူကြီးတွေကို ဘယ်လိုရအောင် ဖမ်းလာခဲ့သည်ကိုတော့ သိချင်နေသည်။

"ဘယ်လို ဖမ်းခဲ့တာလဲ"

"ရေအောက်က ထူးကျင်းထဲကို ငုပ်ဝင်သွားပြီး မှိန်းနဲ့ ထိုးဖမ်းခဲ့တာ ငါကိုယ်တိုင် မြင်ခဲ့ရတယ်"

မာလာ စကားကြားသောအခါ မြဝင်းသူမှာ ပါးစပ်ကလေး ဟသွားသည်အထိ အံ့ဩသွားလေတော့သည်။





# အခန်း(၄)

# သရဲသဘက်မျက်သဖြင့် ရှာမျက်ရခြင်း

လောကတွင် အဆိုးနှင့်အကောင်းတို့မှာ ဒွန်တွဲလျက်ရှိကြပေသည်။

ထိုအကြောင်းတရားများက နေရာတိုင်းမှာပင် ရှိနေရာ ကဝေမြောင်ရွာမှာ နေကြသော ဦးဒီပတို့ မိသားစုများမှာလည်း ထိုအကြောင်းတရားတို့နှင့် ကြုံတွေ့ရင်ဆိုင်ကြရလေသည်။

အခြားအကြောင်းတော့ မဟုတ်ပါပေ။

ဦးဒီပမှာ ဆေးပညာအတတ်ပညာတို့တွင် ကျွမ်းကျင်

သောကြောင့် သူတတ်သော ပညာများဖြင့် လူအများကို ကုသပေးခဲ့သည်။

ရှေးကရှိခဲ့သော နတ်ဆရာများကဲ့သို့ နှိပ်စက်ခြင်းမပြုပေ။ အခြားနတ်ဆရာများက ဆေးကုသပေး၍ ပျောက်ကင်းပါက ၎င်းတို့အတွက်အပြင် ချင်းသချိုင်းမှာ ယဇ်ပူဇော်ပွဲများ ပြုလုပ်ပေးစေသည်။

ယဇ်ပူဇော်ပွဲ ပြုလုပ်ပေးရခြင်းမှာ လွယ်ကူသောကိစ္စမျိုးတော့ မဟုတ်ပေ။

သချိုင်းစောင့်နတ်ကြီးနှင့် သချိုင်းမှာနေကြသော သရဲတစ္ဆေ၊ ဖုတ်၊ ကျတ်၊ မှင်စာတို့ကို ကျွေးမွေးရခြင်း ဖြစ်သည်။

ကျွဲ၊ နွား။ ဝက်၊ ဆိတ် စသည်တို့ကို သတ်ဖြတ်ပြီး ကျွေးမွေးရခြင်းပင် ဖြစ်သည်။

ထိုကဲ့သို့ ကျွေးမွေးခြင်းကို သချိုင်းစောင့် ချင်းနတ်ကြီးကို ပူဇော်ပသသည်ဟု ယုံကြည်ကြသည်။

ထိုကဲ့သို့ ပူဇော်ပသမှု မပြုလုပ်ပါက ချင်းနတ်ကြီးနှင့် သရဲတစ္ဆေများ ဝင်ရောက်နှောင့်ယှက်ကြသဖြင့် တစ်ရွာလုံး သေကျေပျက်စီးရမည်ဟု ယုံကြည်မှု ရှိကြလေသည်။

ရှေးအခါကတော့ နှစ်စဉ်မပျက်မကွက် ယဇ်ပူဇော်ခြင်းများ ပြုလုပ်ကြသည့်အပြင် ရောဂါကုသ၍ ပျောက်ကင်းခြင်း၊ မင်္ဂလာဆောင်ခြင်း၊ သီးနှံအထွက်များ၍သော်လည်းကောင်း၊ အမဲသားငါးရ၍သော်လည်းကောင်း၊ ထူးထူးခြားခြားကိစ္စများ ရှိလာလျှင် ချင်းသချိုင်းသို့ သွားရောက်ကာ ယဇ်ပူဇော်ခြင်း ပြု





ုပ်ကြသည်။

ကျွဲ၊ နွားစသော သတ္တဝါများကိုသတ်ပြီး ယဇ်ပူဇော်င်းစသော ကြီးကျယ်သော ပွဲများနှင့် အမဲသားငါးတို့ဖြင့်သာကျဉ်းချုပ်ပြီး ပြုလုပ်သော ယဇ်ပူဇော်ခြင်း ဟူ၍သာ ကွာခြားသသည်။

ရှေးအယူအဆများကို အရိုးစွဲသည်အထိ လက်ခံယုံကြည်ထားကြသူများကတော့ ထိုချင်းသချိုင်းစောင့်နတ်ကြီးအားယဇ်ပူဇော်သည်ကို နှစ်သက်သဘောကျကြသည်။

ပြောရလျှင်တော့ ထိုကဲ့သို့ ယဇ်ပူဇော်မှသာ ၎င်းတို့အား သချိုင်းစောင့်နတ်ကြီးက စောင့်ရှောက်မှုပေးသောကြောင့်ရောဂါများ ကင်းစင်ပြီး. . အစားအသောက်များ ရစေသည်ဟု ယုံကြည်ကြသူများ ဖြစ်သည်။

ရှေ့အခန်းများ၌ ရေးသားခဲ့သည့်အတိုင်း ထိုရွာမှာနေကြသူအားလုံးမှာ နတ်ကိုးကွယ်သူများသာ ဖြစ်ကြလေသည်။

ဦးဒီပတို့ မိသားစုများကတော့ ဗုဒ္ဓဘာသာကို ယုံကြည်ိုးကွယ်ကြသည်။

ထို့ကြောင့် ဦးဒီပက နတ်ဆရာဘဝ ရောက်သောအခါယဇ်ပူဇော်ပွဲများကို သိပ်မလုပ်တော့ပေ။

အကယ်၍ ရွာလူကြီးက အတင်းခိုင်းသဖြင့် လုပ်ရလျှင်လည်း သူကိုယ်တိုင်မလုပ်ပဲ အခြားတစ်ယောက်ကိုသာ ခိုင်းစေသည်။ ကြာတော့ ထိုကိစ္စကို မကျေနပ်သူ များလာသည်။

အများစုက ယဇ်ပူဇော်လိုကြသည်။

ဦးဒီပက ထိုကဲ့သို့ မလုပ်သောအခါ. . မကျေမနပ် ဖြစ်လာပြီး အချင်းချင်း ပြောဆိုလာကြသည်။

"နတ်ဆရာက ဆေးကုတဲ့ပညာကတော့ တော်ပါပေတယ်၊ ဒါပေမယ့်. . ချင်းသချိုင်းစောင့်နတ်ကြီးကို ယဇ်မပူဇော်တာကတော့ မကောင်းဘူး"

"ဟုတ်တယ်. . ကြာလာရင် သချိုင်းစောင့်နတ်ကြီးက စိတ်ဆိုးပြီး ငါတို့တစ်ရွာလုံး သတ်ပစ်ရင်တော့ အခက်ပဲ"

"ဒီလိုတော့ အဖြစ်မခံနိုင်ဘူး၊ နတ်ဆရာ ပြောင်းတန်ပြောင်းရမှာပေါ့"

"ဒါကရော လွယ်ပါ့မလား၊ သူက မိုးကြိုးစက်ကွင်းကို တောင် နိုင်တဲ့ဆရာဆိုတော့ သူကို့ ဘယ်သူ အန်တုဝံ့မလဲ"

"ဘာပဲဖြစ်ဖြစ် ဒီကိစ္စကိုတော့ တစ်နေ့ကျရင် ရွာလူကြီးကို ပြောပြရမယ်"

ဟု အချို့လည်း အချင်းချင်း တိုင်ပင်ကြလေသည်။

ဤသို့ဖြင့် နွေနှောင်းပိုင်းရာသီ ရောက်လာသောအခါ တောင်မြင့်ကြီးများပေါ်မှာ နေကြသော ရွာများမှာ ရေရှားပါးသောဒဏ်ကို ခံကြရသည်။

သောက်ရေမရသောကြောင့် ရသည့်ရေကို သောက်ကြသောအခါ ဝမ်းရောဂါ ဖြစ်တော့သည်။

ဝမ်းရောဂါဖြစ်သည်နှင့် လူအသေအပျောက် ရှိလာလေတော့သည်။

ထိုအခါ ဦးဒီပလည်း ၎င်းမှာရှိသော ဆေးဝါးများဖြင့်





လိုက်လံကုသပေးသော်လည်း သေဆုံးသူ များလာလေသည်။

တစ်အိမ်မှ အလောင်းကို သချိုင်းသို့ပို့ပြီး မသင်္ဂြိုဟ်ရသေးခင်မှာ နောက်တစ်အိမ်မှ သေပြန်လေသည်။

အလောင်းတစ်လောင်းမှ မချရသေးခင် နောက်တစ်ယောက်က သေပြန်လေသည်။

ဦးဒီပလည်း အစွမ်းကုန် လိုက်လံကုပေးသော်လည်း မရပေ။ အဘယ်ကြောင့်ဆိုသော်. . .

ရောဂါကြောင့် သေသူများလာသောအခါ ရွာထဲသို့ သရဲသဘက်နှင့် မကောင်းဆိုးဝါးများ ဝင်ရောက်လာပြီး ဖမ်းစားသောကြောင့် ရောဂါဖြစ်သဖြင့် သေသည်ထက် မကောင်းဆိုးဝါးများ ဖမ်းစားသဖြင့် သေရသည်က ပိုမိုများပြားလေတော့သည်။

တစ်ရွာလုံးကတော့. . ချင်းသချိုင်းစောင့်နတ်ကြီးက ယဇ်မပူဇော်သည်ကို မကျေနပ်သဖြင့် မိစ္ဆာများကို စေလွှတ်ပြီး တစ်ရွာလုံးသေအောင် သတ်ဖြတ်နေသည်ဟုသာ ထင်မြင်ကြသည်။

ရွာသူရွာသားတို့သည် ညအချိန်မဆိုထားနှင့် နေဝင်ချိန်ရောက်သည်နှင့် အပြင်မထွက်ဝံ့ကြတော့ပေ။

မှောင်ရီသမ်းစအချိန်ရောက်သည်နှင့် တောစပ်မှ ခွေးအူသံများ ကြားလာရသည်။

ချင်းသချိုင်းရှိသော နေရာဘက်မှ တလားခေါက်သံကဲ့သို့ အသံမျိုး ကြားကြရသည်။

ထိုကဲ့သို့ တလားခေါက်သံများ ကြားရပြီဆိုလျှင် တော

ခွေးများက အုပ်စုလိုက် အူကြလေတော့သည်။

ထိုအသံများ ကြားရပြီဆိုလျှင်တော့ တောတိုးလာသော ခြေသံများ ကြားရသည်။

မရှေးမနှောင်းမှာပင် တောတွင်းမှထွက်လာသော မည်းမည်းသဏ္ဌာန်တို့ကို မြင်ရသည်။

မကောင်းဆိုးဝါးတို့မှာ ပုံပန်းသဏ္ဌာန်အမျိုးမျိုး ရှိကြရာ အချို့လည်း ကိုယ်လုံးက ပုတ်လုံးတမျှကြီးပြီး၊ အရပ်က သစ်ပင်တမျှ ရှည်သည်။

အချို့ကျတော့လည်း မြေပေါ်မှာ သွားလာနေသည်ကို ခပ်သေးသေး မြင်ရသည်။

မြေပြင်မှာ ဘောလုံးများ လိမ့်နေသကဲ့သို့ ရွေ့လျားသွားလာနေကြသည်။

အချို့က ဦးခေါင်းက အဆမတန်ကြီးပြီး ကိုယ်လုံးက သေးသည်။ အချို့ကျတော့.. ကိုယ်လုံးက ပုတ်လုံးတမျှကြီးပြီး ဦးခေါင်းက ထန်းသီးလုံးလောက်သာရှိသည်။

အချို့က မျက်စိပေါက် မပါကြပေ။

အချို့ကျတော့လည်း မျက်လုံးက လင်ကွင်းတမျှ ကြီးမားလှသည်။ မည်သို့ပင်ရှိစေ. . .

တောထဲမှ ထွက်လာသော ပုံပန်းသဏ္ဌာန်များကတော့ သရဲ၊ သဘက်၊ ကျတ်၊ မှင်စာ၊ စသည်တို့ ဖြစ်ကြသောကြောင့် တင့်တယ်မှု မရှိကြပေ။

တစ်ကိုယ်လုံး အမွေးစုတ်ဖွားနှင့် မြင်လိုက်သည်နှင့်





ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်တို့သာ ဖြစ်ကြလေသည်။

တောတွင်းမှ ထွက်လာသော မကောင်းဆိုးဝါးများမှာ သရဲသဘက်များချည်းတော့ မဟုတ်ပေ။

ရက်ပိုင်းအတွင်းမှာပင် ရောဂါကြောင့် သေဆုံးသွားပြီး သရဲသဘက်ဘဝ ရောက်နေသူများပင် ပါလာကြသည်။

ထိုသူများမှာ.. အချို့ ရုပ်ပျက်ဆင်းပျက် ဖြစ်နေသော်လည်း အချို့မှာ သေဆုံးတာ မကြာသေးသောကြောင့် လူတစ်ယောက် ပုံစံမျိုးပင် ရှိနေကြသေးသည်။

တောတွင်းမှ ထွက်လာသော မကောင်းဆိုးဝါးများက ရွာတွင်းသို့ ရဲရဲတင်းတင်းပင် ဝင်လာကြသည်။

ထိုသို့ ဝင်လာသည်နှင့် ခွေးအူသံ ခွေးဟောင်သံများက နေရာအနှံ့မှ ပေါ်လာသည်။

မှုန်ဝါးနေသော အလင်းရောင်ဖြင့် ရွာထဲမှာ သွားလာနေသော မည်းမည်းသဏ္ဌာန်တို့ကို လှမ်းမြင်ကြရသည်။

ထိုကဲ့သို့ သွားလာနေကြသော မည်းမည်းသဏ္ဌာန်များထဲတွင် လူတစ်ယောက်မှ မပါပေ။

အချို့ သရဲသဘက်များက အိမ်များ တဲများအနီးသို့ပင် ရောက်လာကြကာ အိမ်တိုင်များကို ကိုင်လှုပ်ခြင်း၊ အိမ်နံရံ၊ တဲနံရံများကို တဗုန်းဗုန်းနှင့် ပုတ်ခြင်းများ ပြုလုပ်ကြသည်။

သတ္တိကောင်းသူ အချို့ကတော့ ထိုသို့ လာလုပ်နေသူကို သည်းမခံနိုင်တော့သဖြင့် လုံမားများကိုင်ပြီး အောက်သို့ ဆင်း

သွားကြသည်။

"နင် ဘာကောင်လဲ၊ ဘာကြောင့် ငါ့တဲပြိုကျအောင် တဗုန်းဗုန်းနဲ့ လာထုနေတာလဲ၊ ငါ့တဲကိုပြိုအောင် ဆက်လုပ်ရင် ငါ ဓားနဲ့ခုတ်မယ်"

"ငါတို့ကို အစာကျွေးပါ"

"ဘာမှကျွေးစရာမရှိဘူး၊ ငါတို့တောင် မနည်းရှာစားနေရတာ၊ နင်တို့ကို နတ်ဆရာက ကျွေးရတာ မဟုတ်ဘူးလား. . သူ့ဆီမှာ သွားတောင်း"

"နတ်ဆရာက ငါတို့ကို မကျွေးဘူး"

"မကျွေးရင် သူ့ကို သတ်ပစ်ပေါ့"

"သူ့ကို မသတ်ဝံ့ဘူး၊ သတ်လို့မရဘူး"

"နတ်ဆရာ မကျွေးရင် ရွာလူကြီး ကျွေးလိမ့်မယ်၊ သူတို့ဆီသွားတောင်း၊ ငါတို့ကို လာမနှောင့်ယှက်နဲ့"

ထိုသို့ ပြောသော်လည်း အချို့မကောင်းဆိုးဝါးများက နှောင့်ယှက်မြဲ ဆက်ပြီးနှောင့်ယှက်နေရာ စိတ်မရှည်တော့သဖြင့် ဓားနှင့်ခုတ်သူကခုတ်၊ လှံဖြင့်ထိုးသူက ထိုးကြလေသည်။

ထိုကဲ့သို့ ပြုလုပ်တော့လည်း ဖွဲ့အိတ်ကြီးကို ထိုးရ ခုတ်ရသကဲ့သို့ အရာမထင်ပဲ ရှိလေသည်။

အချို့လည်း သည်းမခံနိုင်တော့သဖြင့် အမဲလိုက်ရာတွင် အသုံးပြုသော တူမီးသေနတ်ဖြင့် ပစ်ခတ်ကြသည်။

မကောင်းဆိုးဝါးများက တူမီးသေနတ်တော့ ကြောက်သည်။ သေနတ်ဖြင့် ပစ်လျှင်တော့ ဝူးဝူးဝါးဝါးအော်ပြီး ထွက်





ပြေးသွားကြလေသည်။

နောက်ရက်များမှာတော့ ဦးဒီပကပင် ဦးဆောင်ပြီး တစ်ရွာလုံး တောထုတ်ပစ်သည်။

နေဝင်ရီတရော အချိန်တွင် သံပုံးများ ဒန်အိုးဒန်ခွက်များကို ပြိုင်တူတီး ပြိုင်တူခေါက်ခြင်း၊ တူမီးသေနတ်များကို ဖောက်ခြင်း. . စသည်တို့ ပြုလုပ်သောအခါမှ. . ရွာထဲသို့ မကောင်းဆိုးဝါးများ ဝင်ရောက်ခြင်း ရပ်တန့်သွားတော့သည်။

ရွာထဲသို့ မကောင်းဆိုးဝါးများ မဝင်တော့သည်နှင့် ဖြစ်ပွားနေသော ဝမ်းရောဂါများလည်း ရပ်တန့်သွားသည်။ လူအသေအပျောက်လည်း လျော့နည်းသွားတော့သည်။

ထို့နောက်မှာတော့ ရွာသူရွာသားအချို့က ရွာလူကြီးမှန်းထန်နေအိမ်သို့ ရောက်လာပြီး ပိုင်းဝန်းပြောဆိုကြသည်။

"ကျုပ်တို့ရွာမှာ အခုလို ရောဂါဘေးဖြစ်ပြီး လူတွေသေတာ ချင်းသချိုင်းစောင့်နတ်ကြီး စိတ်ဆိုးလို့ လုပ်တာပဲ၊ အခုကျော်ထဲမှာ သူကျေနပ်အောင် ယဇ်ပူဇော်ပွဲ လုပ်ပေးပါ"

"ယဇ်ပူဇော်ပွဲက လုပ်နေတာပဲ မဟုတ်လား"

"ယဇ်ပူဇော်ပွဲကို နတ်ဆရာကိုယ်တိုင် လုပ်ပေးရတဲ့ ဓလေ့ထုံးစံရှိတယ်၊ အရင်တုန်းကလည်း နတ်ဆရာတွေက ယဇ်ပူဇော်ပွဲကို သူတို့ကိုယ်တိုင် လုပ်ခဲ့တာပဲ၊ အခု. . ကျုပ်တို့ရွာက နတ်ဆရာ ဦးဒီပက ယဇ်ပူဇော်တာကို သူကိုယ်တိုင် မလုပ်ဘူး၊ တခြားတစ်ယောက်ကို လုပ်ခိုင်းတယ်၊ ဒါဟာ ရွာဓလေ့ရဲ့ အစဉ်အလာနဲ့ ထုံးစံကို ချိုးဖောက်တာပဲ"

"ဟုတ်တယ် ဆလိုင်း၊ ယဇ်ပူဇော်ပွဲကို နတ်ဆရာကိုယ်တိုင် လုပ်ခိုင်းပါ။ ဒါမှ မဟုတ်ရင်တော့ နတ်ဆရာအသစ် ရွေးပေးပါ"

ဟု ဝိုင်းဝန်းတောင်းဆိုကြသည်။

ဇမ္ဗူန်းထန်ကတော့ ထိုအခြေအနေကို နားလည်သည့်သဘောပေါက်သည်။

"ဒီနတ်ဆရာက ဆေးကုတာကောင်းတယ်၊ မင်းတို့အပေါ်မှာ မနှိပ်စက်ဘူး၊ သူ့ကို သဘောကျရင် ဘယ်လိုလုပ်မှာလဲ"

"သူက ဆေးကုတာကောင်းပေမယ့် ကျုပ်တို့လို နတ်ကိုးကွယ်တဲ့လူ မဟုတ်ဘူး၊ ဒါကြောင့်. . ယဇ်ပူဇော်တာကို သူကိုယ်တိုင် မလုပ်တာပေါ့၊ ကြာရင် ချင်းသချိုင်းစောင့်နတ်ကြီး ဒီထက်စိတ်ဆိုးလာရင် ကျုပ်တို့တစ်ရွာလုံး သေကြလိမ့်မယ်"

"ဟုတ်တယ်. . ဆလိုင်း၊ ကျုပ်တို့ သူ့ကို သဘောမကျတော့ဘူး၊ ကျုပ်တို့လို နတ်ကိုးကွယ်ပြီး ယဇ်ပူဇော်တတ်တဲ့ နတ်ဆရာတစ်ယောက် ပြောင်းပေးပါ"

ဇမ္ဗူန်းထန်မှာ ရွာလူကြီးတစ်ယောက်ဖြစ်သော်လည်း အများဆန္ဒကို လွန်ဆန်၍မရသောကြောင့် သက်ပြင်းချလိုက်လေသည်။

"မင်းတို့က ပြောတော့ လွယ်တာပဲ၊ နတ်ဆရာပြောင်းဖို့ကိစ္စက လွယ်တာမဟုတ်ဘူး၊ ချက်ချင်းပြောင်းလို့လည်း မရဘူး ဒီရွာမှာ နတ်ဆရာလုပ်နိုင်တဲ့သူ ရှိသလား"

ထိုသို့မေးသောအခါ အသံများ တိတ်သွားကြသည်။





င်းချင်း တီးတိုးပြောဆိုသံများလည်း ပေါ်နေသည်။

"ဒီမှာ ငါပြောတာ နားထောင်ကြ၊ မင်းတို့က ဒီနတ် ာ မကြိုက်ရင် နောက်တစ်ယောက် ရှာကြ၊ နတ်ဆရာ လုပ် သူရှိရင် လက်ရှိနတ်ဆရာ ဦးဒီပနဲ့ မိုးကြိုးကျတောင်ထိပ်မှာ ပြိုင်ရဦးမယ်၊ နိုင်တဲ့သူမှ နတ်ဆရာ လုပ်ရမှာ၊ ဒါကိုတော့ ဘို့ သဘောပေါက်ကျတယ် မဟုတ်လား"

အသံမထွက်သော်လည်း သဘောပေါက်သည့်အနေ ဘာမှပြန်မပြောပဲ ငြိမ်သက်နေကြသည်။

"ဒီတော့ ငါပြောတာ နားထောင်ကြ၊ အခု ငါတို့ရွာမှာ နတ်ဆရာက နတ်မကိုးကွယ်တာ၊ ယဇ်မပူဇော် ပေးတာက း ဆေးကုတဲ့နေရာမှာတော့ သူ့ကို မီတဲ့သူ မရှိသေးဘူး. .၊ ငါတို့ရွာမှာ ရောဂါတွေဖြစ်နေတာကိုလည်း သူကုသပေး အသက်ချမ်းသာရာ ရခဲ့တယ်၊ ဒီတော့. . မင်းတို့က သူ့ကို ဘာမကျတော့ဘူးဆိုရင်. . သူနဲ့ယှဉ်ပြိုင်မယ့် နောက်တစ် ာက် ရှာကြပေတော့"

ထိုသို့ပြောတော့ ဘာမှပြန်မပြောကြပေ။

ထိုအခါ ဇမ္ဗူန်းထန်က ဆက်ပြောလေသည်။

"မင်းတို့က နောက်ထပ် နတ်ဆရာတစ်ယောက်တွေ့ ဘုံးစံအတိုင်း မိုးကြိုးကျ တောင်ထိပ်မှာ မိုးကြိုးစက်ကွင်းနဲ့ ဘုံးအဖြစ် ခံကြရမယ်၊ အနိုင်ရတဲ့သူပဲ နတ်ဆရာလုပ်ခွင့်ပေး မယ်"

ထိုသို့ပြောလိုက်သောအခါ ဇမ္ဗူန်းထန်ဆီသို့ လာရောက်

ပြောဆိုနေသော ရွာသားများလည်း ထပြန်သွားကြလေသည်

ငင်းတို့အားလုံးမှာ နတ်ဆရာ ဦးဒီပ ဆေးကုသပံ့
သဘောကျသည်။

ငင်းတို့အပေါ်မှာ အခြားနတ်ဆရာများကဲ့သို့ မတ
နှိပ်စက်ခြင်း မပြုသည်ကိုလည်း ကျေနပ်ကြသည်။

မကျေနပ်တာ တစ်ခုပဲ ရှိသည်။

နတ်ဆရာ ဦးဒီပမှာ နတ်မကိုးကွယ်ခြင်းနှင့် ယစ်ပူ
ခြင်းကို ကိုယ်တိုင်ကိုယ်ကျ ပြုလုပ်မပေးခြင်းပင်ဖြစ်သည်။
ကြောင့်ပင်လျှင် ကံကြမ္မာ အပြောင်းအလဲတစ်ခုက ပေါ်ပေါ
လာတော့သည်။





# အခန်း(၅)

# ချင်းသချိုင်းမှ ယစ်ပူဇော်ပွဲ

ကဝေမြောင်ရွာသို့ ရောဂါဆိုး ဝင်ရောက်ခဲ့သဖြင့် လူ
သအပျောက်များခြင်း၊ ရွာထဲသို့ သရဲသဘက်များ ဝင်
က်ဖျက်သဖြင့် ရွာပျက်လုနီးပါး ဖြစ်ခဲ့ရသော အခြေအနေ
ဖြစ်ခဲ့ပြီးနောက်ပိုင်း ရွာမှာရှိနေကြသော လူအတော်များ
ကြောက်ရွံ့ထိတ်လန့်နေကြလေသည်။

ငင်းတို့အား ချင်းသချိုင်းစောင့်နတ်ကြီးက မကျေနပ်

သဖြင့် သရဲသဘက်များလွှတ်ကာ နောက်တစ်ကြိမ် ထပ်မံ
စက်မည်ကို စိုးရိမ်ထိတ်လန့်နေကြခြင်း ဖြစ်သည်။

ထိုအခြေအနေကို ရိပ်မိသော ရွာလူကြီး ဇမုန်းထန်
သူကိုယ်တိုင် ကမကထလုပ်ပြီး ချင်းသင်္ချိုင်းသို့ သွားရောက်
ယဇ်ပူဇော်ပွဲကျင်းပရန် စီစဉ်ပေးသည်။ ထိုပွဲမှာ ချင်းသင်္ချိုင်း
တွင်း၌ သွားရောက်ပြုလုပ်ကြရခြင်း ဖြစ်သည်။

ချင်းသင်္ချိုင်းမှာ ကဝေမြောင်ရွာ၏တောင်ဘက် တော
ထူထပ်လှသော တောင်ကြောတစ်ခုပေါ်၌ ရှိလေသည်။

တောင်ကုန်းတစ်ခုလုံးကို အခြားဘာမှ အသုံးမပြု
သင်္ချိုင်းမြေအဖြစ်သာ အသုံးပြုထားလေ၏။ သင်္ချိုင်းမြေ
တွင် နေရာအနှံ့ မှတ်တိုင်များ ရှိနေကြသည်။

ထိုမှတ်တိုင်များ၌ သေသူတို့၏ အမည်နာမတို့ကို ထွင်း
ထုထားလေသည်။

အချို့မှတ်တိုင်များ ထိပ်ပေါ်တွင် ဦးခေါင်းခွံ အရိုးစု
ထားသည်လည်း ရှိသည်။

သင်္ချိုင်းသို့ဝင်သော လမ်းပေါက်ဝတွင် ကျွန်းသား
ကြီးနှစ်ချပ်ဖြင့် ပြုလုပ်ထားသော ပျဉ်ချပ်ကြီးနှစ်ချပ် စိုက်ထူထား
သည်။

ထုထည်ကောင်းပြီး (၃)ပေခန့် ဗျက်အကျယ်ရှိသည်
အမြင့်ပေကတော့ (၈)ပေခန့်ဖြစ်သည်။

ထိုပျဉ်ချပ်ကြီး မျက်နှာစာနှစ်ဖက်တွင် ကြောက်စရာ
ကောင်းသော မျက်နှာများ၊ ပုံပန်းသဏ္ဌာန်များကို တတ်သ





ညာဖြင့် ထွင်းထုထားကြခြင်း ဖြစ်သည်။

ဆောက်၊ ဓား၊ ပဲကွပ်များကို အသုံးပြုပြီး ထွင်းထုထား
ော ပညာရှင်များထွင်းထုသော လက်ရာများလောက်တော့ ပီပြင်
ြင်းမရှိပေ။

မှတ်တိုင်အတော်များများတွင် ထိုကဲ့သို့သော အရုပ်
ကော်တများ ထွင်းထုထားသည်။

သာမန်မှတ်တိုင်တို့တွင် သေဆုံးသွားသူ ပိုင်ဆိုင်သော
ား၊ လှံ၊ လေးမြား၊ ကျွဲ၊ နွား၊ ဝက်၊ ကြက်၊ ဆိတ်ရုပ်တို့ကို
ွင်းထုပေးထားလေ့ရှိသည်။

သင်္ချိုင်းအပေါက်ဝတွင်ရှိသော မှတ်တိုင်ကြီးနှစ်ခုက
သေဆုံးသူ တစ်ဦးချင်းအတွက် ပြုလုပ်ပေးထားခြင်း မဟုတ်ပဲ
သင်္ချိုင်းတစ်ခုလုံးအတွက် ကိုယ်စားပြုကာ စိုက်ထူထားခဲ့ခြင်း
ဖြစ်သည်။

ထိုမှတ်တိုင်ကြီးနှစ်ခုတွင် ထွင်းထုထားသော အရုပ်များ
မှာ ကြောက်စရာကောင်းသော ပုံပန်းသဏ္ဌာန်တို့ကိုသာ ထွင်းထု
ထားလေသည်။

ချင်းသင်္ချိုင်းထဲမှာ စိုက်ထူထားသော မှတ်တိုင်များမှာ
တော့ ယောကျ်ားရုပ်၊ မိန်းမရုပ်တို့ကိုပါ ထည့်သွင်းထားသော
ကြောင့် ယောကျ်ားမြေပုံ၊ မိန်းမမြေပုံကိုလည်း ခွဲခြားနိုင်သည်။

ချင်းသင်္ချိုင်း ဝင်ပေါက်နားမှာတော့ မှတ်တိုင်ကြီး နှစ်
တိုင်နှင့် မနီးမဝေးမှာတော့ ရှေးအခါက သေဆုံးသွားကြသော
ရွာခေါင်းကြီးများမှတ်တိုင်များ ရှိကြသည်။ ရွာခေါင်းကြီးများ

မှတ်တိုင်တွင် ယောကျ်ားနှင့် မိန်းမ အတူတွဲကာ မြှုပ်နှံလေ့ရှိပြီး မှတ်တိုင်မှာလည်း ၎င်းတို့ အသုံးပြုသောပစ္စည်း၊ ပိုင်ဆိုင်သော ပစ္စည်းတို့ကို ထွင်းထုထားလေသည်။

သင်္ချိုင်းအဝင်ပေါက် မှတ်တိုင်ကြီးအနီးမှာတော့ ကွဲ နွားများဖြင့် ယဇ်ပူဇော်သောနေရာရှိသည်။

ကြီးချည်ရန် တိုင်လေးတိုင်၊ သွေးခံသော ကျောက်ခွက် အသားများ ခုတ်ပိုင်းရန်အတွက် စဉ်းတီတုံးကြီးများလည်း အ ဆင်သင့်ရှိသည်။

နေဝင်ရီတရော အချိန်ရောက်သည်နှင့်. . ရွာလူကြီး ဇမုန်းထန်က ဦးဆောင်ပြီး ချင်းသင်္ချိုင်းသို့ သွားကြသည်။

ဦးဒီပတို့ မိသားစုမှလွဲပြီး တစ်ရွာလုံး သွားကြခြင်း ဖြစ် သည်။

"ရှင် ယဇ်ပူဇော်ပွဲ မသွားဘူးလား"

ဒေါ်ကျင်စာရီက မေးသည်။

"ငါက. . ဆေးကုပေးတဲ့ ဆေးဆရာပဲ လုပ်ချင်တယ်၊ တိရစ္ဆာန်တွေအသက် သတ်ဖြတ်တဲ့ နတ်ဆရာ မလုပ်ချင်ဘူး၊ သူတို့သဘောမကျရင်လည်း မတတ်နိုင်ဘူး"

"ရှင် နတ်ဆရာမလုပ်ရင် ဒီရွာမှာ ဆေးကုလို့ ရမှာ မဟုတ်ဘူး၊ ရွာတစ်ရွာမှာ နတ်ဆရာကပဲ ဆေးကုပေးခွင့်ရှိတယ်"

ဒေါ်ကျင်စာရီက ချင်းတိုင်းရင်းသူတစ်ဦး ဖြစ်သော ကြောင့် ထုံးစံများကို ပြောပြသည်။

ထိုအခါ ဦးဒီပက သက်ပြင်းတစ်ချက်ချကာ ပြန်ပြော





သည်။

"တကယ်လို့ ဒီနေရာမှာ ဆေးမကုရရင် နောက်တစ် နေရာ ရွှေ့သွားကြတာပေါ့၊ ဆေးဆရာဆိုတာ လူနဲ့ တိရစ္ဆာန် တွေရဲ့ အသက်ကို ကယ်တင်ပေးရတယ်၊ ဆေးဆရာဖြစ်ပြီးမှ တိရစ္ဆာန်တွေရဲ့အသက်ကို ရက်ရက်စက်စက် သတ်ဖြတ်ရတဲ့ အလုပ်ကိုတော့ ငါ ဘယ်တော့မှ လုပ်မှာမဟုတ်ဘူး"

"တစ်ရွာလုံးကတော့ ဒီကိစ္စကို မကျေမနပ် ဖြစ်နေကြ တယ်"

"ငါ့ကို သဘောမကျလို့ နောက်နတ်ဆရာတစ်ယောက် ရောက်လာရင် ငါလွှဲပေးမှာပါ"

"ဒီလိုလွှဲရုံနဲ့ မရသေးဘူး၊ မိုးကြိုးကျတောင်ထိပ်မှာ သွားပြိုင်ရဦးမှာ၊ အဲဒီမှာ နိုင်တဲ့သူပဲ နတ်ဆရာလုပ်ရမှာ"

ဒေါ်ကျင်စာရီစကား ကြားသောအခါ ဦးဒီပမှာ စိတ်မ သက်မသာ ဖြစ်သွားလေသည်။

တကယ်တော့ ဦးဒီပက နတ်ဆရာ မဖြစ်ချင်ပေ၊ ဆေး ဆရာသာ လုပ်လိုသည်။

သို့သော်. . ရပ်ဓလေ့၊ ရွာဓလေ့ ထုံးစံအရ နတ်ဆရာ ဖြစ်မှသာ ဆေးကုရမည်ဖြစ်သဖြင့် မိုးကြိုးကျတောင်ထိပ်မှာ ယှဉ်ပြိုင်ရာ အကြိမ်တိုင်း အနိုင်ရခဲ့သဖြင့် ယခုကဲ့သို့ နတ်ဆရာ ဘဝ ရောက်နေရခြင်း ဖြစ်သည်။

နတ်ဆရာဖြစ်လာသော်လည်း ချင်းသင်္ချိုင်းမှာ ယဇ်ပူ ဇော်သော အလုပ်ကိုတော့ မလုပ်ခဲ့ပေ။

အခြားတစ်ယောက်ကိုသာ လုပ်စေသည်။

ထိုကဲ့သို့လုပ်သည်ကို လူအချို့က မကျေနပ်ကြပေ။

ချင်းသချိုင်းစောင့် နတ်ကြီးကို မလေးမစား ပြုလုပ်နေသည်ဟု ထင်မြင်ကြသည်။

ထိုကဲ့သို့ ပြုလုပ်လာခဲ့တာ သုံးနှစ်ကျော်ခဲ့ပြီ ဖြစ်သော်လည်း ပြဿနာမပေါ်ခဲ့ပေ။

ယခုမှသာ . . တစ်ရွာလုံး ရောဂါဝင်ပြီး လူအသေအပျောက် များသောအခါမှသာ မကျေနပ်ချက်များက ပေါ်ပေါက်လာခဲ့ခြင်း ဖြစ်သည်။

ယခင်ကတော့ ဦးဒီပသဘောကို နားလည်ထားသော ရွာလူကြီး ဇမုန်းထန်ကပင် ဘာမှမပြောပဲ နေလေသည်။

ယခုကဲ့သို့ ပြဿနာပေါ်လာသောအခါမှသာ ယဇ်ပူဇော်ပွဲကို သူကိုယ်တိုင် ကမကထ ပြုလုပ်ပေးခြင်း ဖြစ်သည်။

ဇမုန်းထန်ကိုယ်တိုင် ဦးဆောင်ပေးသောကြောင့် ရွာသူရွာသားများက ထွေထွေထူးထူး မပြောကြသော်လည်း ဦးဒီပအပေါ်မှာတော့ မကျေမနပ် ဖြစ်နေကြဆဲပင် ရှိသေးသည်။

မီးတုတ်မီးတိုင်များကိုင်ပြီး တဖြည်းဖြည်း တက်လာကြသူများသည် . . မှောင်ရီသမ်းစအချိန်တွင် ချင်းသချိုင်းသို့ ရောက်ကြလေသည်။

ချင်းသချိုင်းထဲမှာ အမှောင်ရိပ်များ ဖုံးနေသော်လည်း ၎င်းတို့မှာ ပါလာသော မီးတုတ်မီးတိုင်မှ အလင်းရောင်ကြောင့် အတော်အသင့် မြင်ရသည်။





ထိုနေရာရောက်တော့ အသင့်ဆွဲလာသောနွားကို တိုင်လေးတိုင်မှာ မလှုပ်သာအောင် ကြိုးဖြင့်ချည်နှောင်ကြသည်။

နွားကတော့ သူ့အသက်ဘေးကို သိသဖြင့် မျက်ရည်များ စီးကျကာ အတင်းရုန်းကန်နေလေသည်။

သို့သော် ခြေထောက်လေးချောင်းကို တိုင်လေးတိုင်မှာ ကြိုးဖြင့်ချည်ထားပြီး . . နဖားကြိုးထိုးထားသော ဦးခေါင်းကို အပေါ်တန်းမှာ တင်းနေအောင် ချည်ပေးထားလိုက်သောအခါ မလှုပ်သာတော့ပေ။

မျက်လုံးအပြူးသားဖြင့် 'တဘဲဘဲ'အော်ဟစ်နေသည်။ ပြီးသောအခါ နွားသတ်မည့်သူက ဓားကိုကိုင်ကာ အသင့်စောင့်နေသည်။

ထိုအခြေအနေပြီးသောအခါ ဇမုန်းထန်ကပင် ဓလေ့ထုံးစံအတိုင်း တိုင်တည်ရွတ်ဆိုမှုများ ပြုလုပ်လေတော့သည်။

၎င်းရွတ်ဆိုသော အကြောင်းအရာများမှာ ချင်းဘာသာစကားဖြင့် ရွတ်ဆိုနေခြင်း ဖြစ်သည်။

"ချင်းသချိုင်းစောင့်နတ်ကြီး အပါအဝင် သချိုင်းထဲမှာ ရှိကြသော ဆွေမျိုးတော်စပ်သော ပရလောကသားတို့အား ယဇ်ပူဇော်ပသပါတော့မယ်၊ ထိုသို့ ပူဇော်ပသ,သဖြင့် တစ်ရွာလုံးမှာ နေထိုင်ကြသူတို့အား ရောဂါဆိုးများ၊ မကောင်းသော ဘေးအန္တရာယ်တို့မှ ကင်းဝေးအောင် စောင့်ရှောက်ပေးစေလိုပါတယ်"

စိုက်ပျိုးသော လယ်ယာဥယျာဉ်တို့မှ စပါးသီနှံတို့

အောင်မြင်မှုရစေရန်နှင့် တောထဲဝင်၍ အမဲပစ်လျှင် အမဲသား ကောင်များ ရပါစေရန် ကူညီစောင့်ရှောက် ပေးစေလိုကြောင်း

ယခု . . ပူဇော်ပသသော ယဇ်ပူဇော်ပွဲကိုလည်း တမော့်တပါး လာရောက်စားသောက်ကြပါစေကြောင်း. . ဖိတ်ခေါ်ပါတယ်"

ဟူသော အဓိပ္ပါယ်ရှိသည့် ရွတ်ဆိုမှုများပင် ဖြစ်သည်။ ထိုကဲ့သို့ ဇမုန်းထန်က ရွတ်ဆိုနေသော အချိန်တွင် နွားသတ်ရန်အတွက် ဓားကိုင်ပြီး ရပ်စောင့်နေသူမှာ တစ်မျိုးတစ်ဖုံ ဖြစ်လာလေတော့သည်။

တစ်ကိုယ်လုံး တဆတ်ဆတ် တုန်ယင်နေပြီး မျက်လုံးများမှာ နီရဲလာလျက် ပုံပျက်ပန်းပျက် ဖြစ်လာလေတော့သည်။ သူ၏ ပုံသဏ္ဍာန်မှာ သာမန်လူတစ်ယောက်နှင့် မတူတော့ပဲ မကောင်းဆိုးဝါး တစ်ကောင်နှင့် တူလာလေတော့သည်။

၎င်းက ဓားကြီးကို ကိုင်ထားလျက် ရပ်နေသူများကို ကြည့်ကာ ပင်ကိုယ်အသံမဟုတ်သော အသံသြသြကြီးဖြင့် ပြောနေလေသည်။

"မကျေနပ်ဘူး. . . မကျေနပ်ဘူး"

"မင်းက ဘယ်သူလဲ"

"ငါက ချင်းသချိုင်းစောင့်နတ်ကြီးပဲ"

ထိုအခါမှ ဇမုန်းထန်မှာ လေသံပြောင်းသွားလေသည်။

"သချိုင်းစောင့်နတ်ကြီးက ဘာကိုမကျေနပ်တာလဲ"

"နင်တို့ ယဇ်ပူဇော်တာတွေ ပျက်နေတာ အတော်ကြာ





ပြီ၊ ငါမကျေနပ်ဘူး"

ထိုအခါ ယခင်ကတည်းက ကြောက်ရွံ့နေကြသော ရွာသားအချို့က ပြောသည်။

"သည်းခံခွင့်လွှတ်ပေးပါ နတ်ကြီး၊ ဒီကိစ္စက ကျုပ်တို့ မလုပ်ချင်တာ မဟုတ်ပါဘူး၊ နတ်ဆရာ ပျက်ကွက်တာပါ၊ သူ့မှာသာ အပြစ်ရှိပါတယ်"

"ငါ့ကို မလေးမစားလုပ်တဲ့ နတ်ဆရာကို အရှင်မထားဘူးဟေ့"

ထိုသို့ပြောသံကြားသောအခါ အချို့ရွာသားများက ကျေနပ်သွားကြလေသည်။

သူတို့အပေါ် သချိုင်းစောင့်နတ်ကြီးက ခွင့်လွှတ်ပေးပြီး နတ်ဆရာကိုသာ အပြစ်ပေးတော့မည်ဟု ထင်ကြသဖြင့် လောလောဆယ်တော့ စိတ်သက်သာရာ ရသွားကြလေသည်။

ထို့နောက်မှာ နတ်ဝင်သည်တစ်ယောက်ကဲ့သို့ ဖြစ်ကာ တစ်ကိုယ်လုံး တုန်လှုပ်နေသော နွားသတ်သမားမှာ တဖြည်းဖြည်းနှင့် ပြန်ငြိမ်လာလေသည်။

မကြာမီ ပုံမှန်အခြေအနေသို့ ပြန်ရောက်လာလေတော့သည်။ အချိန်ကလည်း ညဥ့်ဦးပိုင်းအချိန်သို့ ရောက်လာချေပြီ၊ တောထဲမှာ အမှောင်ရိပ် ဖုံးသွားပေပြီ။

ထိုသို့ အမှောင်ရိပ် ဖုံးသွားတော့မှ သစ်ပင်များ ရှိနေကြသော သွားလာလှုပ်ရှားနေသော မည်းမည်းသဏ္ဍာန်တို့ကို ဝိုးတဝါး မြင်လာရသည်။

ထိုသင်္ချာန်များမှာ သချိုင်းမှာနေကြသော သရဲ တစ္ဆေ ဖုတ်၊ ကျတ်၊ မှင်စာ၊ စသော ပြိတ္တာလောကသားတို့ပင် ဖြစ်ကြလေသည်။

မှတ်တိုင်ကြီးနှစ်တိုင် စိုက်ထားသော နေရာအနီးမှာတော့ အရပ်အမောင်းမြင့်မားသော သချိုင်းစောင့်သရဲကြီး ရပ်နေလေသည်။

၎င်း၏တစ်ကိုယ်လုံး အမွေးအမှင်များ ဖုံးနေပြီး ပုတ်လုံးတမျှ ကြီးမားလှသည်။

အရပ်အမောင်းကလည်း ရှစ်ပေခန့်မြင့်သော မှတ်တိုင်ကြီးများကိုပင် ကျော်နေသည်။

၎င်းတို့မှာ ယဇ်ပူဇော်ရာမှ စွန့်ပစ်ပေးသော အသွေးအသားများကို စားသောက်ရန် အဆင်သင့် စောင့်နေကြခြင်း ဖြစ်သည်။

အချိန်ကျသောအခါ ဗမုန်းထန်က အချက်ပေးလိုက်ရာ နွားသတ်သမားက နွားလည်ပင်းကို ဓားဖြင့် လှီးလေသည်။

ထိုသို့ လှီးရာမှာလည်း သွေးများများရစေရန် အသွားထက်သော ဓားဖြင့် ဖြည်းဖြည်းချင်း လှီးဖြတ်နေခြင်း ဖြစ်သည်။ နွားက တဘဲဘဲအော်ရင်းနှင့် ရုန်းကန်နေသော်လည်း မလွတ်ပေ။

လည်ပင်းမှကျသောသွေးများက အောက်မှခံထားသော ကျောက်ခွက်ထဲသို့ စီးကျလေသည်။

သွေးနံ့ရသောအခါ မှတ်တိုင်များကြား သစ်ပင်များ





ကြားမှ ရှိနေကြသော သရဲသဘက်တို့မှာ မျက်လုံးပြူးကြီးများဖြင့် အငမ်းမရကြည့်ရင်းဖြင့် ရှေ့သို့ တဖြည်းဖြည်း တိုးလာကြသည်။

အချို့မျက်လုံးများမှာ အသွေးအသားကို တပ်မက်မှုကြောင့် အပြင်သို့ ကျွတ်ထွက်လုမတတ် ပြူးထွက်နေကြသည်။

နွားသတ်သမားက နွားလည်ပင်းကို ဖြတ်သည်အထိ ဖြတ်ချလိုက်သော်လည်း နွားက ချက်ချင်းမသေသေးပဲ လူးလှိမ့်ရှားနေသေးသည်။

အတော်ကြာတော့မှ တဖြည်းဖြည်း ငြိမ်ကျသွားလေသည်။ ထိုအခါမှ ချည်ထားသော ကြိုးများကို ဖြုတ်ချလိုက်ရာ မြေပေါ်သို့ ဗုန်းဗုန်းလဲကျသွားလေတော့သည်။

ထို့နောက် ဦးခေါင်း၊ အူ၊ အသည်းနှလုံးတို့ကို ဖောက်ထုတ်ပြီး သချိုင်းစောင့်နတ်(သရဲကြီး)ကြီးကို အရင်ကျွေးသည်။ ပြီးမှ သချိုင်းထဲမှာရှိသော သရဲသဘက်၊ ကျတ်၊ မှင်စာ၊ ဘီလူးတို့ကို ကျွေးမွေးရသည်။

အသားများကို တုံးပေါ်မှာ အပိုင်းပိုင်းအတစ်တစ် ပြုလုပ်ပြီး ပစ်ကျွေးကြခြင်း ဖြစ်သည်။

အသားတုံး ပစ်ချလိုက်သည်နှင့် ဝိုင်းဝန်းစုပြုံပြီး လုယက်စားသောက်ကြပုံမှာ အလှူတစ်ခုတွင် ငွေကြဲသောအခါ ကလေးများ ဝိုင်းဝန်းလုယက်နေကြသကဲ့သို့ ရှိလေသည်။

နွားတစ်ကောင်လုံး ဖျက်ဆီးရာမှာတော့ နွားသတ်သမားတစ်ယောက်တည်းနှင့် မပြီးနိုင်သဖြင့် ရွာသားများကပါ ဝိုင်းပန်းအကူအညီပေးကြရသည်။

အသားတုံးကလေးများအဖြစ် အပိုင်းပိုင်းအတစ်တစ် ပြုလုပ်ပြီးမှ ပစ်ကျွေးကြခြင်းဖြစ်သည်။

ထိုသို့ ကျွေးမွေးရသည်ကိုပင် အားလုံးက သဘောအကျကြီးကျကာ. . ပါးစပ်မှ ဆုတောင်းသံများကလည်း ဆူညံနေတော့သည်။

နောက်ဆုံးမှာတော့ နွားတစ်ကောင်လုံး အရိုးအရင်း ပါမကျန် အစအန ပျောက်သွားတော့သည်။

ကျွေးမွေးပြီးသောအခါ အသင့်ဆောင်ယူလာသော ဝါးကျည်တောက်ပိုင်းများဖြင့် ကျောက်ခွက်ထဲမှ သွေးရေများကို ခပ်ယူပြီး ပက်ဖျန်းကြသေးသည်။

ပတ်ဝန်းကျင်တစ်ခုလုံးမှာ သွေးညှီနံ့များဖြင့် လှိုင်နေလေသည်။

ရွာသူရွာသားများ အားလုံးတို့လည်း သွေးများဖြင့် နီရဲနေသည်။ သွေးမစွန်းသူ မရှိတော့ပေ။

နောက်ဆုံး ညဉ့်နက်ပိုင်းအချိန်ရောက်မှ ယဇ်ပူဇော်ပွဲပြီးသွားရာ ရွာသူရွာသားများလည်း မိမိတို့ရွာဘက်သို့ ပြန်လာခဲ့ကြလေသည်။





# အခန်း(၆)

# မြေနှင့်ပတ်သက်သည့် အစွမ်းထက်သောပညာများ

ကဝေမြောင်ရွာတွင် ယဇ်ပူဇော်ပွဲ ပြုပြီးသည့်နောက်ပိုင်းမှာလည်း ဝမ်းရောဂါဖြစ်သူအချို့ ကျန်နေသေးသည်။

သို့သော်. . အချို့ကသာ ဦးဒီပကိုခေါ်ပြီး ကုသသော်လည်း အချို့ကတော့ မနှစ်သက်သဖြင့် ၎င်းကိုပင်မခေါ်ပဲ ကျွန်းညီနောင်ရွာမှ ဆရာတစ်ယောက်ကို ခေါ်ကုလေသည်။

ထိုအခြေအနေကို သိသောအခါ ဦးဒီပက ထိုရွာမျိုးမှာ

ဆက်မနေသင့်တော့မှန်း သဘောပေါက်မိလေသည်။ သို့သော်
လည်း တစ်နေရာနှင့် တစ်နေရာ ရွှေ့ပြောင်းရခြင်းမှာ မလွယ်
ကူသဖြင့် အလွယ်တကူတော့ ဖြစ်မလာ။ ထို့ကြောင့် တစ်ခေါက်ပြောင်း
မှာ နေလာခဲ့သည်မှာ နှစ်အတော်ကြာခဲ့ပြီ ဖြစ်လေသောကြောင့်
အခြားနေရာ ရွှေ့ပြောင်းရန်မှာ လွယ်လွယ်ဖြစ်နိုင်ပဲ ရှိနေသော
သည်။

တစ်ညမှာတော့ ၊ ဦးဝီပ၊ ဒေါ်ကျင်စောနှင့် နီ့မောင်
ဖြူလေးတို့ စားသောက်ဆဲပြီး တိုင်ပင်ကြသည်။

"ငါတို့မိသားစု ဒီရွာမှာ ဆက်နေလို့ မသင့်တော့ဘူး
ဒီရွာက လူတွေက သူတို့လုပ်စေချင်တဲ့ သက်မှုစာတဲ့အလုပ်ကို
ငါတို့ပဲတိုင် လုပ်မပေးတော့ ဒီလိုပြီ သဘောမကျကြဘူး"

"တစ်နေရာနဲ့ တစ်နေရာ ရွှေ့ပြောင်းဖို့ဆိုတာ လွယ်
တာမဟုတ်ဘူး။ ကျုပ်တို့ကလည်း ဒီရွာမှာပဲ နေလာကြတာ
အတော်ကြာပြီဆိုတော့ ရှင် သူတို့လုပ်စေချင်တာ လုပ်ပေး
မရဘူးလား"

တို့တောင်းပြောတော့ ဦးဝီပက ခေါင်းခါပြသည်။

"ငါတို့မိသားစု ကောင်းဖို့အတွက်နဲ့တော့ ဒီလောကထဲ
ကူညီလို့ မျှမတဲ့ အလုပ်မျိုးတွေ ငါ မလုပ်ပါရစေနဲ့ ဒီအလုပ်
မလုပ်ရင်လည်း ငါတို့မိသားစုအနေနဲ့ ထမင်းမငတ်နိုင်ပါဘူး
ငါတတ်တဲ့ပညာနဲ့ ဘယ်နေရာပဲနေနေ အဆင်ပြေနိုင်ပါတယ်"

"အင်းလေ ဒါကတော့ ရှင့်သဘောပါပဲ ကျုပ်တို့
ရှင့်ကိုပဲ အားကိုးနေရတယ်ဆိုတော့ ရှင်သဘောကျသလိုသာ





ဘဲ မမြဲမြန် မြန်မြန်သာ ဆိုလည်း မြန်ပေါ့"

ဒေါ်ကျင်စောကတော့ ဒီလောက်သာ ပြောသည်။

နီ့မောင်က တို့တောင်းရှောကို နားထောင်ပြီး စိတ်ထဲမှာ
ကျေနပ်သလို ဖြစ်နေသည်။

"အမေက ဘေးကနေ တစ်ယောက်ပဲ နှုတ်ပေးရတဲ့
တို့ တင်မြှောက်ထားလို့သာ လုပ်နေရတာ မဟုတ်လား။ အဖေ
ဘုရား ရှေးကဖြစ်ရင် ပျော်ကောင်းပေမယ့်ကို တခြား
တွေ လုပ်မပေးလို့ မကျေနပ်ဘူးဆိုတာတော့"

"ရပ်ဆေးလှ ရွာလေးသွားတော့ ပစ်ထားလို့မရဘူး။ ကချင်
နေရင် ကချင်တွေကို လိုက်နာရမယ်၊ နားမှာနေရင် နား
ကို လုပ်ရမယ်၊ အဲဒီလိုပဲ ချင်းမှာနေရင်လည်း ချင်းတို့ရဲ့
ထုံးစံတွေကို ပစ်ထားလို့ မရဘူး"

ဒေါ်ကျင်စောက ချင်းလူမျိုးပါ သူတစ်ယောက် ဖြစ်သ
အကျိုးအကြောင်း ပြောပြလေသည်။

"ဒါကတော့ အမေရယ်၊ ဓလေ့စရိုက်ဆိုတာ ကောင်း
ဆိုရင်တော့ ဆက်လုပ်သင့် လုပ်ရမှာပေါ့။ ဓလေ့စရိုက် ဆို
ဆို မကောင်းတာဆိုရင်တော့ ပယ်ဖျက်ရမှာပေါ့"

"မင်းပြောသလိုတော့ မလွယ်ပါဘူးကွယ်၊ တောတောင်
ထဲမှာ နေကြတဲ့လူတွေက ဓလေ့စရိုက်ကို ယုံကြည်မိရင်
သက်သေမှာပဲ ဖြစ်နေတတ်ကြတယ်"

"အမေပြောသလို ဆိုရင်တော့ ကျွန်မတို့ မိသားစုက
နေရာမှာ ဆက်နေရင်... သူတို့နဲ့ဆန့်ကျင်ဘက် ဖြစ်နေမှာပဲ။

ဒီတော့ အဖေဆေးမကုပဲနေမှ ရတော့မယ်၊ ဆေးမကုပဲနေရင် နတ်ဆရာမဖြစ်တော့ရင်၊ အဖေမလုပ်ချင်တဲ့ အလုပ်တွေလည်း မလုပ်ရတော့ဘူးပေါ့"

ဟု မြလေးရီကပါ ဝင်ပြောသည်။

"ငါ့သားနဲ့ သမီးပြောတာရော၊ ငါ့မိန်းမပြောတာတွေရော မှန်ပါတယ်၊ ငါတို့ မိသားစုအတွက် အဖြေကတော့ ဓလေ့စရိုက်မတူတဲ့ အရပ်ဒေသမှာ ဆက်မနေကြတာ အကောင်းဆုံးပဲ၊ ဒီတော့ လာမယ့်နှစ် မိုးကုန်တော့ ရွှေ့ပြောင်းဖို့ စီစဉ်ကြတာပေါ့"

ဟု ပြောလေသည်။

ကျန်မိသားစု သုံးယောက်ကတော့ ဘာမှထပ်မပြောကြတော့ပေ။

နောက်ပိုင်းရက်များမှာတော့ ဦးဒီပက ဆေးကုမသွားသော အချိန်များတွင် နီမောင်အား သူတတ်သော ပညာများကို သင်ကြားပေးလေသည်။

ဆေးပညာ၊ ဓာတ်ပညာနှင့် ပယောဂပညာများအပြင် ပရလောကသားများနှင့် သက်ဆိုင်သော ပညာရပ်များလည်း ပါလေသည်။

ထို့ပြင် တောတောင်များ၌ နေကြသူများအတွက် အမြဲကကြုံတွေ့ရသော အန္တရာယ်နှစ်မျိုးရှိသည်။ ထိုအန္တရာယ်နှစ်မျိုးနှင့်တွေ့ပါက သုံးရမည့်ပညာရပ်များ ရှိပေသည်။

တစ်ခုက ပရလောကသားများနှင့် သက်ဆိုင်သော





ပညာရပ်ဖြစ်ပြီး အခြားတစ်ခုက မြွေနှင့်ပတ်သက်သော ပညာရပ်တို့ပင် ဖြစ်သည်။

"အဆိပ်ရှိတဲ့မြွေနဲ့ ပရလောကသားတွေက လူရှိတဲ့နေရာတိုင်းမှာ ရှိတယ်၊ ဒီတော့ မင်းအနေနဲ့ ဆေးကုတဲ့ပညာကို ဝါသနာပါရင် ဒီပညာနှစ်ရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်ထားဖို့ အရေးကြီးတယ်"

ဟု ပြောပြကာ အသေးစိတ် သင်ကြားပေးလေသည်။

နီမောင်ကတော့ ထိုပညာရပ်နှစ်မျိုးစလုံးကို စိတ်ဝင်စားလှသည်။

ဝိညာဉ်လောကသားများဟုခေါ်သော သရဲ၊ သဘက်၊ တစ္ဆေ၊ ကျတ်၊ ဘီလူး၊ မှင်စာတို့နှင့် ပတ်သက်သော သဘောသဘာဝများ၊ ဖမ်းစားတတ်ပုံများ၊ ၎င်းတို့ ဖမ်းစားခံရပါက လွတ်မြောက်အောင် မည်သို့မည်ပုံ ဆောင်ရွက်ရပုံများ၊ ဝိညာဉ်လောကသားတို့ကို အဝေးသို့ နှင်ထုတ်နိုင်စေသော နည်းများပါသည်။

နတ်ဆိုးများနှင့် ပတ်သက်သော အချက်အလက်တို့ကိုလည်း တစ်ဆက်တည်း သင်ယူရသည်။

ထို့ပြင် ထိုရောဂါများအတွက် သက်ဆိုင်ရာ ဆေးနည်းများကိုပါ သင်ကြားယူရသည်။

မြွေနှင့်ပတ်သက်သည့် ပညာရပ်တို့ကို သင်ယူရသောအခါမှာလည်း စိတ်ဝင်စားဖွယ်ရာ ကောင်းလှလေသည်။

မြွေဟုဆိုသည်နှင့် အကောင်ကြီး အကောင်သေးဟူ၍ ခွဲခြားသိနိုင်သလို၊ အဆိပ်ရှိသောမြွေနှင့် အဆိပ်မရှိသော မြွေဟူ

၍လည်း နှစ်မျိုးသိနိုင်သည်။

သို့သော် လူတို့မသိသော အချက်အချို့ရှိသည်။

အချို့က ရေမြွေဟုခေါ်သော ကနကုတ်မြွေကိုက်လျှ မသေနိုင်ဟု ယူဆထားကြသည်။

အဘယ်ကြောင့်ဆိုသော်. . .

ရေမြွေမှာ အဆိပ်မရှိသောကြောင့် ဖြစ်သည်။

အဆိပ်မရှိဟုထင်သော ရေမြွေအကိုက်ခံရလျှင် အ ဆိပ်မရှိသောကြောင့် ပေါ့ပေါ့ပင် နေသည်။

ထိုအခါ အဆိပ်တက်၍ သေတတ်ပေသည်။

သေရခြင်းမှာ ထိုမြွေမှာ ရေမြွေပင်ဖြစ်သော်လည်း အ ဆိပ်ရှိနေသောကြောင့် ဖြစ်သည်။

ရေမြွေအဆိပ်ရှိရခြင်းမှာ ဤသို့ဖြစ်သည်။

မြွေမိတ်လိုက်သည့်အခါ တစ်ကောင်ချင်း နှစ်ကောင် ချင်း မိတ်လိုက်ကြသည်မျိုး မဟုတ်ပဲ၊ ရှိသမျှ မြွေအားလုံး ဝင် ရောက်လုံးထွေးကာ လိုက်ကြခြင်း ဖြစ်သည်။

တောတောင်များထဲ၌ဆိုမူ မြွေမျိုးစုံများသောကြောင့် မြွေလုံးကြီးမှာ တင်းတောင်းမက ရှိတတ်ပေသည်။

ထိုမြွေလုံးထဲသို့ ရှိသမျှ မြွေတို့က ဝင်ရောက်လုံး ထွေး လျက် မိတ်လိုက်ကြခြင်းဖြစ်ရာ ရေမြွေလို အဆိပ်မရှိသော မြွေ နှင့် အဆိပ်ပြင်းသော မြွေပွေးအဖိုနှင့်လည်း မိတ်လိုက်မိသည်မျိုး ရှိသည်။

အဆိပ်ရှိသောမြွေနှင့် အဆိပ်မရှိသောမြွေတို့ မိတ်လိုက်





မိသောအခါ ရေမြွေမှပေါက်လာသော သားသည် ဖခင်၏ အ ဆိပ်ဗီဇပါသဖြင့် အဆိပ်ရှိနေသည်။

ထို့ကြောင့် ရေမြွေကိုက်သဖြင့် သေရခြင်းမှာ အဆိပ်ရှိ သောမြွေနှင့် မိတ်ကျပြီးပေါက်သော မြွေဖြစ်နေခြင်းကြောင့် ထိုမြွေမျိုးကိုက်သောအခါ သေရခြင်း ဖြစ်လေသည်။

ထို့ပြင် မြွေဟုဆိုလျှင် အဆိပ်ရှိသည်ဖြစ်စေ၊ အဆိပ်မ ရှိသည်ဖြစ်စေ၊ အကောင်သေးသည်ဖြစ်စေ၊ အကောင်ကြီးသည် ဖြစ်စေ. . မထေမဲ့မြင် မပြုရပေ။

ယခု ရေးသားဖော်ပြမည့် အကြောင်းအရာတို့မှာ မြွေ နှင့်ပတ်သက်သည့် သိသင့်သော အကြောင်းအရာတို့ပင် ဖြစ် သည်။

ပထမဦးစွာ မြွေဖိုမြွေမ၊ ခွဲခြားသိရှိနိုင်ခြင်းကို ဖော်ပြပါ မည်။

- ➤ လဆန်း(၁)ရက်နေ့တွင် အမျိုးသားကို လက်ဝဲဘက်က ကိုက်ခဲ့သည့် မြွေသည် မြွေဖိုဖြစ်သည်။
  အကိုက်ခံရသူသည် သေနိုင်သည်။
- ➤ လဆန်း(၁)ရက်နေ့တွင် အမျိုးသမီးကို လက်ယာဘက် ကကိုက်ခဲ့သည့် မြွေသည် မြွေမဖြစ်သည်။
  အကိုက်ခံရသူသည် မသေနိုင်။
- ➤ လဆန်း(၁)ရက်နေ့တွင် အမျိုးသမီးကို လက်ဝဲက ကိုက် ခဲ့မူ မြွေဖိုဖြစ်သည်။
  အကိုက်ခံရသူသည် သေနိုင်သည်။

➤ လဆုတ်(၁)ရက်နေ့တွင် အမျိုးသားကို လက်ယာဘ
က ကိုက်ခဲ့သောမြွေသည် မြွေမဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။

➤ လဆုတ်(၁)ရက်နေ့တွင် အမျိုးသားကို လက်ဝဲဘက်
ကိုက်ခဲ့သောမြွေသည် မြွေဖိုဖြစ်သည်။
အကိုက်ခံရသူသည် မသေနိုင်ပေ။

➤ လဆုတ်(၁)ရက်နေ့တွင် အမျိုးသမီးကို လက်ယာဘ
က ကိုက်ခဲသောမြွေသည် မြွေမဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။

➤ လဆုတ်(၁)ရက်နေ့တွင် အမျိုးသမီးကို လက်ဝဲဘက်
ကိုက်ခဲသောမြွေသည် မြွေဖိုဖြစ်သည်။
အကိုက်ခံရသူသည် မသေနိုင်ပေ။

မြွေကိုက်ခဲခြင်း ခံရသည့် နေ့နံခုနစ်ပါးအလိုက် မြွေ
မြွေကောင်း ရွေးချယ်ပုံကို ဆက်လက်ဖော်ပြပါမည်။

မည်သည့် အမျိုးသား၊ အမျိုးသမီးကိုမဆို. . .

၁။ တနင်္ဂနွေနေ့ နံနက်တွင် ကိုက်ခဲသည့်မြွေသည် ဆင်း
မြွေ၏သား မြွေပွေးဖြစ်သည်။ သေနိုင်သည်။
ဗုဒ္ဓဟူးနေ့ မွန်းလွဲတွင် ကိုက်ခဲသည့်မြွေသည် ရေမြွေ
ပျောက်သားဖြစ်သည်။ မသေနိုင်။
ဗုဒ္ဓဟူးနေ့ ညနေရီတရောတွင် ကိုက်ခဲသည့်မြွေသည်
မြွေပြဒါးသားဖြစ်သည်။
အကိုက်ခံရသူ သေနိုင်သည်။





သူငယ်အိပ်ဆိတ်တွင် ကိုက်ခဲသည့်မြွေသည် ငန်းတော်
ကျားသားဖြစ်သည်။ သေနိုင်သည်။
၂။ တနင်္လာနေ့တွင် ကိုက်ခဲသည့်မြွေသည် အဆိပ်မရှိသ
ဖြင့် အကိုက်ခံရသူသည် မသေနိုင်ပေ။
ဗုဒ္ဓဟူးနေ့ နံနက်(၁)ချက်တီးကျော်တွင် ကိုက်ခဲသောမြွေ
သည် ငန်းတော်ကျားသား မြွေဟောက်ဖြစ်သည်။
သေနိုင်သည်။
ဗုဒ္ဓဟူးနေ့ မွန်းလွဲတွင် ကိုက်ခဲသည့်မြွေသည် စပါးကြီး
သား မြွေပွေးဖြစ်သည်။ အကိုက်ခံရသူသည် မသေနိုင်။
ဗုဒ္ဓဟူးနေ့ ညနေချမ်းတွင် ကိုက်ခဲသည့်မြွေသည် မြွေပတုံ့
သား မြွေဖြစ်သည်။ မသေနိုင်။
သူငယ်အိပ်ဆိတ်ချိန် သန်ကောင်တွင် ကိုက်ခဲသည့်မြွေ
သည် မြွေပွေးသား မြွေဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။
၃။ အင်္ဂါနေ့နံနက် နေထွက်စတွင် ကိုက်ခဲသည့်မြွေသည်
အဖမြွေဟောက်၊ အမိမြွေပွေး၏သား မြွေဖြစ်သည်။
သေနိုင်သည်။
ဗုဒ္ဓဟူးနေ့နံနက် (၁)ချက်မတီးမီမှ မွန်းတည့်ချိန်အတွင်း
ကိုက်ခဲသည့်မြွေသည် အဖဆင်ပစ်မြွေ၊ အမိ
မြွေဟောက်သား မြွေဖြစ်သည်။
အကိုက်ခံရသူသည်သေနိုင်သည်။
ဗုဒ္ဓဟူးနေ့ မွန်းတည့်ချိန်က နေဝင်စအချိန်အတွင်း ကိုက်ခဲ

သည့်မြွေသည် အဖမြွေဦးခေါင်းကြီး၊ အမိမြွေပွေး
သားဖြစ်သည်။ အကိုက်ခံရသူသည် မသေနိုင်။
သူငယ်အိပ်ဆိတ်ချိန်တွင် ကိုက်ခဲသည့်မြွေသည် မြွေ
လည်ဂုတ်တိုဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။
အင်္ဂါနေ့ ညဥ့်သန်းခေါင်ချိန်မှ ဗုဒ္ဓဟူးနေ့သို့ ဝင်စအ
ချိန်တွင် ကိုက်ခဲသည့်မြွေသည် ရေမြွေပြောက်ဖြစ်
သည်။ အမိကား ဝမ်းတွင်းပေါက်ဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။
၄။ ဗုဒ္ဓဟူးနေ့နံနက် နေထွက်ချိန်မှ မွန်းလွဲ(၂)ချက်တီး
ကျော်အချိန်အတွင်း ကိုက်ခဲသည့်မြွေသည် အမိ
မြွေဟောက်၊ အဖကား မြွေစိမ်းခေါင်းကြီး၏ သားမြွေ
ဖြစ်သည်။ မသေနိုင်။
၎င်းနေ့ နေ့လည်(၁)ချက်တီးကျော်မှ ညနေ(၄)နာရီအ
တွင်း ကိုက်ခဲသည့်မြွေသည် လယ်အုံမ မြွေမ၏ သား
ဖြစ်သည်။ သေနိုင်သည်။
ညဥ့်(၄)ချက်တီးကျော်ချိန်မှ သန်းခေါင်ချိန်အတွင်း
ကိုက်ခဲသည့်မြွေသည် မြွေပြဒါးဖြစ်သည်။
သေနိုင်သည်။
၎င်းနေ့ ညဥ့်သန်းခေါင်ကျော်မှ ကြာသပတေးနေ့ ဝင်စ
ချိန်အတွင်း ကိုက်ခဲသည့်မြွေသည် နဂါးအမျိုးမှဖြစ်
သော မြွေဖြစ်သည်။ သေနိုင်သည်။





၅။ ကြာသပတေးနေ့နံနက်မှ နေဝင်သည့်အချိန်အတွင်း
ကိုက်ခဲသည့်မြွေသည် မြွေစိမ်းခေါင်းကြီး၏သား မြွေ
ဖြစ်သည်။ သေနိုင်သည်။
၎င်းနေ့ ညဥ့်(၂)ချက်တီးကျော်ချိန် သောကြာနေ့သို့
ဝင်စအချိန်တွင် ကိုက်ခဲသည့်မြွေသည် ဆင်ပစ်မြွေ၏
သား မြွေပွေးဖြစ်သည်။ သေနိုင်သည်။
၆။ သောကြာနေ့ နံနက်ချိန်မှ နေဝင်စအချိန်အတွင်း ကိုက်
ခဲသည့်မြွေသည် အဖဆင်ပစ်မြွေ၊ အမိဝန်းအုပ်သား
မြွေဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။
၎င်းနေ့ သူငယ်အိပ်ဆိတ်အချိန်တွင် ကိုက်ခဲသည့်မြွေ
သည် ရေမြွေပြောက်သား မြွေဖြစ်သည်။
အကိုက်ခံရသူသည် မသေပေ။
၎င်းနေ့ (၂)ချက်တီးကျော် စနေနေ့သို့ ဝင်စတွင် ကိုက်
ခဲသည့်မြွေသည် မြွေဟောက်၏ သားမြွေဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။
၇။ စနေနေ့ နံနက်မှ မွန်းတည့်အချိန်အတွင်း ကိုက်ခဲသည့်
မြွေသည် မြွေဟောက်၏ သားမြွေဖြစ်သည်။
အကိုက်ခံရသူသည် သေနိုင်သည်။
၎င်းနေ့ မွန်းလွဲစမှ (၃)ချက်တီးကျော် အချိန်အတွင်း
ကိုက်ခဲသည့်မြွေသည် ငန်းတော်ကျားသား မြွေဖြစ်
သည်။ အကိုက်ခံရသူသည် မသေနိုင်ပေ။

မြေကိုက်ခံရသည့် လက်ယာလက်ဝဲဘက်ကို ကြည့်၍ ကိုက်သောမြေကို မြေကောင်းမြေဆိုး ခွဲခြားပုံကို ဆက်လက်ဖော်ပြပါမည်။

မြေကိုက်ခံရသူ၏ လက်ယာဘက်ကကိုက်သည့်မြေ ဖြစ်ပါက 'ဥ, ဒေါင်း, ညို, ပြာ - လက်ယာကခဲ အမြဲမြေကောင်း မှတ်' ဟူ၍ မှတ်ယူရပါသည်။

မြေကိုက်ခံရသူ၏ လက်ဝဲဘက်က ကိုက်သည့်မြေ ဖြစ်ပါက 'စန္ဒြနှင့် ဗုဒ္ဓ၊ သောကြာရက်မှာ လက်ဝဲ၊ ခဲလေမြဲ၊ မလွဲ၊ မြေကောင်းမှတ်'ဟူ၍ မှတ်ယူရပါသည်။

မြေကိုက်ခံရသည့်နေ့ဖြင့် မြေဖိုမြေမကို ခွဲခြားနိုင်ပုံကို 'အောင်, စံ, မြတ်, သူ - အဖိုယူ' 'ကျော်, လှ, ရဲ, ထွတ် - အမ မှတ်'ဟူ၍ မှတ်ယူရမည်။

"သစ်, ယာ,ကေ၊ ကျမ္မ-ဒွေ၊ အုန်းဆီနှော၊ တယော၊ ဒန္တာ၊ သည်ကလွဲသော ကံကြမ္မာ"ဟူ၍လည်း မှတ်ယူထားနိုင်ပါသည်။

ဋင်းကဗျာတို့၏ ရှင်းလင်းချက်မှာ သစ်၊ ယာ၊ ကေ= သောကြာနေ့နှင့် ဗုဒ္ဓဟူးနေ့များတွင် မြေကိုက်ခံရပါက အစွယ်ရာ(၁)ချောင်းရှိမည်။

ကျမ္မ-ဒွေး = တနင်္လာနေ့နှင့် ကြာသပတေးနေ့များတွင် မြေကိုက်ခံရပါက အစွယ်ရာ(၂)ချောင်း ရှိမည်။

အုန်း,ဆီ,နှော၊ တယော၊ ဒန္တာ=တနင်္ဂနွေနေ့၊ အင်္ဂါနေ့ နှင့် စနေနေ့များတွင် မြေကိုက်ခံရပါက အစွယ်ရာ(၃)ချောင်းရှိ





ည်၊ အဆိုပါမြေများသည် မြေကောင်းဖြစ်သည်။ သည်ကလွဲ သော် ကံကြမ္မာ = အထက်ဖော်ပြပါ မြေများမှ လွဲခဲ့သော် မြေဆိုး များဖြစ်၍ ကံကြမ္မာဆိုးဝင်ပြီး မြေကိုက်ခံရသူသည် အသက်သေ နိုင်သည်။ အလွန်ဆေးကုခက်လှသည်။

ကိုက်သည့်မြေကို မြေကောင်းမြေဆိုး ခွဲနိုင်ပါက "အနာ သိလျှင် ဆေးရှိသည်"ဟူသော စကားအတိုင်းပင် မြေကိုက်ခံရ သည့်နေ့ ခုနစ်နေ့အလိုက် ကုသရန် ရှေးခေတ်ဆေးနည်းများ ဖော်ပြပါမည်။

၁။ တနင်္ဂနွေနေ့တွင် မြေကိုက်ခဲခြင်းခံရပါက သနပ်ခါးမြစ် ကို သွေး၍သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ။ အခြားတစ်နည်းမှာ အောင်မဲဖြူမြစ်ကို လည်း သွေး၍သောက်နိုင်ပါက အဆိပ်ပြေ၍ ချမ်းသာ ရာ ရနိုင်ပါသည်။

၂။ တနင်္လာနေ့တွင် မြေကိုက်ခဲခြင်း ခံရပါက မိုးနံမြစ်ကို ရေနှင့်သွေး၍ သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ။ အခြားတစ်နည်းမှာ. . မြင်းစဂုံနီမြစ်ကို ရေနှင့်သွေး၍ သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ။ အဆိပ်ပြေ၍ ချမ်းသာရာ ရနိုင်ပါသည်။

၃။ အင်္ဂါနေ့တွင် မြေကိုက်ခဲခြင်း ခံရပါက မောက္ခတော မြစ်ကို သွေး၍သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ။ အခြားတစ်နည်းမှာ လိပ်သရွှေမြစ်ကို သွေး၍သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်

လိမ်းပါ၊ အဆိပ်ပြေ၍ ချမ်းသာရာ ရနိုင်ပါသည်။

၄။ ဗုဒ္ဓဟူးနေ့တွင် မြွေကိုက်ခဲခြင်းခံရပါက မြင်းခေါင်းနွယ်ရောင်မြစ်ကို သွေး၍သောက်ပါ၊ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ၊ အခြားတစ်နည်းမှာ မရကန်မြစ်ကို သွေး၍သောက်ပါ၊ အကိုက်ခံရသည့် ဒဏ်ရာမှာပွတ်လိမ်းပါ၊ အဆိပ်ပြေ၍ ချမ်းသာရာ ရနိုင်ပါသည်။

၅။ ကြာသပတေးနေ့တွင် မြွေကိုက်ခဲခြင်း ခံရပါက သရက်ချိုမြစ်ကို သွေး၍သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ၊ အခြားတစ်နည်းမှာ. . မဟော်ရာမြစ်(သို့မဟုတ်)ကြက်ဆူမြစ်ကို သွေး၍သောက်ပါ။ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ။

၆။ သောကြာနေ့တွင် မြွေကိုက်ခဲခြင်း ခံရပါက သစ်တော်မြစ်ကို သွေး၍သောက်ပါ၊ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ၊ အခြားတစ်နည်းမှာ. . . ယင်းပြားမြစ်ကို သွေး၍သောက်ပါ၊ လိမ်းပါ။

၇။ စနေနေ့တွင် မြွေကိုက်ခဲခြင်း ခံရပါက အုန်းနဲ့မြစ်ကို သွေး၍သောက်ပါ၊ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ၊ အခြားတစ်နည်းမှာ ထွန်းကျော်မြစ်ကို သွေး၍သောက်ပါ၊ အကိုက်ခံရသည့် ဒဏ်ရာမှာ ပွတ်လိမ်းပါ၊ အဆိပ်ပြေ၍ ချမ်းသာရာ ရနိုင်ပါသည်။

မြွေကိုက်ခံရသောအခါ အခြားသိမှတ်စရာများလည်း ရှိပေသေးသည်။





- ➤ တနင်္ဂနွေနေ့၌ မြွေထိခံရပါက ထိုမြွေမှာ 'အနန္တာ'ဟု အမည်ရှိပြီး ခြေဖမိုး၌ မြွေအဆိပ်တည်သည်။
- ➤ တနင်္လာနေ့ မြွေထိခံရမူ 'ဇောသုက'ဟု အမည်ရှိပြီး ဒူးပုဆစ်၌ အဆိပ်တည်သည်။
- ➤ အင်္ဂါနေ့၌ မြွေထိခံရပါက 'တက္ကသ'အမည်ရှိပြီး အဆိပ်မှာ လက်ယာနားဝ၌ တည်သည်။
- ➤ ဗုဒ္ဓဟူးနေ့ မြွေထိခံရပါက 'တလုသက'အမည်ရှိပြီး မြွေဆိပ်မှာ နှုတ်ခမ်းထက်၌ တည်ရှိသည်။
- ➤ ကြာသပတေးနေ့၌ မြွေထိမူ 'ဝိသက'အမည်ရှိပြီး မြွေဆိပ်မှာ အသည်းဖျား၌ တည်သည်။
- ➤ သောကြာနေ့ မြွေထိပါက 'မဟာပန္န'အမည်ရှိပြီး မြွေအဆိပ်မှာ လက်ဝဲမျက်စိ၌ တည်သည်။
- ➤ စနေနေ့ မြွေထိလျှင် 'သံသဗဟိ'ဟု အမည်ရှိပြီး အဆိပ်မှာ လက်ယာမျက်စိ၌ တည်လေသည်။

မြွေထိသောအခါ. . မြွေဆိပ်ထက် ပိုမိုကြောက်စရာကောင်းသောအချက်မှာ 'အပမှီခြင်း'ပင် ဖြစ်သည်။ အပမှီခြင်းဆိုသည်မှာ မကောင်းဆိုးဝါးများ ပူးကပ်လာခြင်းပင် ဖြစ်သည်။

လူတစ်ယောက်ကို အဆိပ်ပြင်းသောမြွေ ထိလိုက်ပါက မျက်လုံးမှာ မီးဝင်းဝင်းတောက်သွားပြီး သတိလက်လွတ် ဖြစ်သွားလေ့ရှိသည်။

ထိုအချိန်မှာ အနီးပတ်ဝန်းကျင်မှာရှိနေသော မကောင်းဆိုးဂါးတစ်ကောင်ကောင်က ပူးကပ်ပါလာခြင်းပင်ဖြစ် ၏။ ဒါကို

ကျေးလက်တောရွာများ၌ နေသူတို့က အပမှီခြင်းဟု ခေါ်ဝေါ်ကြသည်။

နားလည်တတ်ကျွမ်းသော ဆရာနှင့်တွေ့ပါက မြွေထိခံရသူကိုယ်မှ မြွေဆိပ်မချခင် ကိုယ်၌ပူးကပ်နေသော မကောင်းဆိုးဝါးကို အလျင်ဖယ်ထုတ်လေ့ရှိသည်။ ပြီးမှ မြွေဆိပ်ချပြီး ဆေးကုသည်။

ပယောဂနားမလည်သော ဆရာတို့ကတော့ အပမှီခြင်းကို မနိုင်သဖြင့် မြွေဆိပ်ချခြင်းကိုသာ အလျင်ကုသသည်။

ထိုလူနာမျိုးက မကောင်းဆိုးဝါး ဝင်နှောင့်ယှက်သဖြင့် ဆေးကု၍မရပဲ အသက်သေဆုံးတာ များလေသည်။

ကျေးလက်တောရွာများမှာ မြွေထိခံရပါက မကောင်းဆိုးဝါး ဝင်ရောက်အမှီခံရခြင်း များသည်။

ထို့ကြောင့် မြွေထိခံရသောနေရာကို မှတ်သားထားပြီးလျှင် အပမှီခြင်းကို ဖယ်ထုတ်ကြရသည်။

ဦးဒီပက သားဖြစ်သူ နီမောင်အား မြွေဆိပ်ကုသခြင်းများအပြင် တောထုတ်ခြင်းဟုခေါ်ကြသော မကောင်းဆိုးဝါးဖယ်ထုတ်ခြင်း ပညာများကိုပါ သင်ကြားပေးသည်။

မကောင်းဆိုးဝါး ထုတ်ခြင်းမှာ. . .

မြွေထိခံရသူကိုယ်မှ ခြေသည်း(၁၀)ခု၊ လက်သည်း(၁၀)ခု၊ ဆံပင်(၁၀)ချောင်းနှင့် ထွေးပတ်ကာ ယူသွားပြီး မြွေထိခံရသော နေရာအနီးတစ်ဝိုက်မှာရှိသည့် လမ်း၌ဖြစ်စေ၊ သစ်ပင်အောက်၌ ဖြစ်စေ၊ မီးဖိုပြီးနောက် ယူသွားသောပစ္စည်းများကို





သံဒယ်အိုးငယ်ဖြင့် ကျွမ်းအောင် လှော်ပစ်ရသည်။

ဒယ်အိုးထဲမှ ပစ္စည်းများကျွမ်းသွားပြီး မီးတောက်သောအခါ အောက်ပါဂါထာမန္တန်ကို ရွတ်ဆိုခြင်းဖြင့်. . လူနာမှာ စွဲကပ်နေသော မကောင်းဆိုးဝါး ထွက်ပြေးရလေသည်။

ရွတ်ဆိုရမည့် မန္တန်မှာ. . .

"ဦ. . စိ. . စော်. . သွား. . ဟ"

ဟူ၍ ဖြစ်ပေသည်။

မြွေနှင့် ပတ်သက်သည့် ဆေးနည်းကောင်းများစွာတို့လည်း ရှိပေသေးရာ. . ဦးဒီပက သားဖြစ်သူနီမောင်အား မချွင်းမချန် သင်ပေးလေသည်။





## အခန်း(၇)

# သံပချိုင်နှင့် သူ၏အကြံအစည်

တစ်နေ့သ၌ ကျွန်းနက်ညီနောင်ရွာ အတွင်းသို့ လူသုံး
ာက် ဝင်လာကြသည်။ ၎င်းတို့သည်. . အသက်(၃၀)ကျော်
အရွယ်ခန့် ရှိကြပြီး ချင်းအမျိုးသားများ ဖြစ်ကြလေသည်။

ထိုသုံးယောက်မှာ အမဲလိုက်မုဆိုးများဖြစ်ပြီး ကဝေ
င်ရွာမှာ နေကြသူများ ဖြစ်ကြသည်။

ထိုအထဲတွင် ပါလာသော ဇာမုန်ဆိုသူမှာ နွားသတ်
းလည်းဖြစ်သည်။

သူသည် ရုပ်ရည်က ခက်ထန်ကြမ်းတမ်းမှု ရှိသည်သာ မက စိတ်ကြမ်းကိုယ်ကြမ်း ရှိသူလည်းဖြစ်သည်။

နွားတစ်ကောင်ကို သတ်ဖြတ်ရမှာကိုပင် သာမန်ကြက် ကလေး ငှက်ကလေးတစ်ကောင် သတ်ဖြတ်သကဲ့သို့ ရက်ရက် စက်စက် သတ်ဖြတ်ဝံ့သူ ဖြစ်သည်။

ဇာမုန်က အသက် (၄၀)ကျော်အရွယ်ခန့်ရှိပြီး ကျန်နှစ် ယောက်ကို သူခေါ်လာခြင်း ဖြစ်သည်။

ကျန်နှစ်ယောက်မှာ ၎င်းအဖော်ခေါ်လာရာသို့ ပါလာ သူများ ဖြစ်သည်။

ထိုနှစ်ယောက်မှာ ဟယ်လိန်းနှင့်ခန်ဇန်တို့နှစ်ယောက် ဖြစ်ကြသည်။

ထိုနှစ်ယောက်ကတော့ အမဲလိုက်သော မုဆိုးများပင် ဖြစ်ကြလေသည်။

သူတို့သည် ကျွန်းနက်ညီနောင်ရွာသို့ ကိစ္စရှိသဖြင့် လာ ရောက်ကြခြင်း ဖြစ်သည်။

သူတို့နှင့်အတူ ဓား၊ လှံ၊ လေး၊ မြား လက်နက်တို့အပြ အထုပ်အချို့လည်း ပါလာကြသည်။

သူတို့လာသော ကျွန်းနက်ညီနောင်ရွာမှာလည်း ရွာကြီ တစ်ရွာပင် ဖြစ်သည်။

ရွာထိပ်နှင့် ရွာအနောက်ဘက်တွင် ကျွန်းနက်ပင်နှစ်ပ ထူးထူးခြားခြား ရှိသဖြင့် ကျွန်းနက်ညီနောင်ရွာဟု ခေါ်ကြခြ ဖြစ်သည်။





ထိုရွာကို အုပ်ချုပ်သူမှာ ဦးဇလွန်းမုံဖြစ်ပြီး အသက်(၅၀) ကျော် အရွယ်ခန့်ရှိသည်။

၎င်း၏ ညီဝမ်းကွဲတော်စပ်သူ သံပချိုင်က ကျွန်းနက်ညီ နောင်ရွာမှ နတ်ဆရာတစ်ဦး ဖြစ်လေသည်။

ထိုရွာမှာ နတ်ဆရာလုပ်ရသည်ကတော့ လွယ်သည်။ ...ကြိုးကျတောင်ထိပ်မှာ အသက်နှင့်ရင်းကာ ပညာပြိုင်ရသည် ...မရှိပဲ ရွာလူကြီးကလည်း သဘောကျ၊ ရွာသူရွာသားများက ...သည်း လက်ခံလျှင် နတ်ဆရာ ဖြစ်နိုင်သည်။

ဆေးပညာတတ်စရာမလိုပဲ ယဇ်ပူဇော်မှု တတ်ကျွမ်း ...င်ပင် ရွာသူရွာသားများက သဘောကျသည်။ သူတို့အတွက် ...း ရဲလျှင်လည်း အကြောင်းမဟုတ်၊ စားစရာ မရလျှင်လည်း ...ရေးမကြီး၊ ရောဂါမပျောက်လျှင်လည်း သေရမှာ မကြောက် ...ပေ။

အရေးကြီးတာက သချိုင်းစောင့်နတ်ကြီးနှင့် ပရလော ...သားတို့ကို ယဇ်ပူဇော်ပေးလျှင် ကျေနပ်ကြသည်။

သူတို့ကြောက်သည်မှာ ချင်းသချိုင်းစောင့်နတ်ကြီး စိတ် ...ပြီး ရွာဖျက်မှာကိုပင် ကြောက်ရွံ့ကြသည်။

ကျွန်းနက်ညီနောင်ရွာမှ နတ်ဆရာ သံပချိုင်က ဆေးကု ...မကျွမ်းကျင်စေကာမူ ယဇ်ပူဇော်တာတော့ ကျွမ်းကျင်သည်။ ...သဲမှာအကြောင်းတစ်ခုခု ပေါ်လာသည်နှင့် သချိုင်းသွားကာ ...ပူဇော်ရန်ပြင်သူ ဖြစ်သည်။

ထို့ကြောင့် အယူသီးသော ရွာသူရွာသားများက သူ့ကို

သဘောကျကြလေသည်။

သံပချိုင်က. . ဆေးကုသည့်နေရာ၌သာ မကျွမ်းကျင်သော်လည်း လူနာရှင်များထံမှ ပစ္စည်းယူရာမှာတော့ ကြမ်းသည်။ ကျွဲ၊ နွား၊ ဝက်၊ ဆိတ်၊ ကြက် စသည့်တို့အပြင် ဆန်စပါး အသီးအနှံများလည်း ယူသည်။

ထိုမှမရလျှင် အခြားရသမျှ ယူသည်။

ဘာမှ ယူစရာမရှိလျှင် လူကိုယူသည်။

ထိုရွာမှာရှိသော မိန်းကလေး အတော်များများမှာ နတ်ဆရာသံပချိုင်နှင့် ၎င်း၏တူတော်စပ်သူ ရွာလူကြီးဦးဇလွန်းမဲ၏သားဖြစ်သူ မန်လုံတို့လက်ချက်ကြောင့် ဘဝပျက်ခဲ့ကြရလေသည်။

သို့သော် ရွာလူကြီးကို ကြောက်ရသည်ကတစ်ကြောင်း နတ်ဆရာကို ကြောက်ကြရသည်က တစ်ကြောင်းကြောင့် မည်သူကမှ မပြောဝံ့ကြပေ။

၎င်းတို့အတွက် ဘေးအန္တရာယ်ကင်းစေရန် မှန်မှန် ယဇ်ပူဇော်ပေးနေသည်ကိုပင် ကျေးဇူးတင်နေရသကဲ့သို့ ရှိကြလေသည်။

ယခုအခါ ကဝေမြောင်ရွာမှလာကြသော နွားသတ်သမားတစ်ယောက်နှင့် မုဆိုးနှစ်ယောက်တို့သည် အထုပ်အပိုးများနှင့်. . နတ်ဆရာ သံပချိုင်နေသောအိမ်သို့ မေးမြန်းစုံစမ်းကာ ရောက်လာကြသည်။

"နတ်ဆရာ ရှိပါသလား"





"ဘယ်သူတွေလဲဟေ့"

တဲပေါ်မှ ပြန်မေးသံကြားရသည်။

"ငါတို့ ကဝေမြောင်ရွာက လာကြတာဟေ့၊ နတ်ဆရာ တွေ့ချင်လို့ပါ"

"ဒါဖြင့် အပေါ်တက်ခဲ့ကြ"

အပေါ်မှ အသံကြားတော့မှ လူသုံးယောက်က အထုပ် များကိုယူပြီး အိမ်ပေါ်တက်သွားကြသည်။

အိမ်ပေါ်ရောက်တော့ သံပချိုင်နှင့် တွေ့ကြရသည်။

"ခင်ဗျားက နတ်ဆရာလား"

"ဟုတ်တယ် နတ်ဆရာ သံပချိုင်ဆိုတာ ငါပဲ"

"ဒီမှာ ခင်ဗျားအတွက်. . . လက်ဆောင်တွေ ယူလာပါ ယ်"

ဟုပြောကာ ၎င်းတို့ယူလာသော အထုပ်များကို ပေး ည်။ ထို့နောက် မီးဖိုနားမှာထိုင်ရင်း သံပချိုင်က လူသုံးယောက် အကဲခတ်ကြည့်သည်။

"မင်းတို့က ဘယ်ရွာကလဲ"

"ငါတို့က ကဝေမြောင်ရွာကပါ"

"ဘာအတွက် ဒီကိုလာတာလဲ"

"ငါတို့ရွာမှာရှိတဲ့ နတ်ဆရာကို ငါတို့သဘောမကျဘူး၊ ခင်ဗျား ငါတို့ရွာမှာ နတ်ဆရာလာလုပ်ပေးပါ"

လူသုံးယောက်က လာရင်းကိစ္စကို လိုရင်းတိုရှင်းပင် ပြောကြသည်။ ထိုစကားကြားတော့ အကျည်းတန် အရုပ်ဆိုး

သော မျက်နှာပျက်လောက်သည်အထိ ရယ်လိုက်သည်။

"နတ်ဆရာဆိုတာ တစ်ရွာမှာ တစ်ယောက်ပဲရှိရ
လုပ်ချင်တိုင်းလုပ်လို့ မရဘူး၊ မင်းတို့ရွာက နတ်ဆရာက
ဖြစ်လို့လဲ. . မင်းတို့ကို နှိပ်စက်လို့လား"

သံပချိုင်က သွေးတိုးစမ်းသည့်အနေဖြင့်. . မေး
သည်။

"သူက မနှိပ်စက်ပါဘူး ၊ ဆေးကုတာလည်း ကော
တယ်၊ ဒါပေမယ့် ငါတို့အတွက် ယဇ်ပူဇော်မပေးဘူး"

"ငါသတင်းကြားသလောက်တော့ သူကမြေမြှုပ်
ကပဲ၊ နောက်ပြီး နတ်ကိုးကွယ်တဲ့သူလည်း မဟုတ်ဘူး၊ ဒီ
ယဇ်ပူဇော်တဲ့အလုပ်ကို သူဘယ်လုပ်တတ်မှာလဲ "

"ဟုတ်တယ်. . ဒါကြောင့် တစ်ရွာလုံးက သူ့ကို သ
မကျတော့ဘူး၊ ခင်ဗျားလာပြီး နတ်ဆရာလုပ်ပေးပါ"

"ငါ လုပ်ချင်တိုင်း လုပ်လို့မရဘူး၊ မင်းတို့ရွာမှာ
ထုံးစံ တစ်ခုရှိတယ် မဟုတ်လား၊ နတ်ဆရာနှစ်ယောက် ဖြ
ရင် မိုးကြိုးကျတောင်ထိပ်မှာ ပညာပြိုင်ရတယ်လေ"

"ဟုတ်တယ် အဲ့ဒါ ခင်ဗျားလုပ်ဝံ့သလား"

'မလုပ်ဝံ့ပါ' ဟုပြောလျှင်. . သူ့ကို အထင်အမြင်
တော့မည်မှာ မုချဖြစ်သည်။

'လုပ်ဝံ့သည်' ပြောပြန်လျှင်လည်း အကြောင်းမလှ
အသက်သေသွားနိုင်သည်။

ထို့ကြောင့် အတော်ကြာအောင် စဉ်းစားနေပြီးမှ. .





" သူလည်း နတ်ဆရာ၊ ငါလည်း နတ်ဆရာ၊ မပြိုင်ဝံ့စရာ
ဘာရှိသလဲ . . ဒါပေမယ့် ငါကမင်းတို့ရွာအကြောင်း ဘာမှမသိ
တော့ ငါတစ်ယောက်တည်းတော့ ဖြစ်မယ်မထင်ဘူး ၊ မင်းတို့
သုံးယောက်ပါ အကူအညီပေးရင်တော့ ဖြစ်နိုင်မယ်"

ဟုပြန်ပြောလိုက်သည်။

"ဖြစ်မယ်ဆိုရင်တော့ ဘာပဲဖြစ်ဖြစ် အကူအညီပေးပါ့
မယ်၊ သူရောက်လာကတည်းက ယဇ်ပူဇော်တာကို ကဖျက်
ယဖျက်လုပ်နေလို့ နွားမသတ်ရတာတောင် ကြာပါပြီ၊ ငါက နွား
မသတ်ရတော့ သူ့ကိုသတ်ချင်နေတာ"

နွားသတ်သမား ဇာမုန်က ရင်းစိတ်ထဲမှာ ရှိနေသည်ကို
ဖွင့်ပြောလိုက်သည်။

ထိုစကားကြားသောအခါ သံပချိုင်က သဘောကျစွာ
ရယ်လိုက်ပြန်သည်။

"သူက တစ်ရပ်တစ်ကျေးကလာနေတာပဲ သဘောမကျ
ရင် သတ်ပစ်လိုက်ပေါ့ကွ"

"ဘယ်နေပါ့မလဲ နတ်ဆရာရယ် ၊ ငါတို့လည်း ကြိုးစား
တာပေါ့၊ ဒါပေမယ့် မရဘူး"

"ဘယ်လိုမရတာလဲ"

"သူတစ်ယောက်တည်း တောထဲသွားတာတွေ့လို့ သတ်
ဖို့လိုက်သွားရင် တောထဲရောက်ရင် သူ့ကိုရှာမတွေ့တော့ဘူး"

"မင်းတို့ လိုက်လာမှန်းသိလို့ တစ်နေရာမှာ ပုန်းနေတာ
ဖြစ်မှာပေါ့"

"ညဘက် သူ့အိမ်သွားချောင်းရင်လည်း အဝတ်ဖြူနဲ့ လူတစ်ယောက်ကို အမြဲတွေ့ရတယ်၊ ဒီဆရာဆီမှာ အစောင့်တွေရှိတယ်"

"သူ့ဆီမှာ အစောင့်ရှိလည်း ငါမကြောက်ဘူး၊ မင်းတို့သုံးယောက် အကူအညီပေးရင် ငါ သူနဲ့ မိုးကြိုးကျတောင်ထိပ်မှာ ပညာပြိုင်ပြီး မင်းတို့ရွာမှာ နတ်ဆရာလာလုပ်ပေးမယ်"

ဟု ပြောလိုက်ရာ ဇာမုန်တို့သုံးယောက်မှာ သဘောကျသွားကြကာ. .

"မည်သည့် အလုပ်ပဲခိုင်းခိုင်း၊ ခိုင်းသမျှ လုပ်ပေးပါ့မည်"

ဟု ကတိပေးကာ ပြန်သွားကြလေတော့သည်။

ထိုသုံးယောက် ပြန်သွားသောအခါ သံပချိုင်က ၎င်း၏အစ်ကိုဖြစ်သူ ဦးဇလွှန်းမုံထံသွားကာ အကြောင်းစုံ ပြောပြလိုက်လေသည်။

"မင်းက ဘာကြောင့် သူတို့ရွာသွားပြီး ဆေးဆရာ လုပ်ချင်တာလဲ၊ ငါသတင်းကြားရသလောက်တော့ ကဝေမြောင်ရွာမှာရှိနေတဲ့ ဆေးဆရာကလည်း ဆေးကုတဲ့နေရာမှာ အတော်နာမည်ကြီးတယ်. . . ဆေးကောင်းဝါးကောင်းတွေလည်း ရှိပုံရတယ်"

"ဒါပေမယ့် ရွာကလူတွေက သူကို မကြိုက်ကြဘူး"

"ဘာကြောင့် မကြိုက်တာလဲ"

"သူက ငါတို့ဘာသာဝင် မဟုတ်ဘူး၊ ဒါကြောင့် ယဇ်ပူဇော်တဲ့အလုပ်တွေ လုပ်မပေးဘူး"





"ဒါများကွာ၊ ယဇ်ပူဇော်တဲ့ကိစ္စကို ရွာလူကြီးက လုပ်ားရင်ရတာပဲ၊ ရွာမှာ ဆေးဆရာကောင်းကောင်း ရှိဖို့ကသာ အရေးကြီးတာ"

ဦးဇလွှန်းမုံက ထိုသို့ပြောသောအခါ သံပချိုင်က သိပ်ပြီးသဘောမကျပေ။

"အစ်ကိုကလည်းဗျာ၊ ငါလည်း ဆေးဆရာတစ်ယောက်ပဲ၊ ရောဂါဖြစ်လာရင် ငါလည်း ဆေးကုတတ်တာပဲ၊ နှစ်ရွာမှာ နတ်ဆရာလုပ်ရတော့ ငါတို့အတွက် ရိက္ခာတွေများတာပေါ့"

"မင်းက ဟိုရွာသွားပြီး ဆေးဆရာလုပ်တာတော့ ဟုတ်ပြီ၊ လက်ရှိလုပ်နေတဲ့ဆရာနဲ့ မိုးကြိုးကျတောင်ထိပ်မှာ ပညာပြိုင်ဝံ့ရဲ့လား"

"ဘာကြောင့် မပြိုင်ဝံ့ရမှာလဲ၊ ငါ့မှာ အကူအညီပေးမယ့် သူတွေရှိတာပဲ"

သံပချိုင်က စိတ်အားထက်သန်စွာ ပြောနေသော်လည်း ဦးဇလွှန်းမုံကတော့ ဘာမှထပ်မပြောတော့ပေ၊ နံဘေးနားမှာရှိနေသော ထန်လုံကတော့ ထိုအကြောင်းကို ကြားသောအခါ များစွာဝမ်းသာနေသည်။

"ဦးလေး အဲ့ဒီရွာမှာ နတ်ဆရာ သွားလုပ်မယ်ဆိုတာ သိပ်ကောင်းတာပဲ၊ ကျွန်တော်တော့ သဘောကျတယ်"

"မင်းက ဘာကြောင့် သဘောကျတာလဲ"

"အဲ့ဒီရွာလူကြီးရဲ့သမီးက ချောလည်းချောတယ်၊ လှလည်းလှတယ်၊ မာနလည်း အတော်ကြီးတယ်၊ ဦးလေး အဲ့ဒီရွာ

မှာ နတ်ဆရာဖြစ်တော့မှ ဦးလေးအားကိုးနဲ့ သူ့ကိုရအောင်လုပ်ရမယ်"

"လူပျိုအပျို ရအောင်ပိုးတာပဲ နတ်ဆရာ ရှိမှလား"

ဦးဇလွန်းမုံက သားဖြစ်သူကိုကြည့်ကာ ပြောလိုက်သည်။

"သူက တစ်မျိုးပဲ၊ ကျွန်တော် တင်တောင်းတဲ့ ပစ္စည်းတွေလည်း မယူဘူး၊ ရွာလူကြီး သားဆိုပေမယ့်လည်း ဂရုမစိုက်ဘူး၊ ဒီတော့. . . ဦးလေး အဲ့ဒီရွာမှာ နတ်ဆရာဖြစ်တော့မှပဲ အဲဒီရွာလိုက်နေပြီး ရအောင်ပိုးရမှာပဲ"

ထန်လုံက အားတက်သရော ပြောနေသည်။

ထန်လုံမှာ အသက်(၂၅)နှစ် အရွယ်ခန့်ရှိပြီး ရွာလူကြီး၏ သားဖြစ်သော်လည်း ရုပ်ရည်ကကြမ်းပြီး မည်သည့်အလုပ်ကိုမှ မယ်မယ်ရရ မလုပ်ပေ။

သို့သော်လည်း ရွာထဲမှာရှိသော မိန်းမပျိုကလေးများကတော့ သူ့စက်ကွင်းနှင့် လွတ်ကင်းသည် မရှိလှပေ။

ထန်လုံတို့က တစ်ရွာလုံးမှာ စီးပွားရေး အကောင်းဆုံးဖြစ်သည့်အပြင် ရွာလူကြီးသားလည်းဖြစ်၊ ဦးလေး ဖြစ်သူကလည်း နတ်ဆရာဖြစ်သောကြောင့် အားလုံးက ကြောက်ရွံ့ကြရပြီး သူပြုသမျှ ကြိတ်မှိတ်ခံကြရလေသည်။

ထန်လုံ၏ နှိပ်စက်မှုဒဏ်ကို ရင်းတို့နေသော ကျွန်းနက်ညီနောင်ရွာမှ မိန်းကလေးများသာမက တခြားရွာများမှ မိန်းကလေးများလည်း ခံကြရသည်။





ထန်လုံက ကဝေမြောင်ရွာမှ ရွာလူကြီး ဇမုန်းထန်၏ သမီး မြဝင်းသူကို သဘောကျသဖြင့် အမျိုးမျိုး ချဉ်းကပ်ကြည့်သော်လည်း ယခုအချိန်ထိတော့ မရသေးပေ။ တလောက ငါးဖမ်းသွားကြစဉ်က မြဝင်းသူက သူ့လှေပေါ်မှာ လိုက်လာသဖြင့် သူပြောလိုသော စကားတို့ကို ပြောခွင့်ရခဲ့သည်။

သို့သော် လက်မခံခဲ့ပေ။

သူ့အချစ်ကို မရသည့်အပြင် ငါးရအောင် မဖမ်းနိုင်ခဲ့သဖြင့် အထင်အမြင်သေးခြင်းပင် ခံလိုက်ရသေးသည်။ ယခုတော့ ထန်လုံအတွက် အခွင့်အရေး ပိုကောင်းလာပြီဟု ဆိုရပေမည်။

အကယ်၍သာ မိုးကြိုးကျတောင်ထိပ်၌ ပညာပြိုင်သောပွဲတွင် ဦးလေးဖြစ်သူ သံပချိုင် အနိုင်ရပါက ကဝေမြောင်ရွာ၌ နတ်ဆရာ ဖြစ်လာပေမည်။

နတ်ဆရာဆိုလျှင် တစ်ရွာလုံးက ကြောက်ရွံ့ကြရပေရာ ထိုအခွင့်အရေးကို အသုံးချပြီး မြဝင်းသူကို ရအောင်ကြံစည်ရမည်ဟု စိတ်ကူးနေလေသည်။

"ဒါထက် ဦးလေးကို မေးရဦးမယ်"

"ဘာမေးမှာလဲ"

"အဲ့ဒီရွာကဆရာက အစွမ်းထက်တယ်လို့ ပြောသံကြားတယ်၊ သူနဲ့ ပညာပြိုင်လို့ ဦးလေးနိုင်ပါ့မလား"

"ဘာကြောင့် မနိုင်ရမှာလဲ၊ သူ့မှာ ပညာရှိသလို ငါ့မှာလည်း ပညာရှိတာပဲ၊ လူဆိုတာ ပညာရှိရုံနဲ့ မပြီးသေးဘူး၊ ဉာဏ်လည်း ရှိဖို့လိုတယ်၊ ဉာဏ်နဲ့ယှဉ်ပြိုင်ရင် ဘယ်အရာမဆို အနိုင်ရ

မှာပဲ၊ မိုးကြိုးကျတောင်ထိပ်ပေါ်မှာ သူ့ကို ငါ ဘယ်လိုအနိုင်ယူမယ်ဆိုတာ မင်းစောင့်ကြည့်နေပါ"

ဟုပြောရာ ထန်လုံလည်း ထိုစကားကို ကြားရသဖြင့် များစွာအားရှိသွားလေသည်။





# အခန်း(၈)

# မိုးကြိုးပစ်သံ ဘယ်သူ့ကံ

တဖြည်းဖြည်းနှင့် နွေနှောင်းရာသီသို့ ရောက်လာချေသည်။ နွေနှောင်းရာသီ ရောက်သည်နှင့် တောင်ထိပ်ပေါ်မှာ မိုးရိပ်များ တက်လာသည်။

မိုးသားတိမ်လိပ်များကလည်း ထူထပ်စွာ ရှိနေကြသည်။ သင်္ကြန်ကာလ ကျော်ပြီးသည်နှင့် တောင်ပေါ်မှာ မိုးတစ်ဖြိုက် နှစ်ဖြိုက် ရွာပြီးပေပြီ။

မိုးနံ့မိုးငွေ့များကို သယ်ဆောင်လာသော တောင်ပြန်

လေနှင့် မိုးတိမ်များက တောင်ဘက်မှ မြောက်ဘက်သို့ ရွေ့လျား လာကြလေပြီ။ တစ်ခါတစ်ရံ မိုးခြိမ်းသံများပင် ပေါ်ထွက်လာ လေသည်။

မကြာမီ ထိုတောင်ထပ်ပေါ်တွင် မိုးရွာတော့ပေမည်၊ မိုးဦးကျရာသီ ရောက်ခါနီးသည်နှင့် မိုးကြိုးကျ တောင်ထိပ်ပေါ်မှာ ပညာပြိုင်ပွဲတစ်ခု ပြုလုပ်ကြပေတော့မည်။

နတ်ဆရာလုပ်ရန်အတွက်၊ ဆေးဆရာလုပ်ရန်အတွက် ယှဉ်ပြိုင်သူပေါ်လာပါက မိုးကြိုးကျတောင်ထိပ်ပေါ်မှာ ပညာပြိုင် ကြရသည်။

ယှဉ်ပြိုင်သူနှစ်ဦးက တောင်ထိပ်ပေါ်မှာ ထိုင်နေကြပြီး မိမိတို့ ကိုယ်ပေါ်သို့ မိုးကြိုးမကျရောက်စေရန် ဂါထာမန္တန်များ ရွတ်ဆိုကာကွယ်ကြရသည်။

အချို့ဆရာများက ဆေးအစီအရင်များဖြင့် ကာကွယ် ကြလေသည်။

မိုးကြိုးကျတောင်ထိပ်၏ ထူးခြားမှုမှာ ထိုတောင်ထိပ် ပေါ်သို့ ပညာပြိုင်မည့်သူနှစ်ဦးရောက်ပါက မိုးကြိုးကျလေ့ရှိ သည်။

မိုးကြိုးကလည်း နှစ်ယောက်စလုံး အပေါ်သို့ ကျသည် မျိုးမဟုတ်ပဲ တစ်ယောက်အပေါ်ကိုသာ ရွေးပြီးကျသည်။ မိုးကြိုး ထိသဖြင့် သေဆုံးသွားသူက ရှုံးပြီး. . ကျန်ခဲ့သူက အနိုင်ရကာ ဆေးဆရာ သို့မဟုတ် နတ်ဆရာ လုပ်ရလေသည်။ ထိုသို့ အနိုင် ရပြီးပါက မလုပ်ချင်လည်း မနေရပေ။





ကာဝေမြောင်ရွာမှာ နတ်ဆရာ၊ ဆေးဆရာ ဖြစ်နေသော ဦးဒီပမှာ မြေပြန့်မှလာသူ ဖြစ်သောကြောင့် ဆေးဆရာသာ လုပ် လိုပြီး နတ်ဆရာ မလုပ်လိုပေ။

ထိုသို့မလုပ်လိုသော်လည်း ရွာ၏ဓလေ့ထုံးစံအရ . . မိုးကြိုးကျတောင်ထိပ်ပေါ်၌ ပညာပြိုင်သောအခါ သူကချည်း အနိုင်ရသောကြောင့် သူလုပ်ချင်သော ဆေးဆရာအလုပ်အပြင် နတ်ဆရာအလုပ်ကိုပါ လုပ်ပေးနေရခြင်း ဖြစ်သည်။

သို့သော်လည်း ချင်းသချိုင်း၌ ယဇ်ပူဇော်သော အလုပ် ကိုတော့ သူကိုယ်တိုင်မလုပ်ပေ။

ထိုသို့မလုပ်သဖြင့် ရွာသူရွာသားအချို့က မကျေနပ်ကြ သောကြောင့်. . ဦးဒီပနှင့်ယှဉ်ပြိုင်ပြီး နတ်ဆရာ လုပ်ဝံ့သည့်လူ ရှာကာ ယှဉ်ပြိုင်စေသည်။

ထိုသို့ ယှဉ်ပြိုင်တိုင်း ဦးဒီပသာ အနိုင်ရသောကြောင့် နောက်ထပ် ယှဉ်ပြိုင်မည့်သူ မပေါ်ပဲရှိနေရာမှ ယခုအခါ နွား သတ်သမား ဇာမုန်တို့က ဦးဆောင်ပြီး လိုက်လံရှာဖွေကြရာ. . ကျွန်းနက်ညီနောင်ရွာမှ နတ်ဆရာသံပချိုင်နှင့် တွေ့ကြလေ သည်။

သံပချိုင်ကလည်း ဦးဒီပနှင့် ပညာပြိုင်မည်ဟု ကတိ ပေးလိုက်လေသည်။ ထို့ကြောင့် ရွာလူကြီး ဇမုန်းထန် ကိုယ်တိုင် နေ့ကောင်းရက်သာ ရွေးပြီး ပညာပြိုင်ပွဲ ပြုလုပ်ရန် စီစဉ်ပေးရ လေသည်။ ထိုရက်မတိုင်ခင်မှာ နီမောင်က ဖခင်ဖြစ်သူကို ပြော သည်။

"အဖေက ဆေးဆရာပဲ လုပ်ချင်ပြီး နတ်ဆရာ မလုပ်ချင်ရင်လည်း မလုပ်ပဲနေရုံပေါ့ အဖေရယ်၊ သူတို့သဘောအတိုင်း ဆိုရင်လည်း မလုပ်ပါနဲ့တော့လား၊ အဖေ ဆေးဆရာမလုပ်မှ ကျွန်တော်တို့ လုပ်ကျွေးပါ့မယ်"

ထိုအခါ မြလေးရီကပါ ဝင်ပြောလေသည်။

"ဟုတ်ပါတယ် အဖေရယ်၊ အဖေလည်း အသက်ကြီးပြီဆိုတော့ မပြင်ပါနဲ့တော့လား"

"ဒီလိုလုပ်လို့ မဖြစ်ဘူး၊ ငါက သူတို့နဲ့ပညာပြိုင်ဖို့ ပြီးပယ်လိုက်ရင် တစ်ရွာလုံး တစ်နယ်လုံးက အထင်အမြင် သေးလိမ့်မယ်၊ ငါ့အတွက် ဘာမှမဆိုးရိမ်ပါနဲ့ ပြိုင်လည်း ငါ့အရှုံး မဖြစ်ပါဘူး"

ဟုပြောရာ မြလေးရီကတော့ အတန်အသင့် စိတ်သက်သာရာရသွားဟန် ရှိလေသည်။

သို့သော်လည်း ဒီတစ်ကြိမ်မှာတော့ ဦးဒီပကိုယ်တိုင် စိတ်ထဲမှာ တစ်စုံတစ်ခု ဖြစ်နေဟန်ဖြင့် အခြားသူများ မသိစေဘဲ နီမောင်ကို တောထဲသို့ခေါ် သွားပြီး ပြောလေသည်။

"အခြေအနေဆိုတာ ဘာမှခန့်မှန်းလို့ မရနိုင်ဘူး၊ ကိုယ်မျှော်လင့်သလို မဖြစ်ပဲ မမျှော်လင့်တာတွေလည်း ဖြစ်လာနိုင်တယ်"

နီမောင်ကတော့ ဖခင်ဖြစ်သူ မျက်နှာကို နားမလည်သလို ကြည့်နေလေသည်။

"နီမောင် မင်းလည်း အရွယ်ရောက်နေပြီဆိုတော့ ငါ





မရှိလည်း ပူစရာတော့ မရှိပါဘူး၊ ငါမရှိရင် မင်းအမေနဲ့ ညီမလေးကို စောင့်ရှောက်ရလိမ့်မယ်"

နီမောင်ကတော့ သူ့ဖခင်မှာ ဘယ်လိုရည်ရွယ်ချက်ရှိသဖြင့် ထိုစကားမျိုးတွေ ပြောနေသည်ကိုတော့ မသိပေ။

"ငါမရှိတော့ရင် သူတို့ကို မြေပြန့်ကိုခေါ် သွားပြီး ဟိုအရပ်မှာပဲ လုပ်ကိုင်စားသောက်ကြပါ၊ ကိုယ်နဲ့ စရိုက်မတူတဲ့ အရပ်မှာ ဆက်မနေကြနဲ့တော့ ကြားလား"

နီမောင်က ခေါင်းညိတ်ပြလိုက်သည်။

"နောက်တစ်ခု ငါမှာချင်တာက တကယ်လို့ ဒီပြိုင်ပွဲမှာ အရေးနိမ့်ပြီး ငါ သေသွားခဲ့ရင် မင်း ယောနယ်ကိုသွားပါ၊ အဲဒီမှာ ငါ့ကိုပညာသင်ပေးခဲ့တဲ့ ဆရာကြီး ဦးဝန်ကောင်းဆိုတာ ရှိတယ်၊ သူ့ကိုတွေ့အောင်ရှာပြီး အကူအညီတောင်းရင် သူလိုက်လာပြီး အကူအညီပေးလိမ့်မယ်"

နီမောင်မှာ ထိုစကားများကြားသောအခါ စိတ်ထဲမှာ ဝမ်းနည်းသလို ခံစားမိသော်လည်း စိတ်ကိုတင်းထားလျက် ဖခင်ပြောသော စကားများကို မှတ်သားထားလေသည်။

"မင်းကို ငါတတ်တဲ့ပညာတွေ သင်ပေးထားတာ အတော်ကလေး ခရီးရောက်နေပြီ၊ ဆရာကြီးဦးဝန်ကောင်းနဲ့ တွေ့တဲ့အခါ သူ့ဆီကပညာတွေ ထပ်သင်ပြီး ဆေးဆရာအလုပ်ပဲလုပ်ပါ၊ မင်းအမေနဲ့ ညီမလေးကို ဒီအလုပ်နဲ့ပဲ လုပ်ကိုင်ကျွေးမွေးပါ"

"စိတ်ချပါ အဖေ"

"နောက်တစ်ခုက မင်းဆေးဆရာ ဖြစ်လာတဲ့အခါ. .

ဘယ်သူကိုမှ မနှိပ်စက်ပါနဲ့၊ ကိုယ်တတ်တဲ့ပညာနဲ့ လူတွေ အသက်ကို ကယ်ပေးနိုင်တဲ့ ဆေးဆရာကောင်းတစ်ယော ဖြစ်အောင်သာ ကြိုးစားပါ့မယ်လို့ ငါ့ကို ကတိပေးပါ"

"ကျွန်တော်ကတိပေးပါတယ်. . အဖေ ဖြစ်စေချင် ဆေးဆရာတစ်ယောက်ဖြစ်အောင် ကျွန်တော်ကြိုးစားပါမယ် နောက်ပြီး လူတွေကို ပညာသုံးပြီး မနှိပ်စက်ပါဘူးလို့လဲ အဖေ့ ကတိပေးပါတယ်"

ထိုစကားကြားတော့ ဦးဒီပက ကျေနပ်စွာ ခေါင်းညိတ် ပြလိုက်လေသည်။

နောက်သုံးရက်ခန့်ကြာတော့ ဆရာနှစ်ယောက် ပညာ ပြိုင်ရမည့်ရက်သို့ ရောက်လာလေတော့သည်။

ကျွန်းနက်ညီနောင်ရွာမှလူကြီး ဦးဇလွန်းမုံနှင့် ပညာ ပြိုင်မည့် နတ်ဆရာသံပချိုင်တို့ လာကြသည်။

ထန်လုံနှင့် အခြားရွာသူရွာသားများလည်း လိုက်လာ ကြသည်။ ယခင်က ပညာပြိုင်ကြရာမှာ တစ်ရွာတည်း နေသူချင်း သာ ပြိုင်ဆိုင်သည်ကများပြီး အခြားရွာမှလူနှင့် ပြိုင်သည်မျိုး တော့ မရှိသေးပေ။

ယခုအခါ. . ရွာချင်းမတူသော ဆရာနှစ်ယောက် ပညာပြိုင်ကြမည်ဖြစ်ရာ နှစ်ရွာစလုံးမှ စိတ်ဝင်စားကြသဖြင့် လာ ရောက်ကြည့်ရှုကြသည်။

ကဝေမြောင်ရွာမှ ရွာလူကြီး ဇမုန်းထန်က ဦးဆောင် လိုအပ်သောကိစ္စများ ဆောင်ရွက်ပေးရလေသည်။





ထိုပွဲသို့ မြဝင်းသူလည်းလာလေရာ ထန်လုံက မြဝင်းသူ ကို မြင်သောအခါ အနားလာပြီး ပြောသည်။

"အခုပညာပြိုင်မှာ ငါ့ဦးလေး နတ်ဆရာပဲ၊ သူနိုင်ရင် နင်တို့ရွာရဲ့နတ်ဆရာ ဖြစ်လာတော့မှာ၊ ငါတော့ သိပ်ပျော်တာပဲ"

"ဘာဖြစ်လို့ ပျော်တာလဲ"

"သူနတ်ဆရာ ဖြစ်ရင် ငါလည်း ဒီရွာမှာ လာနေလို့ရပြီ ပေါ့၊ ဒါမှ နင်နဲ့တွေ့လို့ရမှာ"

"နင့် ဦးလေးနိုင်မယ်လို့ ထင်နေသလား"

"နင်က ငါပြောတာကို မယုံဘူးလား. . ၊ အချိန်တန်လို့ တောင်ပေါ်က အသက်ရှင်ရက်နဲ့ ဆင်းလာမယ့် သူက ငါ့ဦးလေး ပဲဖြစ်မှာပါ"

ဟု ခပ်ကြွားကြွားလေသံဖြင့် ပြောဆိုကာ အနီးမှ ပြန် ထွက်သွားလေသည်။

ထိုနေ့က ထူးထူးခြားခြား မိုးအုံ့နေသည်။ ကောင်းကင် တစ်ခုလုံး တိမ်တိုက်များကြောင့် မည်းမှောင်နေသည်။ မိုးခြိမ်းသံ များက မကြာခဏ ပေါ်ထွက်နေသည်။ လျှပ်စီးရောင်များက ဝင်းလက်နေရာ မကြာခင် မိုးမှောင်ကြီး ကျလာတော့မည့် အခြေ အနေမျိုးဖြစ်သည်။

တောင်ခြေရောက်တော့ ရွာသူရွာသားများက တောင် ခြေမှာ နေခဲ့ကြရပြီး တောင်ပေါ်တက်ခွင့် မရှိပေ။

တောင်ထိပ်ပေါ်သို့ ရွာလူကြီး ဇမုန်းထန် ယှဉ်ပြိုင်ကြ မည့် ဦးဒီပနှင့် သံပချိုင်တို့သုံးယောက်သာ တက်သွားကြသည်။

ဦးဒီပလက်ထဲမှာ ကိုင်နေကျဝါးတောင်ဝှေးတစ်ချော
သာပါပြီး သံပချိုင်လက်ထဲမှာတော့ ယဇ်ပူဇော်ရာတွင် အသုံး
သော လုံပါသည်။

ဇမုန်းထန်က ၎င်းတို့နှစ်ယောက်ကို တောင်ထိပ်
ရောက်အောင် ခေါ်သွားလေသည်။

သူတို့ တောင်ထိပ်ပေါ်ရောက်တော့ မိုးတဖွဲဖွဲ ရွာချ
လေသည်။

ပတ်ဝန်းကျင်မှာလည်း မိုးမှောင်ကြီးကျ သကဲ့သို့ဖြစ်
မည်းမှောင်လာသည်။

ထိုအခြေအနေကို မြင်တော့ ဇမုန်းထန်ပင် တောင်ထိပ်
ပေါ်၌ ကြာကြာမနေဝံ့တော့သဖြင့်. . ယှဉ်ပြိုင်မည့်သူနှစ်ဦး
တောင်ထိပ်ပေါ်မှာ အလျင်အမြန် နေရာချပေးလေသည်။

ပေ(၅၀)ခန့် ခြားသော နေရာနှစ်ခုတွင် ဦးဒီပက
နောက်ဘက်မှာ နေရာယူပြီး၊ သံပချိုင်က အရှေ့ဘက်မှာ နေရာ
ယူပြီး ထိုင်ကြသည်။

၎င်းတို့ကို နေရာချပေးပြီးသည်နှင့်. . ဇမုန်းထန်
အောက်သို့အလျင်အမြန် ပြန်ဆင်းလာသည်။

တောင်ထိပ်ပေါ်မှာ ကျန်နေခဲ့သော ဆရာနှစ်ယောက်
ကတော့ မိမိတို့ ယုံကြည့်ကိုးကွယ်သော ဘာသာအလိုက် ဂါထာ
မန္တန်တို့ကို အဆက်မပြတ် ရွတ်ဆိုနေကြလေသည်။ အတန်ကြာ
သောအခါ တောင်ထိပ်ပေါ်သို့ မိုးကြိုးပစ်ချလိုက်လေသည်။

"ဂျိမ်း. . ဂျလိန်း. . "





တောင်ထိပ်တစ်ခုလုံးမှာလည်း. . လျှပ်စီးရောင်များ
ကြောင့် ဝင်းလက်သွားလေတော့သည်။

မိုးကြိုးပစ်သံ ဘယ်သူကံ. . ဆိုသည့်အတိုင်း ထိုကဲ့သို့
ယှဉ်ပြိုင်ကြရာတွင် တောင်ထိပ်ပေါ်သို့ မိုးကြိုးပစ်ချလိုက်ပါက
တစ်ယောက်ကိုတော့ မိုးကြိုးသွားထိမှန်ပြီး မုချသေလေပြီ။

တောင်ခြေမှာ ရှိနေသူများကတော့ မိုးကြိုးပစ်လိုက်ပြီ
ဖြစ်သောကြောင့် ဘယ်သူသေပြီး ဘယ်သူကျန်နေခဲ့သည်ကို
စိတ်ဝင်စားနေကြသည်။

အတန်ကြာတော့ မိုးစဲသွားပြီး အလင်းရောင် ပြန်ရလာ
သည်။ ထိုအချိန်တွင် တောင်ထိပ်ပေါ်မှ လူတစ်ယောက် ထရပ်
လာပြီး တောင်ခြေဘက်သို့ လက်ဝှေ့ယမ်းပြလိုက်လေသည်။

အခြားမဟုတ်ပေ။

သံပချိုင်ပင် ဖြစ်ပေသည်။

သို့ကြောင့် ရွာလူကြီး ဇမုန်းထန်နှင့် နီမောင်တို့ တောင်
ပေါ်တက်သွားတော့ ဦးဒီပမှာ နေရာမှာလဲကျနေလေပြီ။

နီမောင်က ပွေ့ယူပြီး ကြည့်လိုက်တော့ အသက်မရှိ
တော့ပေ။ သို့သော် ထူးခြားသည်က သေဆုံးနေသော ဦးဒီပမှာ
မိုးကြိုးစက်ကွင်းထိပြီး လောင်ကျွမ်းခံရခြင်းမျိုးတော့ မတွေ့ရ
ပေ။

ထို့ကြောင့်. . ဇမုန်းထန်က ကိုယ်ပေါ်မှာ ဒဏ်ရာဒဏ်
ချက် တစ်စုံတစ်ရာရှိမရှိ စစ်ဆေးကြည့်တော့လည်း ထူးခြားမှု
ဘာမှမတွေ့ရပေ။

"နီမောင် မင်းအဖေ သေရတာ တခြားကြောင့် မဟု
ဘူး၊ မိုးကြိုးစက်ကွင်းမိပြီး နှလုံးရပ်ပြီး သေရတာပဲ"

နီမောင်က ဘာမှဝင်မပြောပဲ မျက်ရည်များသာ ကျ
လေသည်။

"ငါလည်း စိတ်မကောင်းပါဘူး၊ ဓလေ့ထုံးစံရှိလို့
အခုလို လုပ်ပေးရတာပါ၊ တကယ်တော့ မင်းအဖေရဲ့ ကျေး
တွေ ငါတို့တစ်ရွာလုံးအပေါ်မှာ ရှိပါတယ်"

နီမောင်က ဖခင်အလောင်းကိုသာ ငေးဖက်ထားသည်

"မင်းတို့မိသားစု အခက်အခဲရှိရင် ငါ့ဆီလာပြော
ငါအကူအညီပေးပါ့မယ်၊ ငါသွားတော့မယ်. . . မင်းအဖေ အ
လောင်းကို မင်းသဘောကျသလို သဂြိုဟ်ဖို့ ငါခွင့်ပေးပါတယ်

ထိုသို့ပြောပြီး. . ဇမုန်းထန်က တောင်အောက်သို့ပြ
ဆင်းသွားလေတော့သည်။

တောင်ပေါ်မှာတော့ နီမောင်သာ ကျန်နေခဲ့သည်။ ခဏ
ကြာတော့ စောထီးနှင့် ငမဲအောင်တို့ ရောက်လာသည်။ မရှေ
မနှောင်းမှာပင် ဒေါ်ကျင်စာရီနှင့် မြလေးရီတို့ တက်လာကြ
သည်။ သူတို့ရောက်လာတော့ ငိုသံများ ဆူညံသွားလေသည်

"နီမောင် ဆရာကြီးက မိုးကြိုးအထိခံရတာ မဟုတ်ဘူ
မိုးကြိုးထိခံရတဲ့လူတွေ ငါတွေ့ဖူးတယ် တစ်ကိုယ်လုံး မီးသွေး
လို ဖြစ်သွားတာ"

ငမဲအောင်က အလောင်းကိုကြည့်ပြီး ပြောတော့ စေ
ထီးကပါ ထောက်ခံလေသည်။





"ဟုတ်တယ် မိုးကြိုးသွား ထိတာမပြောနဲ့၊ စက်ကွင်းမိ
တာတောင် ဆံပင်တွေ မီးလောင်သွားတာ၊ ဆရာကြီးက ဘာမှမ
ဖြစ်ဘူး၊ သူဘာကြောင့် သေတာလဲ "

နီမောင်က ခေါင်းခါပြသည်။

ကျန်နှစ်ယောက်က မကျေနပ်သဖြင့် ဦးဒီပ တစ်ကိုယ်
လုံး ရှာဖွေကြည့်တော့လည်း ဒဏ်ရာဒဏ်ချက် ဘာမှမတွေ့ရ
သဖြင့် ဇမုန်းထန် ပြောသွားသလို နှလုံးသွေးရပ်တန့်ပြီး သေရ
သည်ဟုသာ လက်ခံကြရတော့သည်။

ဦးဒီပ မရှိတော့သဖြင့် သူတို့မိသားစု အတွက်ကတော့
အားကိုးစရာ မရှိတော့သည့်ဘဝမျိုး ရောက်သွားကြပေပြီ။

"ဘာမှအားမငယ်ပါနဲ့ကွာ၊ မင်းနဲ့အတူ ငါတို့နှစ်ယောက်
က အမြဲရှိနေမှာပါ၊ ငါတို့နှစ်ယောက်ကို ညီအစ်ကိုအရင်းလိုသာ
သဘောထားပါ"

နီမောင်က ကျေးဇူးတင်သော အမူအရာဖြင့် တစ်ချက်
မော့ကြည့်ရင်း ပြောလိုက်သည်။

"အဖေ ဘယ်လိုသေသွားတာလဲ၊ ဘာကြောင့် သေရ
တာလဲ ငါသိချင်လိုက်တာ"

"တစ်နေ့တော့ သိရမှာပေါ့ကွာ၊ တရားကို နတ်စောင့်
ပါတယ်၊ တစ်နေ့နေ့တော့ မင်းသိချင်တဲ့ အဖြေကို သိရမှာပါ"

"ဒါထက် မင်းဘာလုပ်မလဲ နီမောင်"

"အဖေ့အသုဘ ကိစ္စပြီးရင် ငါယောနယ်ဘက် ခဏ
သွားစရာရှိတယ်"

"ဟင် ဘာသွားလုပ်ကြလဲ"

"အဖေမှာထားခဲ့တဲ့ကိစ္စ ငါလုပ်ပေးရမယ်၊ ငါကြ
ငါမရှိတဲ့ အချိန်မှာ အမေနဲ့ညီမလေးကို မင်းတို့နှစ်ယောက်
စောင့်ရှောက်ပေးပါ"

"စိတ်ချပါကွာ၊ ငါတို့ စောင့်ရှောက်ပေးပါ့မယ်"

ထို့နောက်မှာတော့. . . ဦးဒီပအလောင်းကို တော
အောက်သို့ သယ်ယူလာကြသည်။

တောင်ခြေမှာတော့ တခြားရွာသူရွာသားများ တစ်
တစ်ယောက်မှ မရှိတော့ပေ။

ဦးဒီပ ဆေးကုပေးစဉ်က အသက်ကယ်ပေးခဲ့သူ
ကျေးဇူးရှိခဲ့ဖူးသူများပင် မတွေ့ရပေ။

ထို့နောက်မှာတော့ ဦးဒီပအလောင်းအား ချင်းသင်္ချိုင်း
သို့ မသယ်ဘဲ တောင်ထဲ၌ရှိသော ကျောက်တောင်တစ်တောင်
ရှိသော ကျောက်ဂူတစ်ဂူအတွင်းသို့ သယ်ယူသွားကာ ထိုမှာပ
သင်္ဂြိုဟ်ခဲ့ကြလေသည်။

အပြင်ဘက်မှာတော့ မိုးတဖွဲဖွဲ ရွာသွန်းနေဆဲပင်၊





# အခန်း(၉)

# ထူးကျင်းထဲမှ ကယ်တင်ရှင်

နောက်တစ်နေ့တွင် ရွာလူကြီး ဇမုန်းထန် ခြံဝန်းထဲမှာ ပျော်ပွဲရွှင်ပွဲများ ပြုလုပ်လေသည်။

ထိုပွဲကို နတ်ဆရာအသစ် ဖြစ်လာမည့် သံပချိုင်က အကုန်အကျခံပြီး ပြုလုပ်ပေးခြင်း ဖြစ်သည်။

နွားတစ်ကောင်နှင့် ဝက်တစ်ကောင်သတ်၍ချက်ကာ ဟင်းအဖြစ်ပြုလုပ်ပြီး ကဝေမြောင်ရွာနှင့် ကျွန်းနက်ညီနောင် နှစ်ရွာစလုံးမှာရှိကြသော ရွာသူရွာသားများကို ဖိတ်ကျွေးသဖြင့်

အောင်မြင်စာပေ

ရွာလုံးကျွတ် လာကြသည်။

ကဝေမြောင်ရွာကလည်း နီမောင်တို့ မိသားစုမှ လွဲ၍ တစ်ရွာလုံး သွားကြသည်။

လူအားလုံးစုံသောအခါ ဇမုန်းထန်က. . .

"သူနာမည်က သံပချိုင်လို့ ခေါ်တယ်၊ အခုချိန်ကစပြီး သူက ငါတို့ရွာရဲ့ နတ်ဆရာ၊ ဆေးဆရာဖြစ်သွားပြီ မင်းတို့အားလုံး ရိုရိုသေသေနဲ့ ဆက်ဆံကြပါ"

ဟု ဝတ္တရားရှိသည့် စကားကို ပြောသောအခါ ရွာသူရွာသားများထံမှ သဘောကျသောအသံများ ပေါ်ထွက်လာသည်။

ထိုအခါ သံပချိုင်က ထပြောသည်။

"ငါက နတ်ဒေဝတာတွေရဲ့ အလိုကျအတိုင်း မင်းတို့ ရွာသူရွာသားတွေအတွက် စောင့်ရှောက်ပေးဖို့ ရောက်လာတာပဲ၊ ဒီကနေ့ကစပြီး တစ်ရွာလုံးမှာကျရောက်မယ့် ရောဂါတွေကို ငါကုပေးမယ်၊ မကောင်းတဲ့ မိစ္ဆာအနှောင့်အယှက်တွေကို ငါ ဖယ်ရှားပေးမယ်"

"ဟေး"

အားလုံးသံပြိုင် အော်လိုက်ကြသည်။

"ဒီကနေ့ကစပြီး မင်းတို့ ဘာမှပူစရာ မလိုတော့ဘူး နောက်ပြီး အရင်ဆရာမလုပ်ပေးနိုင်တဲ့ ချင်းသချိုင်းစောင့်နတ်ကြီးကိုလည်း မှန်မှန်ယဇ်ပူဇော်ပေးမယ်၊ အားလုံး ကျေနပ်ကြတယ် မဟုတ်လား"

"ကျေနပ်တယ်. . ကျေနပ်တယ်. . "





ဟု ဝိုင်းဝန်းအော်ဟစ်ကြသည်။

"ကိုင်း. . ကျေနပ်ရင် ပျော်ပျော်ပါးပါး စားကြသောက်ကြပေတော့၊ ညရောက်ရင်လည်း ချင်းသချိုင်းမှာ ယဇ်ပူဇော်ပွဲလုပ်ကြမယ်"

"ကောင်းတယ်. . ကောင်းတယ်. . "

ဟု အော်ဟစ်ကာ တပျော်တပါး စားသောက်ကြလေတော့သည်။ ထိုအချိန်တွင် ရွာနှစ်ရွာ၏ လူကြီးများဖြစ်သော ဇမုန်းထန်နှင့် ဦးဇလွန်းမုံတို့ စကားပြောနေကြရာ အနီးတွင် သံပချိုင်၊ ထန်လုံ၊ မြဝင်းသူနှင့် လူအချို့ ရှိနေကြသည်။

"ဇမုန်းထန်၊ အခု ငါညီက မင်းတို့ရွာမှာ နတ်ဆရာဖြစ်ပြီဆိုတော့ ငါတို့ နှစ်ရွာတစ်ရွာ ဖြစ်သွားကြပြီ"

"ဟုတ်ပါတယ်"

"ဒီလိုဖြစ်တော့ ရင်းနှီးမှုတွေလည်း ပိုရတာပေါ့၊ ဒီထက်ပိုကောင်းအောင် မင်းသမီးနဲ့ငါ့သားကို ပေးစားရရင် ပိုမကောင်းဘူးလား"

"ငါကတော့ ဘာမှ ပြောစရာမရှိပါဘူး၊ ဒါပေမယ့်. . လူငယ်တွေရဲ့ ကိစ္စဖြစ်နေတော့ သူတို့သဘောက အရေးကြီးတယ် မဟုတ်လား"

"မင်းဘက်က မင်းသမီးရဲ့ သဘောကိုသာ မေးကြည့်ပါ၊ ငါ့ဘက်က ငါ့သားကတော့ ငါပြောရင်လက်ခံပါတယ်"

"ဒီလိုဆိုရင်တော့ ကျုပ်သမီးရဲ့သဘောကို မေးကြည့်ပြီး အကြောင်းပြန်ပါ့မယ်"

ဟု ဇမုန်းထန်က စကားကို မယုတ်မလွန် ပြန်ပြောလိုက်လေသည်။ ထိုအချိန်တွင် စောစောက အနားမှာထိုင်နေသော မြဝင်းသူကို လှည့်ကြည့်လိုက်တော့ မတွေ့ရတော့ပေ။

ဘယ်အချိန်က ထသွားမှန်းပင် မသိလိုက်ကြပေ။

ထိုအဖြစ်အပျက်များ ပြီး၍ တစ်ပတ်ခန့်ကြာသောအခါ နတ်ဆရာ သံပချိုင်နေရန်အတွက် ကဝေမြောင် ရွာထိပ်ဘက်တွင် တဲအိမ်ကြီးတစ်လုံး ဆောက်ပေးကြရသည်။

သံပချိုင်က ကဝေမြောင် ရွာအပြင် ကျွန်းနက်ညီနောင် ရွာမှာပါ နတ်ဆရာတစ်ယောက် ဖြစ်နေသောကြောင့်. . နှစ်ရွာကြားမှာ ဆောက်ပေးရခြင်း ဖြစ်လေသည်။

ကဝေမြောင်ရွာ၏ နတ်ဆရာဖြစ်လာသောအခါ ဇာမုန်၊ ဟယ်လိန်း၊ ခန်ဇန်တို့ သုံးယောက်မှာ သံပချိုင်၏ လက်စွဲတော်တပည့်များ ဖြစ်လာကြသည်။

နွားသတ်သမား ဇာမုန်ကတော့ ဦးဒီပရှိစဉ်ကနှင့် မတူတော့ပဲ သံပချိုင်ရောက်လာတော့မှ မကြာခဏဆိုသလို နွားသတ်ပေးရခြင်း၊ ဝက်သတ်ပေးခြင်းများ ပြုလုပ်ပေးနေရသောကြောင့် အစားအသောက် ချောင်လည်လျှက် ရှိနေသည်။

သံပချိုင်ကလည်း ရွာထဲမှာ တစ်ခုခုဖြစ်သည်နှင့် အခြားဘာမှ လုပ်မပေးပဲ နွားသတ်ပြီး ယဇ်ပူဇော်ခိုင်းသည်။ လူတစ်ယောက် ရောဂါဖြစ်လျှင် ဝက်သတ်၊ ကြက်သတ်ပြီး နတ်တင်ခိုင်းသည်။

သို့ကြောင့် သားသတ်သမား ဇာမုန်တို့မှာ စားပေါက်





ချောင်ကြလေသည်။

"ဆရာကြီး ဒီရွာမှာ နတ်ဆရာဖြစ်တာ ကျုပ်တို့အတွက်တော့ အတော်ဟန်ကျတာပဲ၊ ဆရာကြီး ရောက်လာမှာ နွားသတ်ပေးရ၊ ဝက်သတ်ပေးရနဲ့ ပြတ်တယ်ကို မရှိတော့ဘူး၊ ဟိုနတ်ဆရာရှိတုန်းက သွေးခြောက်နေတဲ့ ဓားတွေလည်း အခုမှ သွေးနံ့စိုလာတော့တယ်"

"ဟုတ်တယ် ဆရာကြီးရေ ဟိုတုန်းကတော့ ဓားလည်း သွေးခြောက်၊ လူတွေလည်း ဝမ်းဟောက်ပဲဗျ"

"ဝမ်းဟောက်" ဆိုသည်မှာ "ငတ်နေခြင်း" ဟုပြောခြင်း ဖြစ်လေသည်။

"ဒီလိုပေါ့ကွာ၊ မင်းတို့က ငါ့ကို အကူအညီပေးတော့ ငါကလည်း ကိုယ်တပည့်တွေ စားသောက်ရအောင် ဒီလို ဖန်တီးပေးရတာပေါ့. . ဟား. . ဟား. . ဟား. . ဟား"

ဟု သံပချိုင်က သဘောကျစွာ ရယ်မောလိုက်လေသည်။

ထိုကဲ့သို့ဖြစ်ပျက်ပြီး ရက်အတန်ကြာသောအခါ ဒေါ် ကျွင်စာရီမှာ လင်သားစိတ်ကြောင့် မစားနိုင်မသောက်နိုင်ဖြစ်ကာ အိပ်ရာထဲမှာ လဲနေလေသည်။

"အမေ ဘာစားချင်သလဲ၊ မနက်ဖြန် ရွာက ငါးဖမ်းသွားကြလိမ့်မယ်၊ အမေလည်း ငါးစားရအောင်. . ပိုတော့လည်း စားသောက်စရာတွေနဲ့ လဲလို့ရအောင် ကျွန်တော် ငါးဖမ်းသွားဦးမယ်"

ဟု မိခင်ထံ ခွင့်တောင်းပြီး တစ်ယောက်တည်း ငါးဖမ်းဖို့ ထွက်လာလေသည်။

ခါတိုင်း ငါးဖမ်းသွားလျှင် ညီမဖြစ်သူ မြလေးရှိပါသော်လည်း ယခု မိခင်ဖြစ်သူ နေမကောင်းဖြစ်သောကြောင့် မလိုက်လာနိုင်တော့ပေ။

ရေအိုင်ကြီးရှိသော ကမ်းစပ်သို့ ရောက်သောအခါ ငါးဖမ်းလာကြသော ယောကျ်ားလေး၊ မိန်းကလေးများကို တွေ့ရလေသည်။

ကိုယ့်အတွဲနှင့်ကိုယ် ငါးဖမ်းသွားကြရမည် ဖြစ်သောကြောင့် ပျော်စရာတော့ ကောင်းသည်။

စောထီးနှင့် ငမဲအောင်တို့ပင် ငါးဖမ်းထွက်သွားကြလေသည်။

စောထီးလှေပေါ်မှာ မာလာပါသွားပြီး၊ ငမဲအောင်လှေပေါ်မှာတော့ ဂေါင်နန်းပါသွားသည်ကို လှမ်းမြင်လိုက်ရသည်။

သူ့ကို မြင်တော့ လက်ပြသွားကြသည်။

ယခင်ကတော့ ထိုကဲ့သို့ ငါးဖမ်းထွက်ရသော အချိန်မှာ လူပျိုအပျိုတို့အတွက် ပျော်စရာကောင်းသော အချိန်မျိုးဖြစ်သည်။

နီမောင်အတွက်ကတော့ ပျော်စရာ မဖြစ်တော့ပေ။ သူ့အတွက် ပျော်ရမည့်အချိန်လည်း မရှိတော့ပေ။

ဖခင်မရှိတော့သည့်နောက်တွင် မိသားစုတာဝန်က သူ့အပေါ်သို့ ရောက်လာခဲ့ပေပြီ။





ထို့ကြောင့် မိခင်နှင့်ညီမတို့အား ဖြစ်သည့်နည်းနှင့် လုပ်ကိုင်ကျွေးမွေးရန်သာ အားတင်းထားရလေသည်။

နီမောင် လှေဆိပ်ရောက်တော့ သူ့အနီးသို့ လူတစ်ယောက် ရောက်လာသည်။ မြဝင်းသူပင်ဖြစ်သည်။

"နီမောင် နင်တစ်ယောက်တည်းလား၊ အဖော်မပါဘူးလား"

"မပါဘူး၊ ညီမလေးက ငါ့အမေ နေမကောင်းလို့ ကြည့်နေရတယ်"

"နင်အဖော်မပါရင် ငါလိုက်ခဲ့ပေးရမလား"

နီမောင်က ခေါင်းခါပြလိုက်သည်။

"ငါက ဆေးဆရာလုပ်မယ့် သူဆိုတော့ ငါးမဖမ်းတတ်ဘူး၊ နင်ငါနဲ့ လိုက်လာရင် ရှက်စရာ ဖြစ်နေလိမ့်မယ်"

ထိုသို့ပြောပြီး လှေပေါ်သို့တက်ကာ တစ်ယောက်တည်း လှော်ထွက်သွားလေသည်။

မြဝင်းသူကတော့ နောက်မှလှမ်းကြည့်နေရင်း တအံ့တသြဖြစ်ကာ ကျန်ခဲ့လေသည်။ သူမ ဘဝတစ်လျှောက်တွင် ပထမဆုံးအကြိမ် ငြင်းပယ်ခံလိုက်ရခြင်း ဖြစ်သောကြောင့် စိတ်ထဲမှာ တစ်စုံတစ်ခု ဖြစ်သွားသကဲ့သို့ဖြစ်ကာ ငိုင်ပြီး ကျန်နေခဲ့ခြင်း ဖြစ်လေသည်။

နီမောင်ကတော့ ရေစပ်တွင် မြဝင်းသူ တစ်ယောက် ရပ်လျက်သား ကျန်နေခဲ့သည်ကို တစ်ချက်မှ လှည့်မကြည့်တော့ပဲ ထူးကျင်းကြီးများ ရှိသောနေရာဘက်သို့ လှော်ထွက်လာလေ

သည်။ ထိုနေရာဘက်မှာ ငါးကြီးများရနိုင်သော်လည်း အန္တရာယ်[illegible] များသောကြောင့် အခြားငါးဖမ်းသူများ မလာဝံ့သော နေရာ[illegible] ဖြစ်လေသည်။

ထိုနေရာတစ်ဝိုက်တွင် . . မြင့်မားမတ်စောက်သော ကျောက်နံရံကြီးများက ကာရံထားသည်။

ကျောက်နံရံကြီးများပေါ်၌ သစ်ပင်ကြီးများက [illegible] ထားသည်။

ထိုသစ်ပင်ကြီးများပေါ်မှ တွဲလဲကျနေသော နွယ်ကြိုး ကြီးများက ရေပြင်ပေါ်အထိ ရောက်နေကြသည်။

ရေစုန်နှင့်စီးသော ကျောက်နံရံများ၌ တွယ်ကပ်ပေါက် နေကြသော ချုံများကလည်း [illegible] ကြောင့် . . ရေပေါ် ရောက်သည်အထိ ကိုင်းကျနေကြသည်။

ထိုနေရာတစ်ဝိုက်တွင် ရေစုနေကြသည်။

[illegible] ပေါ်မှ ကြည့်ပါက ရေအောက်သို့ မမြင်နိုင်[illegible] ကြည့်လင်လျှင်း သစ်ပင်ရိပ်များကြောင့် [illegible] သမ်းနေသည်။

ရေပြင်ပေါ်သို့ ကြွကျနေသော သစ်ရွက်ခြောက်များ [illegible] ရေမျက်နှာပြင်ပေါ်တွင် တစ်နေရာမှ တစ်နေရာသို့ [illegible] နေကြလေသည်။

ထိုနေရာတစ်ဝိုက်ရှိ ရေအောက်တွင် လှိုဏ်ဂူကြီးများ ရှိသည်။

လှိုဏ်ဂူများထဲတွင် [illegible] ငါးကြီးများ ရှိ





[illegible]သည်။ ထူးကျင်းဆိုသည်မှာ ရေအောက်ကျောက်တောင် [illegible]က်ခြေ၌ရှိသော တွင်းပေါက်ကြီးများ၊ လိုဏ်ခေါင်းပေါက် [illegible]ဖြစ်ပြီး၊ ထိုထဲသို့ ဝင်သွားပါက လမ်းကြောင်းမှားပြီး ပြန်မ [illegible]နိုင်ပဲ သေရသည်က များသည်။

ထို့ကြောင့် ရေငုပ်မကျွမ်းကျင်၊ ရေအကြောင်း မသိပါ [illegible] သော နေရာမျိုးသည်း ဖြစ်သည်။

[illegible]

[illegible] ကြသည်။

[illegible]

[illegible] သည်။

[illegible]

မရသည်ထက် အချင်းချင်း နားလည်မှုရကာ ချစ်သူဖြစ်ကြ သာ ပိုအရေးကြီးကြလေသည်။

ထို့ကြောင့် ထိုကဲ့သို့သော အန္တရာယ်များသော နေ မျိုးသို့ မလာရောက်ကြသောကြောင့် လူရှင်းနေခြင်း ဖြစ် သည်။

နီမောင်က ထိုနေရာသို့ ရောက်သောအခါ လှေကြိုး ရေထဲကိုင်းကျနေသော သစ်ကိုင်းတစ်ကိုင်းမှာ ချည်ထားလို သည်။

ပြီးလျှင် ခါးမှာ ဘောင်းဘီတိုကလေးသာ ချန်ထား အပေါ်မှ ဝတ်ထားသော အဝတ်အစားများကို ချွတ်ပုံထားလို သည်။

အသွား၌ အထစ်ပါသော တစ်လုံးထိုးမှိန်းတံ နော ဘက်၌ ကြိုးတစ်စဖြင့် ခိုင်အောင်ချည်သည်။ ကျန်တစ်စ တော့ လှေမှာချည်ထားလိုက်သည်။ ကြိုးက အတော်ရှည်သော ကြောင့် လှေပေါ်မှာ အခွေလိုက် ပုံထားရသည်။

ထိုကြိုးခွေ မရှုပ်အောင်လည်း သတိထားရသည်။

ဂရုတစိုက် ပြင်ထားရသည်။

သဘောကတော့ မြစ်ဝကျွန်းပေါ်ဘက်တွင် မိကျောင် ထိုးရာတွင် အသုံးပြုကြသော. . စလွတ်နှင့် စလွတ်ကြိုးခွေ သဏ္ဍာန်မျိုး ဖြစ်သည်။ မိကျောင်းထိုးသောအခါ လှေပေါ်မှထို ပြီး၊ ငါးထိုးရာမှာတော့ ရေအောက်ငုပ်ပြီး ထိုးရခြင်း ဖြစ်သည် ဒါပဲကွာခြားပြီး သဘောသဘာဝကတော့ အတူတူပင်ဖြစ်သည်





အားလုံးပြင်ပြီးသောအခါ တောစောင့်နတ်၊ တောင် စောင့်နတ်နှင့် ရေအိုင်စောင့်နတ်များတို့အား တိုင်တည်ဆု တောင်းသမှု ပြုပြီးနောက် မှိန်းကိုကိုင်ပြီး ရေထဲသို့ ခုန်ဆင်းလိုက် သည်။

ရေအောက်သို့ ငုပ်သွားသောအခါ မှိန်းမှာ တပ်ထား သောကြိုးခွေက မြွေတစ်ကောင်ကဲ့သို့ နောက်ဘက်မှ ပါလာလေ သည်။

ရေကကြည်သည်က တစ်ကြောင်း၊ ကောင်းကင်မှ ထိုး နေသော အလင်းရောင်များက တောင်ကြားမှတစ်ဆင့် ရေ ပေါ်သို့ ရောက်နေသောကြောင့် ရေအောက်၌ပင် ကောင်း မြင်နေရသည်။

အတော်ဝေးဝေးနေရာမှ အခြေအနေများကိုပင် လှမ်း ရလေသည်။

ထူးကျင်းထဲ ရောက်သွားတော့မှသာ မှောင်သွားခြင်း သည်။ သို့သော်လည်း ရေအောက်၌ မျက်စိကျင့်သား ရသွား သောအခါ ဝိုးတဝါး မြင်နေရသည်။

ထူးကျင်းဟုဆိုရာမှာ ရေအောက်၌ရှိသော လိုဏ်ဂူ ပေါက်များပင် ဖြစ်သည်။ အချို့ဂူပေါက်ဝများမှာ ကျဉ်းသော် ည်း၊ အချို့ဂူပေါက်များက ကျယ်သဖြင့်. . . လူတစ်ယောက် ကောင်းစွာဝင်ထွက်နိုင်သည်။

နီမောင်အနေဖြင့် ထိုဂူပေါက်များထဲသို့ တစ်ကြိမ် နှစ် ခြင်ဖူးပြီးသောကြောင့် အခက်အခဲတော့ မရှိလှပေ။

ထိုဂူပေါက်များအတွင်းမှာ ဂူအောင်းငါးခူကြီးများ ရှိ
သည်။

အချို့သေးသော်လည်း . . အချို့မှာ ခြေသလုံးပေါင်ခ
ခန့် ရှိကြသည်။ 'နှစ်ချို့ငါး' ဟုခေါ်သော နှစ်ပေါင်းများစွာ ကြာ
အောင် အသက်ရှင်နေသော ဂူအောင်းငါးခူကြီးများဆိုလျှင်. .
လူတစ်ယောက် ကိုယ်ခန္ဓာနီးပါး ကြီးလေသည်။

ငါးခူတွင် အဆိပ်ရှိသော ဆူးတောင်(၃)ချောင်းပါသည်
စူးမိပါက အသက်မသေနိုင်စေကာမူ အချိန်အတော်ကြာသည်
အထိ အဆိပ်တက်ခြင်းဒဏ်ကို ခံရသည်။ အကောင်သေးများ
က လူကိုအန္တရာယ်ပေးလေ့ မရှိသော်လည်း အကောင်အရွယ်
အစားကြီးလျှင်တော့ လူကို အန္တရာယ်ပေးနိုင်ကြသည်။

နီမောင်က ဂူပေါက်ထဲ မဝင်မီ ရေပေါ်မှာ အသက်
အောင်ရှူသည်။

ပြီးမှ ရေအောက်ပြန်ငုပ်ပြီး ဂူပေါက်ထဲသို့ဝင်သည်။

ဂူပေါက်ထဲမှာ မှောင်နေသော်လည်း ပိုးတဝါးတော့ မြင်
နေရသည်။

ဂူအတွင်းပိုင်းရောက်တော့ ပေါင်လုံးခန့်ရှိသော ငါးတ
ကောင်ရွေးပြီး မှိန်းဖြင့်ထိုးသည်။

ငါးခူမှာ အခြားငါးများလို ရေပေါ်မှာ ကူးခတ်သွားလာ
နေခြင်းမရှိပဲ ရေအောက်မြေပြင်မှာ ကပ်ပြီး ငြိမ်သက်နေသော
ရှိရာ မှိန်းဖြင့်ထိုးရတာ အခက်အခဲ မရှိနိုင်ပေ။

ကျောက်တုံးများကြား၌ ငြိမ်သက်နေသည့် ငါးများ





ကြည့်ပြီး အကောင်ကြီးများကိုသာ ရွေးထိုးခြင်း ဖြစ်သည်။

နီမောင်က စိတ်ကြိုက်တစ်ကောင် ရွေးပြီး မှိန်းဖြင့် ထိုး
ပြီးနောက် ရေပေါ်ပြန်တက်သည်။

မှိန်းထိပ်ဖျားတွင် အသွားထစ်ပါသောကြောင့် ပြုတ်
ထွက်မှာ မပူရပေ။ ရေပေါ်ရောက်တော့ လှေပေါ်ရောက်အောင်
ပြန်တက်သည်။ ပြီးမှ မှိန်း၌တပ်ထားသောကြိုးကို အလျော့အ
တင်းပြုလုပ်ပြီး ပြန်ဆွဲယူရာ ငါးခူတစ်ကောင် ရလေသည်။

မှိန်းချက်ထိထားသော ငါးခူကို ဖြုတ်ပြီး လှေဝမ်းထဲသို့
ထည့်သည်။ အိမ်အတွက် ဟင်းစားတော့ရပြီ။

သို့သော်. . ထိုနေရာသို့ရောက်ခိုက် နောက်ထပ်တစ်
ကောင်လောက် ထပ်ဖမ်းရန် စိတ်ကူးပေါ်လာသဖြင့် လှေပေါ်
မှ ခဏအမောဖြေပြီး မှိန်းကိုကိုင်ကာ ရေအောက်သို့ ပြန်ဆင်း
ပြန်လေသည်။

ရေအောက်ရောက်တော့ အခြားဂူပေါက် တစ်ခုသို့ ဝင်
သည်။ ထိုဂူပေါက်မှာ ကျယ်သော်လည်း အတွင်းမှာ ကျောက်
တုံးကျောက်ဆောင်များသည်။

အချို့ကျောက်တုံးများက ဂူပေါက်ဝကိုပင် ကွယ်နေကြ
သည်။

အထဲရောက်သည်နှင့် မမျှော်လင့်သောအန္တရာယ်နှင့်
တွေ့ရလေသည်။

ကျောက်ဆောင်ကြား၌ ခိုအောင်းနေသော ဂူအောင်း
ငါးခူကြီးတစ်ကောင်က ပြေးထွက်လာပြီး သူ့ကို ကိုက်လေတော့

သည်။ မိမိရှေ့မှ မည်းမည်းသဏ္ဍာန်ကြီး တိုးဝင်လာသည်ကို မြင်သည်နှင့် နံဘေးသို့ ရှောင်ပေးလိုက်သည်။

ပါးစပ်နှင့် မကိုက်မိသော်လည်း ကိုယ်လုံးဖြင့် တိုက်မိသွားသောကြောင့် ဘေးသို့လဲကျသွားသည်။

လက်ထဲမှာပါလာသော မှိန်းလည်း အောက်သို့ကျသွားလေတော့သည်။

ထိုအခြေအနေက သူ့အတွက် မကောင်းလှပေ။

ငါးခူကြီး လှုပ်ရှားမှုကြောင့် ရေနောက်များ ထလာလေရာ ဘာမှမမြင်ရတော့ပေ။

ထိုအခြေအနေတွင် နောက်တစ်ကြိမ် ငါးခူကြီး ပြန်လှည့်လာပါက နွံရေများကြောင့် ရုတ်တရက် မမြင်နိုင်တော့ပေ။ နီမောင်က သတိကြီးစွာထားပြီး လက်ထဲမှ လွတ်ကျသွားသော မှိန်းကို လက်ဖြင့်လိုက်စမ်းသည်။

မှိန်းကို မစမ်းမိသော်လည်း ကြိုးစကို ကိုင်မိသဖြင့် ဆွဲယူရာ မှိန်းကပါလာသည်။

လက်ထဲ မှိန်းရသောအခါ ပတ်ဝန်းကျင်ကို သတိဖြင့် ကြည့်သည်။

ရေနောက်နေသောကြောင့် သဲသဲကွဲကွဲ မမြင်ရပေ။ ထိုအခိုက်မှာပင် ဂူအောင်းငါးခူကြီးက နီမောင်ကို အစာအမှတ်ဖြင့် နောက်တစ်ကျော့ ပြန်ဝင်လာပြီး ပြေးကပ်သည်။

နီမောင်က သတိထားနေသဖြင့် ငါးခူကြီး မြင်သည်နှင့် နံဘေးသို့ ရှောင်ပေးပြီး မှိန်းဖြင့် အားကုန်ထိုးချလိုက်သည်။





အနီးကပ်ထိုးရသောကြောင့် မှိန်းသွားက အစော်မြုပ်ဝင်သွားလေသည်။ ငါးခူကြီးက မှိန်းချက်ထိသည်နှင့် တအားရုန်းပြေးရာ နွံနှစ်များထလာပြီး ရေနောက်သွားပြန်လေသည်။ ဘာမှ မမြင်ရတော့ပေ။

ထို့ထက် ရေအောက်ရောက်နေသည်မှာ ကြာပြီဖြစ်သောကြောင့် ရေမွှန်းနေပြီဖြစ်ရာ ထွက်ပေါက်ကို ရှာရသည်။

မှိန်းချက်ထိထားသော ငါးကြီး၏.. ရုန်းကန်နေခြင်းကြောင့် နွံနှစ်များကထကာ ရေနောက်နေသောကြောင့် ထွက်ပေါက်ကို ရှာမတွေ့ပဲ ဖြစ်နေလေသည်။

"ရေကလည်း မွှန်းနေပြီ... ထွက်ပေါက်ရှာမတွေ့ရင်တော့ အခက်ပဲ"

ဟု တွေးနေစဉ်မှာ သူ့ရှေ့မှ ဖြတ်ကူးသွားသော ပုံရိပ်သဏ္ဍာန်တစ်ခုကို လှမ်းမြင်လိုက်ရသည်။

မြင်လိုက်ရသော ပုံသဏ္ဍာန်က ငါးတစ်ကောင်တော့မဟုတ်ပေ။ ထို့ကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ ရှေ့မှကူးထွက်သွားသူနောက်မှ လိုက်သွားလေသည်။

အပေါက်ဝ မြင်လောက်သော နေရာရောက်တော့မှ ရှေ့မှကူးထွက်သွားသည်မှာ လူတစ်ယောက် ဖြစ်မှန်းသိရလေသည်။

အပေါက်ဝရောက်ခါနီးတော့ ထိုလူက နောက်သို့ တစ်ချက်လှည့်ကြည့်ရာ မျက်နှာကို မသဲမကွဲ မြင်လိုက်ရသဖြင့် အံ့ဩသွားလေသည်။

"အဖေ့မျက်နှာနဲ့ တူလိုက်တာ"

ဟု စိတ်ထဲ၌တွေးနေမိစဉ်. . ရှေ့မှကူးနေသူမှာ ရေနောက်များကြားမှာ ဝေ့ဝါးပျောက်ကွယ် သွားလေတော့သည်။ နီမောင်လည်း ထွေထွေထူးထူး စဉ်းစားမနေနိုင်တော့ပဲ ရေပေါ်ရောက်အောင် ပြန်တက်ရသည်။

ရေပြင်ပေါ် ပြန်ရောက်တော့ ဘာမှမတွေ့ရပေ။

သူ့လှေတစ်စင်းသာ ရှိနေသည်။

ထို့နောက်. . လှေပေါ်ပြန်တက်ပြီးနောက် ဟိုဟိုဒီဒီ ကြည့်ပြန်တော့လည်း လူရိပ်လူခြည် မတွေ့ရသဖြင့်. . စိတ်ထဲမှ အံ့သြမိလေသည်။

ထိုနောက်မှာတော့ မှိန်းချက်ထိထားသော ငါးကြီးကို အချိန်အတော်ကြာသည်အထိ ကြိုးစားဖမ်းလေရာ နောက်ဆုံးမှာတော့ ဖမ်းဆီးရမိလေသည်။





# အခန်း(၁၀)

# မြူနှင်းငွေ့လား မျက်ရည်လား

နီမောင် အိမ်ပြန်ရောက်တော့ နေစောင်းနေချေပြီ။ ငါးခူကြီးနှစ်ကောင်ကို ရှေ့နှင့်နောက် ထမ်းပိုးဖြင့်လျှိုကာ မနိုင်မနင်း ထမ်းပြန်လာသော နီမောင်ကို မြင်သောအခါ ညီမဖြစ်သူ မြလေးရိုက ဆီးကြိုလေသည်။

"အစ်ကိုကလည်း နောက်ကျလိုက်တာ အမေက စိတ်ပူနေလှပြီ"

"အမေသက်သာရဲ့လား ညီမလေး"

"သက်သာပါတယ်၊ အစ်ကိုနောက်ကျနေလို့ တမျှော်မျှော်. . တမေးတည်း မေးနေတာ၊ အစ်ကို ဖမ်းလာတဲ့ ငါးခူတွေက ကြီးလှချည်လား"

"ဟုတ်တယ်. . ဒါကြောင့် ပြန်ချိန်နောက်ကျနေတာ"

ဟုပြောကာ အိမ်ပေါ်တက်ပြီး အဝတ်လဲသည်။ မိခင်ဖြစ်သူကိုလည်း ပြန်ရောက်လာကြောင်း အသိပေးရသည်။ မိခင်ကတော့. . .

"ငါ့သား ပင်ပန်းလှတယ်"

ဟု တစ်ခွန်းသာ ရေရွတ်ပြောဆိုသည်။

အောက်သို့ ပြန်ဆင်းလာတော့ မြလေးရီက ပြောသည်။

"နေ့လယ်ပိုင်းက အစ်မမြဝင်းသူ လာသွားသေးတယ်"

"ဘာလာလုပ်တာလဲ"

"ဆန်နဲ့ စားသောက်စရာတွေ လာပို့ပေးသွားတာ"

"ဘယ်သူပါသေးသလဲ"

"မပါဘူး၊ သူတစ်ယောက်တည်းလာတာ"

နီမောင် စိတ်ထဲမှာ နည်းနည်းတော့ အံ့ဩသွားသည်။ ယခင်က မြဝင်းသူမှာ မိမိတို့အိမ်သို့ လာဖူးသွားဖူးခြင်း မရှိခဲ့ပဲ ယခုမှ ထူးထူးခြားခြား ရောက်လာသဖြင့် အံ့ဩသွားမိခြင်းဖြစ်သည်။

နီမောင်က အတော်ကြာအောင် စဉ်းစားနေသည်။

ပထမတော့ ရလာသောငါးခူနှစ်ကောင်ကို တစ်ကောင်ကို ချက်ပြုတ်စားသောက်ပြီး တစ်ကောင်ကို ကျပ်တင်ထားမည်





ဟု စိတ်ကူးမိသည်။

ယခုတော့ ချက်ချင်း အခြားစိတ်ကူး တစ်ခုပေါ်လာသည်။ အခြားမဟုတ်ပေ။ ငါးတစ်ကောင်ကို မြဝင်းသူတို့အိမ်သို့ သွားပို့ပေးရန်ပင် ဖြစ်သည်။

"မြလေးရီ နင်ငါးတစ်ကောင်ကို ဟင်းချက်ထားနှင့်၊ ကျန်တဲ့ငါးတစ်ကောင်ကို ငါ သူတို့အိမ် သွားပို့ပေးလိုက်ဦးမယ်"

"ဘယ်သူ့အိမ်လဲ"

"မြဝင်းသူတို့အိမ်ပါ"

ထိုအခါမှ မြလေးရီက သဘောပေါက်သွားပြီး ခေါင်းညိတ်ပြလေသည်။

နီမောင်က ငါးတစ်ကောင်ဆွဲပြီး ရွာလူကြီး အိမ်ဘက်သို့ ထွက်လာလေသည်။

အချိန်က ညနေပိုင်းအချိန်ပင် ရှိသေးသည်။ တောထဲတောင်ထဲမှ ပြန်လာကြသူများက နီမောင်တစ်ယောက် ငါးကြီးဆွဲလျက် လာသည်ကို မြင်သောအခါ အံ့ဩနေကြပုံရသည်။

ရွာလူကြီး အိမ်ရောက်တော့ ဇမုန်းထန်နှင့် တွေ့ရလေသည်။

"နီမောင်ပါလား၊ ဘယ်ကလာတာလဲ"

"ငါးဖမ်းပြီး ပြန်လာတာပါ၊ ဒီအိမ်အတွက် ငါးလာပို့ပေးတာပါ"

ထိုစကားကြောင့် ဇမုန်းထန်က အံ့ဩသွားပုံရသည်။

"ဒီငါးက မင်းဖမ်းခဲ့တာလား"

"ဟုတ်ပါတယ်"

"မင်းက ဆေးဆရာလုပ်မှာ မဟုတ်ဘူးလား၊ ဆေးဆရာလုပ်မယ့်သူက ဒါမျိုးတွေလည်း လုပ်တတ်သလား"

"ကျွန်တော် ဆေးဆရာလုပ်ချင်တာက ရောဂါဖြစ်တဲ့ လူတွေကို ရောဂါပျောက်အောင် ကုပေးချင်လို့ပါ၊ ဆေးကုပြီး ထမင်းစားချင်လို့ မဟုတ်ပါဘူး၊ ထမင်းစားဖို့အတွက်တော့ ဘယ်အလုပ်မဆို ကျွမ်းကျင်အောင် သင်ထားရပါတယ်"

ထိုစကားကြားတော့ ဇမုန်းထန်က သဘောကျသွားသည်။

"မင်းဖမ်းလာတဲ့ ဂူအောင်းငါးခူကို မြင်ရုံနဲ့ မင်းဘယ်လောက် ကျွမ်းကျင်တယ်ဆိုတာ သိပါတယ်၊ ထူးကျင်းထဲမှာ အောင်းနေတဲ့ ဒီလိုငါးခူတွေကို တော်ရုံဇွဲရှိရုံနဲ့ ရအောင်မဖမ်းနိုင်ဘူး"

"ကျွန်တော်သွားတော့မယ်"

"နေဦး. . နီမောင်၊ ငါမင်းကို ပြောစရာရှိသေးတယ်"

ထို့ကြောင့် နီမောင်က မပြန်သေးပဲ ဇမုန်းထန်ကို တစ်ချက်ကြည့်လိုက်သည်။

"ငါအခု ပြောတဲ့စကားတွေက. . ငါ့ရင်ထဲမှာရှိနေတဲ့ စကားတွေပါပဲ၊ ငါ မင်းအဖေ သေသွားတာကို အတော်စိတ်မကောင်း ဖြစ်မိပါတယ်၊ ဆရာရဲ့ကျေးဇူးတွေက ငါတို့တစ်မိသားစုလုံးပေါ်မှာ ရှိပါတယ်၊ ငါတို့အပေါ်မှာတင် မကပါဘူး ဒီတစ်ရွာလုံးမှာလည်း သူ့ကျေးဇူးနဲ့ကင်းတဲ့သူ မရှိပါဘူး. . ဒါပေမယ့်"





ဇမုန်းထန်က စကားမဆက်သေးပဲ ဆေးတံကိုသာ တွင်ည့်ရှာနေသည်။

ငှင်းပတ်ဝန်းကျင်မှာ မီးခိုးငွေ့များက ပြန့်ဝဲနေသည်။

"ရွာမလေ့ရပ်မလေ့ဆိုတာ အများနဲ့သက်ဆိုင်တဲ့ ကိစ္စတော့ ငါလည်း လွန်ဆန်လို့မရဘူး၊ ဒါကြောင့် ဒီအထိ ဖြစ်ရာပဲ၊ အခုဆိုရင် ကိုယ့်ရွာနဲ့ ကိုယ့်နတ်ဆရာရှိရမှာကို တခြားက နတ်ဆရာလက်အောက်ကို ရောက်ခဲ့ကြရတယ်"

နီမောင်က သက်ပြင်းတစ်ချက် ချလိုက်သည်။

"ကိုယ့်ဆရာနဲ့ ကိုယ့်ရွာနေနိုင်ပါရက်နဲ့ မကောင်းတဲ့ သားတွေရဲ့ လက်ချက်ကြောင့်. . တခြားရွာက ဆရာလက်အောက် ရောက်ခဲ့ရပြီး သူခိုင်းသမျှ လုပ်ကြရတယ်၊ တကယ်ဆို အဲဒီလိုဖြစ်ရတာကို ငါမကြိုက်ဘူး"

နီမောင့် စိတ်ထဲတွင် ဇမုန်းထန် အမှန်စကားတွေ ပြောနေသည်ဟု ထင်မိလေသည်။

"ဒါပေမယ့် မတတ်နိုင်တော့ဘူး၊ ရွာသူရွာသားတွေက ယ့်ကြမ္မာ ကိုယ်ဖန်တီးကြတာဆိုတော့. . ကောင်းရင်လည်း တို့ကံ၊ မကောင်းရင်လည်း သူတို့ပဲ ခံကြရတော့မှာပဲ"

ထိုစကားကြားတော့ နီမောင်က အရဲစွန့်ပြီး ပြန်မေးက်သည်။

"အခြေအနေတွေက အတော်လွန်သွားခဲ့ပါပြီ. .၊ ရွာခေါင်းကြီး ဘယ်လိုဖြစ်စေချင်တာလဲ"

နီမောင်ကမေးတော့ ဇမုန်းထန်က စူးစူးစိုက်စိုက်ဖြင့်

ပြန်ကြည့်လိုက်သည်။

"ငါ ဘယ်လိုဖြစ်စေချင်တယ်ဆိုတာ မင်းသိပါတယ် ဘယ်သူမှမဖမ်းနိုင်တဲ့ ထူးကျင်းထဲက ငါးခူကြီးတွေကို ရအောင် ဖမ်းနိုင်တာ မင်းတစ်ယောက်ပဲ ရှိသေးတယ်၊ ဒါဘယ်သူမှ မလုပ် နိုင်တာကို လုပ်ပြတာပဲ၊ တစ်နေ့ကျရင် မင်းအဖေ စွန့်လွှတ်ေ ရတဲ့ရာထူးကို မင်းရအောင် ပြန်ယူနိုင်ရမယ်"

နီမောင်က အံကိုတင်းတင်းကြိတ်လျက်နှင့် ဇမုန်းထ ကိုစူးစူးစိုက်စိုက် ပြန်ကြည့်လိုက်သည်။ နောက်မှ ဆုံးဖြတ်ချ ချသော အသံမျိုးနှင့် . . .

"ကျွန်တော် ကြိုးစားပါ့မယ်"

ဟု ပြန်ပြောလိုက်သည်။

"မင်းအရည်အချင်းကို ငါသိတယ်၊ ဒီအတောအတွ မင်းတို့မိသားစု လိုအပ်တာတွေရှိရင် ငါ့ကိုလာပြောပါ၊ ငါအ အညီပေးပါ့မယ်"

"အခုလို အကူအညီပေးတာ ကျေးဇူးတင်ပါတယ်"

ဟု ပြောဆိုပြီး နီမောင်ပြန်ထွက်လာလေသည်။

လာစဉ်ကနှင့် မတူတော့ပေ။

ဇမုန်းထန်နှင့် တွေ့ခဲ့ပြီးမှ သူ့စိတ်ထဲမှာ ခွန်အား တွေ တိုးပွားသည်ဟု ခံစားရသည်။

အပြင်ရောက်ပြီး ချယ်ရီပင်ကြီးအောက် ရောက်တေ လူတစ်ယောက်နှင့် တွေ့ရသည်။

မြဝင်းသူပင် ဖြစ်သည်။





မြဝင်းသူကို မြင်တော့ မနီးမဝေးမှာ ရပ်လိုက်သည်။

"နေ့ခင်းက အိမ်ကို ဆန်နဲ့အစားအသောက် တွေလာပို့ ပေးတာကို ငါကျေးဇူးတင်ပါတယ်၊ နင်တို့အိမ်အတွက် ငါးလာပို့ ပေးတာပါ"

"ငါကလည်း ပြန်ပြီးကျေးဇူးတင်ရမှာပေါ့၊ နောက်ပြီး ငါနင့်ကို မေးစရာရှိလို့ စောင့်နေတာ"

"ဘာမေးမှာလဲ"

"နင် ငါ့ကို စိတ်ဆိုးနေတာလားဟင်"

"အိမ်ကို ဆန်လာပို့ပေးတဲ့သူကို စိတ်ဆိုးရမှာလား"

"မသိချင်ယောင်ဆောင် မနေပါနဲ့၊ အရင်တစ်ခေါက် ငါးဖမ်းသွားကြတုန်းက ငါနင့်ကို ပြောခဲ့တာတွေကို အခုထိ . . မကျေနပ်ဖြစ်နေသေးတယ် မဟုတ်လား"

"ငါစိတ်ထဲမှာ အဲသည်လို အတေးအမှတ် ထားတာမျိုး တွေမရှိပါဘူး"

"ဒါဖြင့် အခုတစ်ခေါက် ငါလိုက်မယ်ပြောတော့ ဘာ ဖြစ်လို့ မခေါ်တာလဲ"

"ငါမခေါ်လည်း နင့်ကို ခေါ်ချင်တဲ့သူတွေက အများကြီး ရှိနေတာပဲ"

ထိုစကားကြောင့် မြဝင်းသူ မျက်နှာလေးမှာ တင်းခနဲ ဖြစ်သွားလေသည်။

"နင်ပြောတဲ့စကားက ငါကပဲ ခေါ်တဲ့လူတိုင်းနောက် ကို လိုက်နေတဲ့အတိုင်းပဲ"

"ဒီသဘောနဲ့ ပြောတာမဟုတ်ပါဘူး မြဝင်းသူရယ် ခေါ်ချင်တဲ့ သူတွေများတာကို ပြောတာပါ၊ ငါစကားမှားသွားရင် တောင်းပန်ပါတယ်"

ထိုသို့တောင်းပန်လိုက်တော့မှ မျက်နှာပေါ်မှ တင်းမာနေခြင်းများ လျော့ကျသွားသည်။

"ငါနင့်ကို မေးစရာရှိလို့ စောင့်နေတာပါ"

"ဘာမေးမှာလဲ"

"စောစောက အဖေကနင့်ကို ဘာတွေပြောနေတာလဲ ဟင် အကြာကြီးပဲ"

နီမောင်က ဖမ့်န်းထန်ပြောသော အကြောင်းများကို အတိုချုပ်ပြီး ပြန်ပြောပြလိုက်သည်။

စကားဆုံးတော့မှ မြဝင်းသူက မေးသည်။

"ဒါဖြင့် နင်ဘယ်လိုဆက်လုပ်မှာလဲဟင်"

"အမေ နေကောင်းလာရင် ငါယောနယ်ကို သွားရမယ် အဖေမသေခင်က မှာထားခဲ့တာတွေ သွားလုပ်ရမယ်"

"ဒီရွာကိုရော ပြန်လာဦးမှာလား"

"ပထမတော့ ပြန်မလာတော့ဘူးလို့ ဆုံးဖြတ်ထားကြတာပါ၊ နင့်အဖေနဲ့တွေ့ပြီး. . သူပြောလိုက်တဲ့စကားတွေ နားထောင်ပြီးတော့မှ စိတ်ထဲမှာ တစ်မျိုးပြောင်းသွားခဲ့တာ၊ ငါပြန်လာခဲ့မှာပေါ့"

"ရွာပြန်ရောက်လာရင် နင်နတ်ဆရာ လုပ်မှာလား"

"ငါက နတ်ဆရာ မလုပ်ချင်ဘူး၊ လူတွေ အသက်ကယ်





...င်တဲ့ ဆေးဆရာပဲ လုပ်ချင်တာ၊ ဒါပေမယ့် ဒီအခြေအနေ ...ရာက်အောင် အတော်ကြိုးစားရဦးမှာပါ"

"နင် စိတ်ဓာတ်ဘယ်လောက် မာကြောတယ်ဆိုတာ ...ပါတယ်၊ နင်လုပ်နိုင်မှာပါ"

"ငါ့ကို အားပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်၊ ဒါ... နင်ရော ဘယ်တော့ မင်္ဂလာဆောင်မှာလဲ"

"ဟင်. . ငါက ဘယ်သူနဲ့ မင်္ဂလာဆောင်မှာမို့လဲ"

"ဟိုဘက်ရွာက ရွာလူကြီးသားနဲ့ လူကြီးချင်း သဘော...ားကြပြီး မဟုတ်လား"

"လူကြီးချင်း သဘောတူတယ် ဆိုတာနဲ့ ငါက မင်္ဂလာ...င်ရမှာလား၊ အခုချိန်အထိ ဘယ်သူကိုမှ လက်ထပ်ဖို့ စိတ်မ...သေးဘူး"

"ငါမေးတာကို တစ်မျိုးမထင်ပါနဲ့ မြဝင်းသူရယ်၊ တောင်း...ပါတယ်"

မြဝင်းသူက မျက်စောင်းထိုးသည်။ ပြီးမှ. . .

"နီမောင် ငါပြောခဲ့မိတာတွေ ဘယ်လိုမှ စိတ်ထဲမှာ ...ားပါနဲ့နော်၊ နောက်ပြီး အခုအချိန်မှာ နင်တို့ မိသားစုတွေ ...က် အခက်အခဲတွေ ရှိနေမယ်ဆိုတာလည်း ငါသိပါတယ်၊ ...ကြောင့် နင့်မှာ အခက်အခဲရှိလို့ပဲဖြစ်ဖြစ်၊ အကူအညီ လိုရင်ပဲ ...ဖြစ် ငါ့ကိုပြောပါ"

ဟုပြောသည်။

"နင့်စေတနာကို ငါနားလည်ပါတယ်၊ ငါတို့ မိသားစုအ

ပေါ်မှာ အခုလို အခြေအနေမျိုးမှာ အကူအညီပေးတာ
ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးတွေကို ငါဘယ်တော့မှ မမေ့
ဘူး"

"ရပါတယ်ဟာ ပြောစရာမှမလိုတာ"

"နင့်ကို ငါတစ်ခုတော့ အကူအညီတောင်းချင်တယ်"

"ပြောလေ"

"ငါယောနယ်ဘက် သွားရင် ဘယ်လောက် ကြာမယ်
တာ မသိရသေးဘူး၊ ဒီတော့. . ငါမရှိတဲ့အချိန်မှာ ကျန်ခဲ့
ငါ့အမေနဲ့ညီမလေးကိုသာ တတ်နိုင်သလောက် စောင့်ရှော
ပေးလိုက်ပါ"

"စိတ်ချပါ. . ငါတတ်နိုင်သလောက် စောင့်ရှောက်
လိုက်ပါမယ်"

ထိုသို့ပြောသောအခါ နီမောင်က ကျေးဇူးတင်
အမှုအရာဖြင့် ခေါင်းညိတ်ပြပြီး မြဝင်းသူကို နှုတ်ဆက်ပြီးနော
ထိုနေရာမှ ထွက်သွားလေတော့သည်။

မြဝင်းသူမှာ ချယ်ရီပင် ကြီးအောက်မှာ တစ်ယော
တည်း ငေးငိုင်လျက် ကျန်ရစ်ခဲ့လေသည်။

ပတ်ဝန်းကျင်မှာတော့ မြူခိုးငွေ့များနှင့်အတူ အမှော
ရိပ်များ သမ်းစပြုလာချေပြီ။





# အခန်း(၁၁)

# ဆရာကြီးဦးဗန်ကောင်းနှင့် တွေ့ရှိခြင်း

တကယ်တော့. . ယောနယ်ဆိုသော နယ်မြေသည်. .
မောင်အတွက်တော့ တစ်ကြိမ်တစ်ခေါက်မှ မရောက်ဖူးသေး
သော နယ်မြေအသစ်၊ ပြောရလျှင်တော့. . အစိမ်းသက်သက်
ယ်မြေတစ်ခုသာ ဖြစ်ပေတော့သည်။

နီမောင်တို့နေသော ချင်းတောင်တန်းများဘက်မှသွား
လျှင် အလွယ်တကူ ရောက်နိုင်ပေသည်။ ချင်းပြည်နယ် မင်းတပ်

မြို့မှ အရှေ့ဘက်သို့သွားလျှင် ယောနယ်သို့ ရောက်နိုင်
မင်းတပ်မှ ကားကြုံစီးပြီးသွားပါက ခရီးမဝေး
ရှေးအခါကတော့ ချင်းပြည်နယ်နှင့်နီးသော ယောနယ်၊
နယ်မှာ လူသူအရောက်အပေါက်နည်းပြီး စုန်းကဝေ ပညာ
များ၊ ပြုစားတတ်သော မှော်ပညာတတ်ကျွမ်းသူများ အ
သော နေရာအဖြစ် နာမည်ကြီးလှသည်။

ယောနယ်သည် ရှေးအခါက ပခုက္ကူခရိုင်တွင်
သော နယ်တစ်နယ် ဖြစ်သည်။

ယောတွင်းနယ်ဟုလည်း ခေါ်ဝေါ်ခဲ့ကြသည်။

ရှေးအခါက ယောစုကတိုင်းဟုသော အမည်ဖြင့်
ဒေသ၊ မဂဓတိုင်း၊ ရာဇဂြိုဟ်ပြည်ကြီးရှင် ဘုရင်နာဂဒါသမင်း
သားတော် ဇလာမိကမင်းသား အမှူးပြုသော သကျသာ
အနွယ်တို့ကို အစပြု၍ နေထိုင်ခဲ့ကြသည်ဟု အဆိုရှိသည်

ယောနယ်က တိုင်း၏နယ်နိမိတ်များမှာ အရှေ့
သော်. . မြောက်ပိုင်း သောင်သွတ်ဖောင်းပြင်မှစ၍ သလ္လာ
မြစ်ရိုးတစ်လျှောက် ရောဝတီမြစ်ဆုံအထိ၊ တောင်သို့လား
(ယခုအခါ မင်းဘူးခရိုင်အတွင်း) စက်တော်ရာရှိသော. . မှ
တောင်အထိ၊ အနောက်သို့လားသော် နဂါးရာဇ်တောင်
တိုင်း၊ မြောက်သို့လျှောက်၍ ဖိုးခေါင်တောင်၊ ရိုးမလွှဲ ယမုံနာ
အနီးအထိ၊ မြောက်သို့လားသော် ကသည်းပြည်၊ အက္ကပတ်
ရှမ်းပြည် မိုင်းလွန်အထိ အတွင်းနယ်နိမိတ်ကို ယောနကတိုင်း
ခေါ်ဝေါ်သမုတ်ခဲ့ကြသည်။





ယောနကတိုင်းအတွင်း ထင်ရှားသော မြို့ကြီးများမှာ ကလေး၊ တီးမ်ညင်း၊ ရာဇဂြိုဟ်ဟု ကလေးသုံးမြို့၊ ယော၊ ဆော၊ လောင်းရှည်၊ ထီးလင်းဟူ၍ ယောလေးမြို့၊ လောင်းတောင်ကင်း စသည်တို့ ဖြစ်ကြသည်။

ထိုအရပ်ဒေသတို့မှာ ဗုဒ္ဓသာသနာ ထွန်းကားခဲ့သော အရပ်ဒေသများ ဖြစ်ကြလေသည်။

ယောတွင်းနယ်အတွင်း၌ ယောမြို့နယ်နှင့် လောင်းရှည် မြို့နယ်တို့လည်း ပါဝင်ခဲ့သည်။

ယောတွင်းနယ်၏ အရှေ့ဘက်တွင်. . ပေါက်နယ်နှင့် ပခုက္ကူနယ်၊ မြောက်ဘက်တွင် ပေါက်နယ်၊ အနောက်ဘက်တွင် ချင်းတောင်တန်း၊ တောင်ဘက်တွင် မင်းဘူးခရိုင်တို့ အသီးသီး တည်ရှိကြလေသည်။

ရှေးအခါကတော့ ထိုအရပ်ဒေသများတွင်ရှိသော မြို့ဟု ခေါ်သောနေရာများမှာ ရွာကြီးများလောက်သာပင် ရှိလေသည်။

ယောနယ်တွင် မြန်မာ၊ ချင်း၊ ယောလူမျိုး၊ တောင်သား လူမျိုးတို့ စုပေါင်းနေထိုင်ကြသည်။

လူဦးရေအနည်းဆုံး နေထိုင်ကြသော အရပ်ဒေသများ တွင်ပါဝင်သော ယောမြို့နယ်မှာ(၁၉၅၆)ခုနှစ်က စာရင်းကောက် ယူခဲ့ရာ နေထိုင်သူဦးရေ (၄၂၅)ယောက်သာ ရှိခဲ့လေသည်။

ရှေးအခါကတော့ ယောနယ်အတွင်းမှာ နေထိုင်ကြသူ တို့မှာ မှော်ပညာ၊ စုန်း၊ ကဝေပညာများ တတ်ကျွမ်းကြသည်ဟု နာမည်ကြီးလှသည်။

'ယောဆရာ'ဆိုလျှင် စုန်း၊ ကဝေ၊ သရဲ သဘက် တ
တို့ကိုနိုင်သော ဆရာတစ်ယောက်အဖြစ် ယုံကြည်လက်ခံ
သည်။

မိန်းမများ ဆိုရင်လည်း ပြုစားတတ်သော စုန်း၊ ကဝေ
ပညာ မတတ်သူ မရှိသလောက် ရှားသည်ဟု ထင်မြင်ယူဆ
သည်။

ယောနယ်ဟုဆိုသည်နှင့် ယောဆရာ၊ စုန်းကဝေပညာ
တတ်ကျွမ်းသော ပညာသည်များကို သိကြသလို၊ ယောနယ်
ဘက်မှထွက်လာသော ယောလုံချည်ကိုလည်း လူသိများ
သည်။

ယောလုံချည်ကောင်းများမှာ ဂန့်ဂေါ၊ မင်းရွာ၊ ကန့်
တို့မှ အများဆုံးထွက်ပြီး တစ်ပြည်လုံးသို့ တင်ပို့ရောင်းချ
သည်။

ယောလုံချည်နှင့်ပင်နီအကျီ ဝတ်စုံမှာ မြန်မာနိုင်ငံ
ဝံသာနုစိတ် တက်ကြွနေသော ခေတ်အချိန်က လူကြိုက်များ
သော ဝတ်စုံဖြစ်ခဲ့သည်။

ယောနယ်နှင့်ပတ်သက်ပြီး လူသိများသော အကြောင်း
(၃)မျိုး ဖြစ်သည်။

တစ်ခုက ယောဆရာနှင့် စုန်းကဝေ ပညာတတ်သူများ
ရှိခဲ့ခြင်းကြောင့် တစ်ကြောင်း၊ နောက်တစ်ခုက လူကြိုက်များ
သောလုံချည်ကြောင့် တစ်ကြောင်း၊ အခြားတစ်ခုကတော့ ယော
နယ်၊ ဆောနယ် နယ်သူနယ်သားတို့ ယုံကြည်ကိုးကွယ်သော





အမေရေယဉ်နတ်ကြောင့်ပင် ဖြစ်လေသည်။

အမေရေယဉ်နတ်ကို ယုံကြည်ကိုးကွယ်မှုများ အမေ
ရေယဉ်နတ်မှာ စုန်း၊ ကဝေတို့ကို အထူးနိုင်နင်းသော နတ်တစ်
ပါးအဖြစ် ယုံကြည်ကိုးကွယ်ကြခြင်း ဖြစ်ကြလေသည်။

အမေရေယဉ်နတ်ကို အကြောင်းပြုပြီး ယောနယ်တွင်
စုန်းကဝေ ပညာသည်များ ပေါများစွာရှိသည်ကို ယုံကြည်လက်
ခံခဲ့ခြင်း ဖြစ်ပေသည်။

ရှေးအခါကရေးသားသော ဝတ္ထုအချို့တွင် ယောဆရာ
အကြောင်း၊ စုန်း၊ ကဝေပညာရှင်များအကြောင်း ရေးသားသော
အခါ ယောနယ်ကို အခြေပြုပြီး ရေးသားကြသောကြောင့်လည်း
ထိုအကြောင်းများကို ကျယ်ကျယ်ပြန့်ပြန့် လူသိများခဲ့ခြင်းလည်း
ဖြစ်ပေသည်။

နီမောင်ကတော့ ယောနယ်ကို တစ်ခေါက်မှ မရောက်ဖူး
ခဲ့ပေ။

ယခင်ကတော့ ထိုနယ်သို့ သွားစရာလည်း အကြောင်း
မရှိခဲ့ပေ။

သူ့ဖခင်ရှိစဉ်က ယောနယ်ဘက်က ဆရာကြီးတစ်ဦးထံ
မှာ ပညာသင်ယူလာခဲ့ခြင်း ဖြစ်သည်ကို သိသော်လည်း တကူး
တက သွားရောက်ရန်တော့ အကြောင်းမရှိခဲ့ပေ။

ယခုတော့ မမျှော်လင့်ပဲ ဖခင်ကြီး သေဆုံးသွားခဲ့ပြီး
နောက်တွင် မရောက်ဖူးသောအရပ်ကို ရောက်ခဲ့ရပြီး၊ မလာဖူး
သောအရပ်ကို လာခဲ့ရပေပြီ။

ရှေ့မှာ ရေးခဲ့သည့်အတိုင်းပင် ရင်းတို့နေသော ...
တောင်တန်းနှင့် ယောနယ်မှာ နယ်မြေချင်း ထိစပ်နေသဖြင့် ...
ဝေးလှသည်တော့ မဟုတ်ပေ။ ချင်းပြည်နယ် မင်းတပ်မြို့မှ ...
ကြဲဖြင့် လိုက်သွားလျှင်ပင် ယောနယ်အတွင်းသို့ အလွယ်တ...
ရောက်နိုင်ပေသည်။

နီမောင်က ဖခင်ကြီး ပြောပြခဲ့သော လမ်းညွှန်ချက်...
အတိုင်းသွားရာ ရက်အနည်းငယ်အတွင်းမှာပင် ဆရာကြီး ...
ကောင်းနေသောနေရာသို့ ရောက်သွားလေသည်။ ဆရာကြီး...
သောနေရာမှာ ရွာတစ်ရွာ၏ အစွန်ဘက်၌ ဖြစ်သည်။

ခြံကျယ်ကြီးအတွင်းမှာ သစ်တောများ ရှိသည်။

အတွင်းဘက်မှာတော့. . သစ်သားဖြင့် ဆောက်ထား...
သော အိမ်ကြီးတစ်လုံးကို လှမ်းမြင်ရသည်။ ခြံထဲလှမ်းကြည့်...
လိုက်တော့ လူရိပ်လူခြည် မမြင်ရပေ။ အိမ်က အတွင်းဘက်...
ရှိနေသောကြောင့် လှမ်းခေါ်ပြန်လျှင်လည်း ကြားရမည် မဟုတ်...
ပေ။

ထို့ကြောင့် စေ့ထားသောတံခါးကို တွန်းဖွင့်ပြီး ခြံထဲသို့...
ဝင်ရန် ဟန်ပြင်လိုက်စဉ်မှာ သူ့ရှေ့မှ လက်တစ်ဖက် ပေါ်လာ...
သည်။

အချိန်က ညနေစောင်း မှောင်ရီသမ်းစ အချိန်ဖြစ်သော်...
လည်း သူ့မျက်စေ့ရှေ့၌ပေါ်လာသော လက်ကြီးကိုတော့...
ကောင်းစွာမြင်နေရသည်။

လက်တစ်ဖက်တည်းပင် ပေါင်လုံးအရွယ်အစားမျှ...





အမွေးရှည်များ ဖုံးထားလေသည်။

ရုတ်တရက် မြင်လိုက်စ,ကတော့ လန့်သွားသည်။

သို့သော် ချက်ချင်း စိတ်ကိုထိန်းပြီး ပြောလိုက်သည်။

"ဆရာကြီးနဲ့တွေ့ဖို့ လာတာပါ"

"ဘီလူးစည်း. . လူစည်း ဆိုတာရှိတယ်၊ ဝင်ချင်ရင်. . ဒီမှာစောင့်နေ"

ဟု ပြောသံကြားရပြီး ရှေ့မှာပေါ်နေသော လက်ကြီးက ပြန်ပျောက်သွားသည်။ သူဖွင့်ထားသော တံခါးချပ်ကလည်း သူ့အလိုအလျောက် ကျွီခနဲ မြည်ကာ ပြန်ပိတ်သွားသည်။

နီမောင်က တံခါးအပြင်ဘက်၌ ရပ်စောင့်နေသည်။ ထိုသို့ စောင့်နေရင်းနှင့် ခြံစည်းရိုးပေါ်မှ ကျော်ကာ အတွင်းဘက်သို့ လှမ်းကြည့်တော့လည်း ဘာမှမတွေ့ရပေ။ ခဏကြာတော့ စေ့ထားသောတံခါးချပ်က ကျွီခနဲ အသံမြည်ကာ ပွင့်သွားလေသည်။

နောက်ထပ်အသံမကြားရသော်လည်း ဝင်ခွင့်ပေးလိုက်သည့်သဘောမျိုး ဖြစ်မည်ဟု ထင်သဖြင့် အရဲစွန့်ကာ ခြံထဲသို့ ဝင်လိုက်သည်။

ဘာမှ မထူးခြားပေ။

နောက်ဘက်မှ တံခါးချပ်ကတော့ သူ့အလိုအလျောက် ပြန်ပိတ်သွားလေသည်။

ထို့ကြောင့် တွေတွေထူးထူး စဉ်းစားမနေတော့ပဲ အိမ်ကြီးရှိရာဘက်သို့ လျှောက်လာလေသည်။

ခြံဝန်းထဲမှာရှိသော သစ်ပင်ရိပ်များကြောင့် အတော်ပင် မှောင်နေချေပြီ။

အိမ်ကြီးနှင့် မနီးမဝေးရောက်တော့ ကျားဟိန်းသံမျှ ကျယ်လောင်ပြီး ကြောက်စရာကောင်းသော ခွေးဟောင်သံများကို ကြားရသည်။

"ဝေါင်း. . . ဝေါင်း. . . ဝေါင်း. . ."

အသံကြားရာဘက်သို့ လှမ်းကြည့်လိုက်သောအခါ အိမ်အောက်ဘက်မှ ခွေးနက်ကြီးနှစ်ကောင်ထွက်လာပြီး သူရှိရာသို့ ပြေးလာကြသည်။

လူခါးစောင်းလောက်မြင့်ပြီး ပါးစပ်ထဲမှာရှိသော အစွယ်နှင့် သွားများကိုပင် လှမ်းမြင်နေရသည်။ ပြေး၍လည်း. . မလွတ်နိုင်တော့ပေ။

ထို့ကြောင့် မျက်စိကိုမှိတ်ပြီး ဘုရားတရားကိုသာ အာရုံပြုထားလိုက်ရသည်။ စိတ်ထဲမှာလည်း. . .

"ဒီတစ်ခါတော့ သွားပြီ"

ဟု မှတ်ယူထားလိုက်သည်။

သို့သော် သူထင်သလိုတော့ ဖြစ်မလာပေ။

သူ့ကိုယ်ပေါ်သို့ ခွေးနက်ကြီးနှစ်ကောင် ရောက်မလာသဖြင့် မရဲတရဲနှင့် မျက်လုံးဖွင့်ကြည့်လိုက်သည်။ သူ့အနားမှာ လူကြီးတစ်ယောက် ရပ်နေသည်။ ခေါင်းတုံးပြောင်အောင်တုံးထားပြီး အညိုရောင် အင်္ကျီလုံချည်တို့ကို ဝတ်ထားသည်။

ပုတီးတစ်ကုံးကိုလည်း လည်ပင်းမှာ ဆွဲထားသည်။ ထို





လူကြီးနံဘေးမှာတော့ စောစောက ကျားတစ်ကောင်လိုကြောက်စရာကောင်းလှသော ခွေးနက်ကြီးနှစ်ကောင်မှာ. . ယခုတော့ သည်း ကြောင်တစ်ကောင်ကဲ့သို့ သိမ်မွေ့စွာဖြင့် ရပ်နေကြသည်။

"ကျွန်တော် ဆရာကြီးဦးဖန်ကောင်းနဲ့ တွေ့ချင်လို့ လာဘာပါ"

"ဦးဖန်ကောင်းဆိုတာ ငါပဲ၊ ဒါထက် မင်းက ဘယ်သူများလဲ"

"ကျွန်တော့်နာမည် နီမောင်လို့ ခေါ်ပါတယ်၊ ကျွန်တော့်ခင်က ဦးဒီပပါ"

"အော် ကိုဒီပရဲ့သားကိုး၊ ကဲ. . အိမ်ထဲကိုလာ"

ဟုပြောကာ ခေါ်သွားသဖြင့်. . နီမောင်လည်း ယခုမှ သက်ပြင်းချနိုင်ပြီး ဆရာကြီးနောက်မှ လိုက်သွားလေသည်။ အိမ်ထဲရောက်တော့. . ကညင်ဆီဖြင့်ထွန်းထားသော မီးခွက်များကြောင့် အလင်းရောင် ရနေသည်။

တစ်အိမ်လုံး တိတ်ဆိတ်နေပြီး လူတစ်ယောက်မှ ရှိဟန်မတူပေ။

အိမ်ထဲမှာတော့ ဖိုထိုးရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဆေးဝါးဖော်စပ်ရာတွင် အသုံးပြုသော ပစ္စည်းများ၊ ဆေးပင်များ တွေ့ရပြီး. . အခြားတော့ မည်သည့်အသုံးအဆောင်ပစ္စည်းမှမရှိပေ။

ဦးဖန်ကောင်းက နီမောင်ကို နေရာထိုင်ခင်းပေးပြီးနောက် အတွင်းဘက်သို့ အသံပြုပေးလိုက်သည်။

"ဟဲ့. . ဒီမှာ ဧည့်သည်ရောက်နေတယ်၊ ရပ်ဝေးကလာခဲ့တာဆိုတော့ အစားအသောက်တွေ လာပို့ပေးကြ"

ထိုသို့လှမ်းပြောလိုက်သောအခါ မီးဖိုဆောင်ဘက်မှ လှုပ်ရှားသံများ အတိုင်းသား ကြားလာရသည်။ စကားပြောဆိုသံ အိုးခွက်ပန်းကန်များ ရွေ့သံ၊ အသုံးပြုသံများပါ ကြားလာရသည်။

ခဏကြာတော့ မီးဖိုဆောင်ဘက်မှ အသက်(၂၀)ခန့် အရွယ်ရှိသော မိန်းကလေးနှစ်ယောက် ထွက်လာကြသည်။

ယွန်းလင်ပန်းဖြင့် အစားအသောက် အသီးအနှံများ ထည့်ယူလာသည်။ နီမောင်ရှေ့ ရောက်သောအခါ ချပေးပြီး. . မနီးမဝေးမှာပင် ထိုင်နေကြသည်။

"မင်းက ခရီးဝေးက လာခဲ့တာဆိုတော့ ဆာရောပေါ့ ငါ ကျွေးတဲ့အစားအသောက်တွေကို ဘာမှ သံသယမဖြစ်နဲ့ စိတ်ချလက်ချသာ စားပေတော့"

ဟု ဦးဇန်ကောင်းကပြောသဖြင့် နီမောင်လည်း ဆာလောင်နေချိန် ဖြစ်သောကြောင့် ထွေထွေထူးထူး စဉ်းစားမနေတော့ပဲ. . မိန်းကလေးနှစ်ယောက် လာချပေးသော အစားအသောက်တို့ကို မြိန်ရေရှက်ရေနှင့်ပင် ဝအောင်စားလေသည်။

ထိုသို့ စားသောက်လိုက်တော့မှပင် အတော်ပင် နေသာထိုင်သာ ဖြစ်သွားလေသည်။

စားသောက်ပြီးတော့ မိန်းကလေးနှစ်ယောက်က ပန်းကန်များကို ပြန်ယူပြီး မီးဖိုဆောင်ဘက်သို့ ပြန်ဝင်သွားကြရာ ခဏကြာတော့ အသံမကြားရတော့ပေ။ ထိုအခါမှ ဦးဇန်ကောင်း





က မေးသည်။

"မင်းအဖေ တစ်ခုခုဖြစ်နေလို့ မင်းရောက်လာတာလ.

"မှန်ပါတယ်၊ ဆရာကြီး ဘယ်လိုများ သိတာပါလဲ"

"မင်းအဖေ ဘာမှမဖြစ်ရင် ဒီနေရာကို မင်းတစ်ယောက် တည်း ရောက်လာစရာမှ အကြောင်းမရှိတာ၊ အကြောင်းစုံသ ပြောပြပါ"

ထို့ကြောင့် နီမောင်လည်း သူ့ဖခင် ဦးဒီပ သေဆုံးခဲ့ သောအကြောင်းကို ပြန်ပြောပြလိုက်လေသည်။ စကားဆုံးတော့ မှ ဦးဇန်ကောင်းက သက်ပြင်းချလိုက်သည်။ ပါးစပ်တွင်းမှတမြုံမြုံ ဝါးနေသည့် ကွမ်းဖတ်များကိုလည်း ပြန်ထွေးထုတ်လိုက်လေ သည်။

"မင်းပြောပုံအရဆိုရင် ကိုဒီပသေရတာ သွေးရိုးသားရိုး ဖြစ်မယ်မထင်ဘူး၊ ဘာကြောင့်လည်းဆိုတော့ ကိုဒီပက ဘုရား တရားကို ယုံကြည်အားကိုးတဲ့သူဆိုတော့ သာမန်နဲ့တော့ သူ မသေနိုင်ဘူး"

"မှန်ပါတယ် ဆရာကြီး၊ ပထမ. . နှစ်ကြိမ် သုံးကြိမ် လောက်မှာတော့ အဖေပဲ နိုင်တာပါပဲ၊ ဒီတစ်ခါကျမှသာ"

နီမောင်က ပြောရင်းနှင့်. . အသံတိမ်ဝင်သွားသော ကြောင့် စကားရပ်လိုက်သည်။

"ဒီလိုပေါ့ကွာ၊ ကံကြမ္မာဆိုးတွေ ဖိစီးနှိပ်စက်လာတဲ့ အချိန်ရောက်လာရင် ဘယ်လောက်ပဲ ကောင်းတာလုပ်လုပ် ခံ စရာရှိရင် ခံရတာပါပဲ၊ တရားနဲ့သာ ဖြေပေါ့"

နီမောင်က ခေါင်းညိတ်ပြလိုက်လေသည်။

"ဒါထက် မင်းဒီကိုလာတာ ဘယ်လိုရည်ရွယ်ချက် လဲ"

"အဖေမသေခင်က မှာသွားပါတယ်၊ တကယ်လို့ သေသွားခဲ့ရင် ဆရာကြီးဆီကို ရောက်အောင်သွားပါဆိုလို့ ကျွန်တော်လာခဲ့တာပါ"

"ရောက်လာတာကို ငါသဘောကျပါတယ်၊ ဘယ်လို အကူအညီ ပေးစေချင်သလဲ"

"ကျွန်တော့်အဖေကို မတရားလုပ်ခဲ့တဲ့ လူတွေကို ကလဲ့စား ပြန်ချေချင်တယ်၊ ကျွန်တော်ကို ပညာသင်ပေးပါ ဆရာကြီး"

ထိုစကားကြောင့် ဦးဇန်ကောင်းက သက်ပြင်းတစ်ချက် ချလိုက်လေသည်။

"ငါကမင်းကို ပညာသင်ပေးနိုင်ပါတယ်၊ ဒါပေမယ့် ဖြစ်နိုင်မယ် မထင်ဘူး"

"ဗျာ. . ဘာဖြစ်လို့လဲ ဆရာကြီး"

"ဒီပညာမျိုးသင်တယ်ဆိုတာ လွယ်လွယ်နဲ့ မရနိုင်ဘူး"

"ကျွန်တော် ကြိုးစားသင်ပါ့မယ်"

"မင်းဘယ်လောက် စိတ်အားထက်သန်နေတယ်ဆိုတာ မြင်ရုံနဲ့တင် ငါသိပါတယ်၊ မဖြစ်နိုင်ဘူးလို့ ပြောတာက မင်းမသင်နိုင်မှာစိုးလို့ ပြောတာမဟုတ်ပါဘူး၊ မင်းပြောတာတွေ. . နားထောင်ကြည့်တဲ့အခါမှာ မင်းအနေနဲ့ ပညာသင်တာထက်ပိုပြီး အရေးကြီးတာ ရှိနေသေးတယ်"





"ဘာများလည်း ဆရာကြီး"

"ရွာမှာကျန်ခဲ့တဲ့ မင်းအမေနဲ့ မင်းညီမလေး၊ ငါဆီမှာ ပညာသင်မယ်ဆိုရင် အနည်းဆုံး သုံးနှစ်ကနေ ခုနစ်နှစ်အထိ နေပြီး သင်ယူမှရနိုင်မယ်၊ ဒီလောက်အချိန်အကြာကြီး မင်းက ဒီမှာနေတော့ အားကိုးမရှိကြတဲ့ မင်းအမေနဲ့ညီမလေးကို ဘယ်သူတွေက စောင့်ရှောက်ပေးမလဲ"

ထိုစကားကြားသောအခါ နီမောင်မှာ ဘာမှဆက်မပြောတော့ပဲ ငိုင်ကျသွားလေသည်။

ဆရာကြီးပြောတာ မှန်သည်။

ယခုတောင် အမေခမျာ နေမကောင်း ဖြစ်နေသည့်ကြားမှ ထားခဲ့ရခြင်း ဖြစ်သည်။ သူ မရှိသည့်အခါ အားကိုးမရှိသဖြင့် ဘယ်လောက်အားငယ်နေကြမည် မသိပေ။

ယခုတော့မှ နီမောင်မှာ ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုး ရောက်ရပေတော့သည်။ သို့သော်လည်း သူက မည်သည့်ကိစ္စမဆို လွယ်လွယ်နှင့်တော့ လက်လျှော့ပေးလိုစိတ်မရှိပေ။

"ဆရာကြီး ပြောတာလည်း မှန်ပါတယ်၊ အဖေစိတ်ကြောင့် ကျွန်တော် ဒါတွေကို မတွေးဖြစ်ခဲ့ဘူး၊ ဒါပေမယ့် ဆရာကြီးဆီ ရောက်လာပြီးမှတော့. . အဖေ့အတွက် တစ်ခုခုပြန်လုပ်ပေးဖို့ ကျွန်တော်ကို အကူအညီပေးပါ ဆရာကြီးရယ်"

ဟု တောင်းပန်ပြောဆိုလိုက်သည်။

ထိုစကားကြားတော့. . ဦးဇန်ကောင်း အတော်ကြာ

အောင် စဉ်းစားနေလေသည်။

" မင်းရောက်လာပြီး ကိုဒီပ သတင်းကြားရပြီးကတည်း က ငါ့ကနေနဲ့ တစ်ခုခုအကူအညီ ပေးသင့်တယ်ဆိုတာ ငါသိ တယ်၊ မင်းလည်း ဒီရောက်တုန်း နားလိုက်ဦး၊ မင်းပြန်တဲ့ အ ကျရင်.. ငါပါ မင်းတို့ရွာကို တစ်ပါတည်း လိုက်ခဲ့မယ်"

ထိုစကားကြောင့် နီမောင်မှာ များစွာဝမ်းသာသွား လေသည်။

"ဆ.. ဆရာကြီး တကယ်ပြောတာလားဟင်"

"တကယ်ပြောတာပေါ့ကွာ၊ မင်းတို့ရွာရောက်တော့ က မင်းကို ပညာလည်းသင်ပေးရင်းနဲ့ မိုးကြိုးကျတောင်ထိပ် ထူးခြားတဲ့ နေရာမျိုးတွေကိုလည်း ကြည့်ချင်သေးတယ်၊ နော ပြီး မင်းအဖေ ဦးဒီပဘယ်ပုံဘယ်နည်း သေသွားခဲ့တယ်ဆိုတာ လည်း လေ့လာကြည့်လို့ရတာပေါ့ မကောင်းဘူးလား"

"ကောင်းပါတယ် ဆရာကြီးရယ် ကျွန်တော်အတွက် ကတော့ ဒီအစီအစဉ်ဟာ သားရွှေအိုးထမ်းလာတဲ့ ကိန်းမျိုး ဗျာ၊ ဆရာကြီးကို ကျေးဇူးတင်လိုက်တာ"

ဟု ပြောဆိုလျက် နီမောင်က ဆရာကြီး ဦးဇန်ကော ကိုကန်တော့လေရာ ဆရာကြီးက ကရုဏာ မျက်လုံးဖြင့် ကြ နေလေသည်။



# အခန်း(၁၂)

# လျှို့ဝှက်စွာဖြင့် ပညာသင်ပေးခဲ့ခြင်း

နီမောင်မှာ ဦးဇန်ကောင်းထံသို့ ရောက်နေသည်မှာ တစ်ပတ်ခန့် ကြာသောအခါမှာတော့ ဆရာကြီး ဦးဇန်ကောင်း၏ ပညာများကို သိသင့်သလောက် သိလာခဲ့ရပေသည်။ ဦးဇန် ကောင်း တတ်ကျွမ်းသော ပညာရပ်များထဲတွင် ရုပ်ပြောင်းနာမ် ဖွားပညာမှာ အံ့ဩဖို့ကောင်းလှလေသည်။

သူထံမှာ ဝေယျာဝစ္စ လုပ်ပေးနေကြသော မိန်းကလေး

များ ခြံစောင့်ခွေးနက်ကြီးများမှာ စင်စစ်တော့ ရုပ်ခန္ဓာရှိ
ပေ။

သို့သော် ရုပ်ခန္ဓာရှိသူများကဲ့သို့ပင် စေခိုင်းသမျှ ပြု
ပေးနိုင်ကြသည်။

"ရုပ်ခန္ဓာဆိုတာ ပျက်စီးလွယ်တယ်၊ ဝိညာဉ်ခန္ဓာ
ပျက်စီးမှု မရှိဘူး၊ သူတို့အတွက် မှီတွယ်ရာတစ်ခုခုရှိနေရင် ဘ
နေရာမဆို နေနိုင်တယ်"

"ဟုတ်ကဲ့"

"ဒါပေမယ့် မိမိပြုခဲ့တဲ့ ကုသိုလ်ကံ၊ အကုသိုလ်ကံ
ကြောင့် ရရှိတဲ့ ရုပ်ခန္ဓာချင်းတော့ မတူကြဘူးပေါ့၊ နတ်ခန္ဓာ
တော့လည်း နတ်ပေါ့၊ သရဲခန္ဓာရကော့လည်း သရဲပေါ့၊ တိရစ္ဆာ
ဘုံဘဝရောက်တော့လည်း တိရစ္ဆာန်အမျိုးမျိုးဘဝနဲ့ နေကြရတာ
ပေါ့"

"ဟုတ်ပါတယ် ဆရာကြီး"

"ရုပ်ပြောင်းနာမ်ခွာဆိုတဲ့ သဘောက ကိုယ်ခန္ဓာတစ်
ကနေ မှီတွယ်နေတဲ့ ဝိညာဉ်ခန္ဓာလေး ခွာထွက်သွားရင် ကျန်
တဲ့ ကိုယ်ခန္ဓာက အသုံးမကျတော့ဘူး၊ ဒါပေမယ့် ဝိညာဉ်မ
တော့တဲ့ ရုပ်ခန္ဓာထဲက တခြားဝိညာဉ်တစ်ခုက ဝင်လာနိုင်ရင်
ပြန်ပြီးရှင်သန်လာနိုင်တယ်"

"သေပြီးမှ ပြန်ရှင်လာတယ်ဆိုတော့ ဖုတ်ဝင်တာမျိုး
လား ဆရာကြီး"

"သဘောကတော့ ဒီအတိုင်းပါပဲ၊ ဖုတ်ဝင်တယ် ဆိုတာ





တော့ တစ္ဆေသရဲတွေ ပူးကပ်ခြင်း ခံရတာပေါ့ကွာ၊ နတ်ဝင်
တာနဲ့ သဘောအတူတူပါပဲ၊ နတ်ဝိညာဉ်ဝင်တော့ နတ်ဝင်တာ
ပေါ့ သရဲသဘက်ဝင်တော့ ဖုတ်ဝင်တယ်လို့ ခေါ်ကြတာပါပဲ"

"ဒါပေမယ့် နတ်ဝင်တာနဲ့ ဖုတ်ဝင်တာ ဘာကြောင့်မတူ
တာလည်း ဆရာကြီး"

"ဇီဇစိတ်ကြောင့် မတူတာပဲ၊ သရဲဝင်စီးရင် သရဲစိတ်
ပါလာတော့ သရဲလိုပဲ စားသောက်တယ်၊ ဘီလူးဝင်ပူးတော့
လည်း ဘီလူးစိတ်ဝင်ပြီး စားသောက်တယ်၊ နတ်ဝင်တော့လည်း
နတ်စိတ်နဲ့ စားသောက်တာမျိုးပါပဲ"

"ဒါပေမယ့် အချို့ဖုတ်ဝင်နေတဲ့ လူတွေဆိုရင် သုံးလေး
နှစ်ကြာအောင် လူတွေလိုပဲ ဟန်မပျက်နေနိုင်ကြတာ ဘယ်လို
ကြောင့်လည်း ဆရာကြီး"

"ဥပမာ. . ထန်းပင်ပေါ်က ပြုတ်ကျတဲ့အချိန်မှာ လူ
ဝိညာဉ်က အပြင်ရောက်သွားတယ်၊ မင်းနားလည် သဘော
ပေါက်အောင် ပြောရမယ်ဆိုရင် ထန်းပင်ပေါ်က ပြုတ်ကျတဲ့
လူဟာ မြေပေါ်ရောက်မှ သေတာမဟုတ်ဘူး၊ ပြုတ်ကျခါစ လေ
ထဲမှာ ကိုယ်ခန္ဓာရှိနေသေးတဲ့အချိန်မှာ ကိုယ်ထဲက လူဝိညာဉ်က
အပြင်ရောက်နှင့်နေပြီး အဲဒီကတည်းက သေပြီလို့ ယူဆရတယ်"

"အဲဒါ ဘယ်လိုသဘောမျိုးလဲ ဆရာကြီး"

"ကိုယ်ခန္ဓာထဲက အသက်လို့ခေါ်တဲ့ ဝိညာဉ်ကို အသိ
သတိလေးနဲ့ ထိမ်းထားကြတယ်၊ အသက်သေမယ့် ကိစ္စဆိုရင်
အသိက အချက်ပေးတယ်၊ ဒီအခါမှာ သတိက ဒါမလုပ်ရဘူး၊

လုပ်ရမယ်ဆိုပြီး ချက်ချင်းဆုံးဖြတ်ရတယ်၊ ပြီးမှ တဆက်တည်း အသက်ကို ကာကွယ်မယ့်နည်းလမ်းကို သုံးကြရတယ်"

"ဟုတ်ကဲ့"

"ဥပမာ လူတစ်ယောက်က အသက်သေအောင် ဓားနဲ့ ခုတ်လာရင် အသိက အချက်ပေးတာနဲ့ သတိက ဦးဆောင်ပြီး လွတ်အောင်ကြိုးစား ရသလိုမျိုးပေါ့"

"သဘောပေါက်ပါပြီ"

"အသက်သေမယ့် အဆိပ်ကျွေးရင် အသိက အချက်ပေးတာနဲ့ သတိနဲ့ ရှောင်ရှားရတာပေါ့၊ ဒါကြောင့်. . လူတွေ တိရစ္ဆာန်တွေရဲ့ အသက်ရှင်မှုလို့ခေါ်တဲ့ ဝိညာဉ်တည်မြဲရေး ကို အသိနဲ့သတိက. . တာဝန်ယူ စောင့်ရှောက်ပေးနေရတယ် နောက်မှ အသိပညာ၊ အတတ်ပညာတွေနဲ့ ဝန်းရံပေးကြရတာ ပေါ့"

"မှန်ပါတယ် ဆရာကြီး"

"ထန်းပင်ပေါ်က ပြုတ်ကျတဲ့ လူကျတော့ ကျပြီဆိုတာနဲ့ သူသေပြီလို့ အသိက သိတဲ့အချိန်မှာ သတိကို အချက်ပေးချိန် မရတော့ဘူး၊ ဒီတော့ ထိန်းချုပ်မှုကင်းမဲ့သွားတဲ့ အချိန်မှာ အသက်ဝိညာဉ်က အပြင်ရောက်နှင့်နေပြီ၊ ပြောရရင်တော့ ထန်းပင် ပေါ်ကကျကျချင်း မြေပေါ်မရောက်ခင် အချိန်လေးမှာတင် ခန္ဓာ ကိုယ်ထဲမှာ အသက်ဝိညာဉ် မရှိတော့ဘူးလို့ ဆိုရမယ်"

"အံ့သြစရာပါပဲ"

"ဒါကြောင့် မြေပေါ်ကျကျချင်း မျက်စိတစ်မှိတ်၊ လျှပ်





တစ်ပြက်အချိန်အတွင်းမှာ တခြားဝိညာဉ်တစ်ခုက ချက်ချင်း ဝင်လာနိုင်တာပေါ့၊ ပတ်ဝန်းကျင်မှာ မျက်စိနဲ့မမြင်ရပေမယ့် ခန္ဓာ ကိုယ်မရှိသေးတဲ့ ဝိညာဉ်တွေက အများကြီးရှိနေကြတာပဲ"

"အတော်ကြောက်စရာ ကောင်းတာပဲ"

"ဒီလိုပေါ့ကွာ၊ မသိလို့သာ မကြောက်ကြတာ၊ သိမယ် မြင်မယ်ဆိုရင်တော့ နေစရာတောင် ရှိမှာမဟုတ်ဘူး"

"ဆရာကြီးဆီမှာ လာလုပ်ပေးနေတဲ့ မိန်းကလေးတွေ က ဝိညာဉ်ခန္ဓာပဲရှိပြီး ရုပ်ခန္ဓာမရှိတဲ့ သူတွေပေါ့နော်"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြသည်။

"ဒါပေမဲ့ သူတို့ကို အမြဲခေါ်ထားလို့ မရဘူး၊ သူတို့ပြုခဲ့ တဲ့ကုသိုလ်ကံအတိုင်း ကျွတ်ချိန်တန်ရင်တော့ ခွင့်ပေးရတယ်"

"ဒီလိုခေါ်ထားတော့ သူတို့က သဘောတူကြသလား"

"ဝိညာဉ်လောကသားတွေဆိုတာ သနားစရာ ဘုံဘဝ သားတွေပါပဲ၊ နေစရာမရှိ စားစရာမရှိကြတဲ့ သူတွေကများ တယ်၊ ပြိတ္တာဘုံဘဝမှာတောင် နေရစားရတာချင်း မတူတာတွေ ရှိကြတယ်"

"ဟုတ်ကဲ့"

"ငါခေါ်ထားတော့ နေစရာရတယ်၊ စားလည်းစားရတာ ပေါ့၊ ဒါကြောင့် နေချင်သူတွေ များပါတယ်"

(ဘုံဘဝမတူသဖြင့် ခံစားရပုံချင်းမတူသော ပြိတ္တာများ အကြောင်းကို အခြားရေးသားပြီးခဲ့သော စာအုပ်များ၌ သင့်သ လောက်ဖော်ပြ ရေးသားခဲ့ပြီး ဖြစ်ပါသည်။ )

"ကျွန်တော်တော့ ဆရာကြီး ပြောတာတွေ နားထောင်ပြီးတော့ အရင်က ကြောက်ရွံ့ခဲ့တာတွေအစား၊ သနားစိတ်တောင် ဝင်လာမိပါတယ်"

"သူတို့ကို သနားတယ်ဆိုရင် တတ်နိုင်သလောက် အညီပေးလို့ ရပါတယ်"

"ဘယ်လို ကူညီပေးရမလဲ ဆရာကြီး"

"မေတ္တာများများ ပို့ပေးပေါ့ကွယ်၊ နောက်ပြီး မင်းပြုခဲ့တဲ့ ကုသိုလ်ကောင်းမှုတွေကို သူတို့အတွက် ရည်စူးပြီး အမျှတန်းဝေပေးပေါ့၊ ဒီလိုဆိုရင် သူတို့ကို အကူအညီပေးရာ ရောက်ပါတယ်"

"ဒါထက် မေးပါရစေ ဆရာကြီး၊ ကျွန်တော်က အမျှပေးတော့လည်း သူတို့က သာဓုခေါ်နိုင်ကြပါ့မလား"

"အားလုံးတော့ မဟုတ်ဘူးပေါ့၊ ကိုယ့်ပတ်ဝန်းကျင် ပိုက်မှာရှိနေတဲ့ ပြိတ္တာလောကသားတွေမှာလည်း သာဓုခေါ်တဲ့သူရှိသလို၊ အမျှဝေပေမယ့် အကုသိုလ်ကံကြောင့် သာဓုနိုင်တဲ့ ပြိတ္တာတွေလည်း အများကြီးရှိကြပါတယ်၊ ဒါပေမယ့် အုပ်ထဲ ပိုက်ဆံကြဲချသလိုပေါ့၊ ထိုက်တဲ့သူတွေ ရကြပြီး တဲ့သူတွေကြတော့ သူကံအတိုင်းပဲပေါ့"

"ကောင်းပါပြီ ဆရာကြီး၊ ကျွန်တော်တတ်နိုင်သမျှ မေတ္တာပို့ အမျှအတန်း ဝေပေးပါ့မယ်"

"ကုသိုလ်ဖြစ်တာပေါ့ကွာ"

"ဒါထက် ကျွန်တော်တို့ဘယ်တော့လောက် ချင်းတော



အောင်မြင်စာပေ



ဘက်ပြန်ကြမလဲ ဆရာကြီး"

နီမောင်က အရဲစွန့်ကာ မေးလိုက်လေသည်။

ထိုအခါ ဆရာကြီးဦးဇန်ကောင်းက အတန်ကြာအောင် စဉ်းစားနေပြီးမှ . . .

"ဒီမှာ စီစဉ်စရာလေးတွေ စီစဉ်ရဦးမှာဆိုတော့ နှစ်ရက် သုံးရက်တော့ ကြာဦးမှာပေါ့၊ ငါမရှိရင် ငါကိုယ်ပွားတစ်ယောက် ဒီမှာထားခဲ့ရမယ်"

ဟု ပြောသည်။

"ဘယ်သူတွေကို ခေါ်သွားဦးမှာလဲ ဆရာကြီး"

"မှော်ဝင်ဘီလူးတော့ အဖော်ခေါ်သွားရမယ်"

"မှော်ဝင်ဘီလူးက ဘယ်မှာလည်း ဆရာကြီး"

"မင်း ရောက်ကာစက ခြံပေါက်ဝမှာ လက်တစ်ဖက် မြင်ခဲ့ရတယ် မဟုတ်လား၊ အဲဒါ မှော်ဝင်ဘီလူးပဲ"

ဟု ပြောမှ သတိရလေသည်။

"ကြောက်စရာပဲ၊ လက်တစ်ဖက်တင် ပေါင်လုံးလောက် ရှိတယ်"

"သူ့မှာ ဖန်ဆင်းနိုင်တဲ့ ကမ္ဘဝိဇ္ဇာတန်ခိုးရှိတယ်၊ မင်းပြောတဲ့နေရာတွေမှာ သရဲသဘက်တွေ များပုံရတယ်"

"ဟုတ်တယ် ဆရာကြီး၊ ချင်းသမျှင်းမှာဆိုရင် အများကြီးရှိတယ် "

"သရဲသဘက်စတဲ့ မကောင်းဆိုးဝါးတွေဆိုတာ လူတွေနဲ့ ဝေးဝေးနေရတယ်. . ၊ အနားကပ်လာရင်တောင် မကပ်နိုင်

အောင် အရုံအထားတွေနဲ့ ကာကွယ်ထားကြရတယ်၊ ဒီလိုမလုပ်ရင် လူတွေကို နတ်တွေလို ပူဇော်ပသနေမှတော့ ဒီလိုဖြစ်နေတာ မဆန်းပါဘူး"

"မှန်ပါတယ်"

"မကောင်းဆိုးဝါးဆိုတာ လူတွေထဲက ကောင်းကျိုးရှာ တနည်းတယ်၊ မကောင်းတဲ့အကျိုးတွေကို . . ဆိုးဆိုးဝါးဝါး ပေးတတ်လို့ မကောင်းဆိုးဝါးလို့ ခေါ်ကြတာပဲ၊ လူတွေကို ကျွေးမွေးနေရင်သာ လူကိုအန္တရာယ် မပေးကြပေမယ့် . . မကျွေးနိုင်ရင်တော့ ကျွေးတဲ့လူကို ပြန်စားတော့တာပဲ"

"အခုဆိုရင် ရှင်းသမ္ဘိုင်းက သရဲတွေကို နတ်ဆိုပြီး ကိုးကွယ်နေကြတယ်၊ နွားသတ်ပြီး ယဇ်ပူဇော်နေကြတယ်၊ ဆရာကြီး ပြောသလိုဆိုရင် အဲဒီလို မကျွေးနိုင်ရင်တော့ ရွာထဲဝင်ပြီး ဝှက္ခပေးမှာပဲ"

"လူတွေကို ကောင်းအောင် မကောင်းအောင် လုပ်ပေးတာက နွဲ့လမ်းယုံကြည်မှုပဲ၊ ယုံကြည်မှုကောင်းရင် ကောင်းတဲ့နေရာရောက်စေပြီး၊ မကောင်းရင်တော့ မကောင်းတဲ့နေရာ ရောက်ကြရတာပဲ၊ အဲဒီအချိန်ကျရင်တော့ . . ဘယ်သူကမှ ဝင်ကယ်ပေးလို့ မရတော့ဘူး"

ဟု ဦးဇန်ကောင်းက ပြောလေသည်။

နီမောင်သည် ဦးဇန်ကောင်းနေအိမ်တွင် တစ်ပတ်ခန့်ကြာအောင် နေရလေသည်။

ထိုကဲ့သို့ နေသောအချိန်တွင် ဦးဇန်ကောင်း ကျွေးတာ





ပြီး ဦးဇန်ကောင်း နိုင်းသမျှအလုပ်ကို မညည်းမညူ လုပ်ပေးလေသည်။

ဦးဇန်ကောင်းက ကွမ်းအမြဲဝါးနေသူ ဖြစ်သည်။ ထမင်းစားချိန်မှလွဲပြီး ပါးစပ်ထဲမှာ ကွမ်းတည့်ပြီး ဝါးနေသူဖြစ်သည်။

တစ်ယာညက်သွားပါက နောက်တစ်ယာ,ယာပြီး ပါးစပ်ထဲသို့ ထည့်ဝါးသည်။

ရင်းအိမ်သို့ နီမောင်ရောက်လာပြီး နောက်တစ်နေ့မှစပြီး လှဝါးပြီးသမျှ ကွမ်းဖတ်များကို ထွေးမပစ်တော့ပဲ နီမောင်ကို ပေးသည်။

"နီမောင် မင်းကွမ်းစားတတ်သလား"

"မစားတတ်ဘူး ဆရာကြီး"

"မစားတတ်ပေမယ့် ငါပေးတဲ့ ကွမ်းယာကို ပါးစပ်ထဲမှာ ဝါးပြီး ညက်သွားရင် မျိုသာချလိုက်"

ဟု ပြောပြီး ပါးစပ်ထဲမှ ကွမ်းဖတ်များကို ထွေးပြီးပေးသည်။ နီမောင်က ကွမ်းကြိုက်သူ မဟုတ်သဖြင့် ပထမတော့ မစားချင်ပေ။

သို့သော်လည်း ဆရာကြီး ပေးသမျှယူကာ၊ ကျွေးသမျှစားမည်ဟု စိတ်ဆုံးဖြတ်ထားသောကြောင့် ပေးသမျှ ကွမ်းဖတ်များကိုယူ၍ ပါးစပ်ထဲထည့်ဝါးကာ ညက်သွားပါက မျိုချပစ်လေသည်။

ထိုမျှသာ မကသေးပေ။

ထမင်းစားလျှင်လည်း ဆရာကြီးကအရင်စားပြီး တစ်

ဝက်ချန်ထားသည်။ ထိုထမင်းကျန် ဟင်းကျန်တို့ကို နီမောင်ကို ကျွေးသည်။

ရေသောက်လျှင်လည်း တစ်ဝက်ချန်ထားပြီး နီမောင်ကိုပေးသည်။

နီမောင်ကလည်း ဆရာကြီးပေးသမျှ ကျွေးသမျှကို အားလုံး စားသောက်လေသည်။

စိတ်ထဲမှာတော့. . .

"ဆရာကြီးက အခုအချိန်ထိတော့ ငါ့ကို ဘာပညာမှ သင်မပေးသေးဘူး၊ ငါတို့ရွာရောက်မှပဲ သင်ပေးမယ် ထင်ပါရဲ့"

ဟု တွေးမိလေသည်။

တစ်လခန့်ကြာတော့ ဆရာကြီး ဦးဇန်ကောင်းက သူ့ကို ခေါ်မေးမြန်းလေသည်။

"နီမောင် အခုအချိန်ထိ ပညာသင်မပေးသေးသလို့ စိတ်ထဲမှာ တစ်မျိုးထင်နေတယ် မဟုတ်လား"

"ဒီလိုတော့ မဟုတ်ပါဘူး ဆရာကြီး"

"အမှန်အတိုင်းသာ ပြောပါကွယ်၊ ငါက မင်း၊ နေရာက ကတည်းက ပညာတွေ ပေးနေခဲ့တာ မင်းမှမသိပဲကိုး"

ထိုစကားကြားတော့ များစွာ အံ့ဩသွားလေသည်။

"ကျွန်တော့်ကို ပညာတွေ သင်ပေးခဲ့တယ် ဟုတ်လား ဆရာကြီး"

ဆရာကြီးက သဘောကျစွာ အမှုအရာဖြင့် ပြုံးကာ ခေါင်းညိတ်ပြသည်။





"ငါ မေးပါရစေဦး. . . မင်းက ပညာသင်တယ်ဆိုတာ ကျောင်းမှာသင်သလို ကကြီး ခခွေး ရေးပြီး သင်မှ ပညာသင်တယ်လို့ ထင်နေရော့သလား"

နီမောင်က ဘာပြန်ပြောရမှန်း မသိသဖြင့် မျက်လုံးအပြူးသားဖြင့် ကြည့်နေလေသည်။

"ငါတို့ သင်ပေးတဲ့ ပညာဆိုတာ ကျောင်းစာသင်သလို သင်ရတာမျိုး မဟုတ်ဘူးကွယ်၊ ဒါပြီးမှ ဒါသင်ရတာမျိုးလည်း မဟုတ်ဘူး၊ ပေးတဲ့ဆရာက သိပေမယ့် သင်နေတဲ့ တပည့်က သိချင်မှ သိတာမျိုးကွယ့်"

"ဆရာကြီးကသာ သင်ပေးခဲ့ပေမယ့် ကျွန်တော်စိတ်ထဲမှာတော့ ဘာမှမထင်ထားဘူး ထင်တာပဲ၊ ကျွန်တော် ဘာမှ မသိသေးပါဘူး"

နီမောင်က အမှန်အတိုင်းသာ ရှင်းပြောလိုက်သည်။ ထို စကားကြားတော့ ဆရာကြီးဦးဇန်ကောင်းက သဘောကျစွာ ပြုံးလိုက်လေသည်။

"ပညာသင်တယ်ဆိုတာ မင်းသိဖို့ မလိုဘူး စိတ်ထဲမှာ ကျိတ်နေဖို့ပဲ အရေးကြီးတယ်၊ အရေးကြုံလာတဲ့အခါ ဘာဖြစ်နေတယ်၊ ဘယ်လိုလုပ်ရမယ်ဆိုတာ မင်းစိတ်ထဲက အလိုလို သိလာပါလိမ့်မယ်"

နီမောင်က ဘာမှပြန်မပြောသာတော့ပေ။

"ဟဲ. . ဟဲ. . ပြင်ဆရာရှိသာတွေ ဒခေါင်းသိန့် ပြီးသော ပေတော့ တစ်ရက်နှစ်ရက်ကြာရင် ငါတို့ ခရီးထွက်ကြမယ်"

"ဟုတ်ကဲ့ ဆရာကြီး"

မကြာခင် မိမိနေရပ်သို့ ပြန်ရတော့မည်ဆိုသဖြင့်..
နီမောင်စိတ်ထဲမှာ ဝမ်းသာသွားမိလေသည်။



# အခန်း(၁၃)

# သုသာန်ရောက်မှ အသက်ပြန်ရှင်ခွင့်ရသူ

မသောနည့်ရှိနေသော ဆရာကြီး ဦးစန်းကောင်းထိန်ရွှံ့ခင် ဘက်လေးကျော်ခန့် ထပ်ရိုန်ကြာသောအခါ အနန္တကြိုးစားရာက၊ ၊ ချွန်း ကောင်းထနိုးမှုများဘက်သို့ ပြန်ခဲ့ကြလေသည်။ မသောနည်းမှ မင်း ဘက်သို့ ရောက်အောင် ကာဆွဲကြိုးများစီ၍ ပြန်ကြရာ ထမဆင်မည် သည်။

မင်းဘက်ရောက်ပြီး ရှင်းတို့နေရာသို့ ရောက်မှသာဘာပါ

မှာတော့ ခြေလျင်ခရီးကိုသာ အားကိုးပြီး ပြန်ကြရသည်။ ဆရာကြီး ဦးဗန်ကောင်းထံမှာ တောင်ဝှေးတစ်ချောင်းဖြင့် လွယ်အိတ်ကြီးတစ်လုံးသာ ပါသည်။

နီမောင်ကတော့ ၎င်းမှာပါသော လွယ်အိတ်တစ်လုံးသာပြန်ပါလေသည်။

နှစ်ယောက်သား ခြေလျင်ခရီးဖြင့် ပြန်ခဲ့ကြရာ တောင်ခြေ၌ရှိသော ရွာတစ်ရွာနှင့် မနီးမဝေး ရောက်သောအခါ ကွင်းစပ်မှာတွေ့သော ညောင်ပင်ကြီးတစ်ပင်အောက်၌ နှစ်ယောက်သားဝင်နားရင်း အသင့်ပါလာသော ရေနှင့်အစားအသောက်များကို စားသောက်နေကြစဉ် ထူးခြားသော မြင်ကွင်းတစ်ခုကို မြင်ကြရသည်။

အခြားမဟုတ်ပေ။

ရွာရှိသောဘက်မှ လူအချို့ထွက်လာခြင်းဖြစ်သည်။

ရိုးရိုးထွက်လာခြင်းတော့ မဟုတ်ပေ။

သုသာန်သို့ အသုဘချရန်အတွက် ထွက်လာကြခြင်းဖြစ်သည်။ ရှေ့ဆုံးမှ ကန်တော့ပွဲရွက်သော မိန်းမကနေပြီး . နောက်မှ ကြေးစည်ထုသူ နှစ်ယောက်နေသည်။ ကြေးစည်ကို ရှေ့တစ်ယောက် နောက်တစ်ယောက် ဝါးလုံးပြင် လျှိုထမ်းကာ နောက်မှလူက ကြေးစည်လက်ခတ်ဖြင့် အဆက်မပြတ် ထုနေလေသည်။

"နောင် ဝေ ဝေ"

"နောင် ဝေ ဝေ"





ကြေးစည်ထုနေသူ နောက်မှာတော့ လူသေထည့်သောခေါင်းတစ်လုံးက လူလေးယောက်က ထမ်းလာကြသည်။

နောက်မှာတော့ မသာပို့သူများက တန်းစီလျက် ပါလာကြလေသည်။

ကြေးစည်သံနှင့်အတူ အော်ဟစ်ငိုကြွေးနေသော မိန်းမသံများက ဆူညံနေတော့သည်။

မသာချလာသူများက ၎င်းတို့ နှစ်ယောက်ထိုင်နေသောညောင်ပင်ကြီး ရှိရာဘက်သို့ ဦးတည်လာနေသောကြောင့် . ကလက်စ အစားအသောက်များကို ကပျာကယာ လက်စသတ်ပြီး လွယ်အိတ်ထဲ ပြန်ထည့်ထားလိုက်ရသည်။

မကြာမီ မသာချသူများက ညောင်ပင်ကြီးနှင့် မနီးမဝေး ရောက်လာသည်။

"နောင် ဝေ ဝေ"

"နောင် ဝေ ဝေ"

ထိုနေရာရောက်လာတော့ ငိုသံများက ပိုကျယ်လာသည်။

"အခု မသာချလာတာကို မင်းသတိထားမိလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဘယ်လို သတိထားမိတာလဲ"

"ကြေးစည်သံက တစ်မျိုးဖြစ်နေတယ်၊ အမှုအတမ်းဝေတဲ့အသံမျိုး မဟုတ်ပဲ၊ တစ်ယောက်ယောက် အဲဒီကြေးစည်သံနဲ့ ရောပြီး အကူအညီတောင်းနေတဲ့အသံမျိုး ကြားနေရတယ်"

ဦးဇန်ကောင်း သဘောကျစွာ တစ်ချက်ပြုံးလိုက်သည်။

"ဒါဖြင့် ခေါင်းထဲကမသာက ယောကျ်ားလား၊ မိန်းမ လား"

"မိန်းကလေး ဆရာကြီး၊ အသက်ငယ်ငယ်ပဲ ရှိသေး တယ်. . ပိုးထိခံရတာ"

"မင်းက ဘာမှမတတ်သေးဘူးလည်း ပြောတယ်၊ ဒါ တွေကို ဘယ်လိုသိနေတာလဲ"

"ကျွန်တော်လည်း မသိဘူး ဆရာကြီး၊ အရင်ကတော့ ဒီလိုမျိုး မသိပါဘူး၊ အခုမှ. . အသံကြားရုံ အခြေအနေမြင်ရုံနဲ့ ဘာဖြစ်နေတယ်ဆိုတာကို သိနေတာ"

ဦးဇန်ကောင်းက ခေါင်းညိတ်ပြကာ. . .

"ကိုင်း. . ဒါဖြင့် မင်းပညာနဲ့ ထပ်ကြည့်ပါဦး"

ဟု ပြောပြန်ရာ နီမောင်က မျက်စိမှိတ်ကာ ထမ်းလာ သော ခေါင်းရှိရာသို့ အာရုံပြု ကြည့်လိုက်သည်။

"ထူးဆန်းလိုက်တာ၊ ခေါင်းထဲမှာပါလာတဲ့ မိန်းကလေး က မသေသေးဘူး"

"ဘယ်လိုကြောင့်လဲ"

"သူ့အနားမှာ သူ့ဝိညာဉ်ရှိနေသေးတယ်"

"လူတစ်ယောက် သေသွားပြီးရင် ခုနစ်ရက် မပြည့်မ ချင်း ဝိညာဉ်က အနားမှာရှိနေတာပဲ. . ဘာဆန်းသလဲ"

"အခုဟာက ဝိညာဉ်က သူ့ကိုယ်ခန္ဓာထဲ ပြန်ဝင်ချင်ပေ မယ့် ခြေကြိုးလက်ကြိုးတွေ တုပ်ထားတော့ ဝင်လို့မရဘူး ဖြစ်





နေတာ"

"ဒီလိုဖြင့်လည်း မင်းပြောတာ မှန်မမှန် သိရအောင် ဒို့နောက်လိုက်သွားပြီး ကြည့်ကြတာပေါ့၊ ကံထိုက်တော့ လည်း ကယ်ရတာပေါ့"

ထိုသို့ပြောပြီး နှစ်ယောက်သား မသာချသော သူများ နောက်မှ လိုက်သွားကြသည်။

အလောင်းမြေမြှုပ်သော သုသာန်မှာ ညောင်ပင်ကြီးနှင့် ဝေးလှပေ။

တောစပ်တစ်နေရာ၌ ဖြစ်သည်။

ထိုနေရာရောက်တော့ ခေါင်းကိုချကာ မြေကျင်းတူး နေလသည်။

ငိုသံများက ပိုမိုဆူညံလာသည်။

ခေါင်းအဖုံး ဖွင့်လိုက်သောအခါ. . (၁၅)နှစ်၊ (၁၆)နှစ် ခန့်ရှိသော ရှိသေးသော မိန်းကလေးအလောင်းကို တွေ့ရလေ သည်။

"မင်းပြောတာ မှန်သွားပြီ၊ မြွေကိုက်ခံရလို့ သေတာ ဟုတ်မဟုတ် မေးမြန်းကြည့်ပါဦး"

ဟု ပြောသဖြင့် နီမောင်က အနီးမှာရှိသော မိန်းမကြီး တစ်ယောက်ကို မေးလိုက်သည်။

"ဘယ်လိုဖြစ်ပြီး သေတာလဲ"

"ပိုးထိခံရတာပါ ငါ့တူရယ်"

"ဘယ်နှရက် ရှိပြီလဲ"

"ဒီကနေ့ဆို သုံးရက်ပြည့်ပြီပေါ့၊ ထိတဲ့နေ့ကတည်းက သေတာပါပဲ"

ထိုသို့ ပြောနေစဉ် မြေကျင်းတူးပြီး သွားသဖြင့် ခေါင်းကို မြေကျင်းထဲချရန် ပြင်နေကြစဉ် ဦးဇန်ကောင်းက တိုးတိုး ပြောသည်။

"ကြုံကြိုက်တုန်း လူ့အသက်တစ်ချောင်း ဆိုတာကယ်ကောင်းပါတယ်၊ မင်း လုပ်နိုင်ပါတယ်. . လုပ်ပေးလိုက်ပါ"

ဟု ပြောပြီး မနီးမဝေးမှာ သွားထိုင်နေလေသည်။ ဦးဇန်ကောင်းအပြင် ထွက်သွားခြင်းမှာ အကြောင်းမဲ့မဟုတ်ပေ။

တောနယ်များတွင် အသုဘချလျှင် သုသာန်မှာ ရှိနေကြသော မကောင်းဆိုးဝါးများက ဝိုင်းအုံရောက်လာပြီး သေသူ့ဝိညာဉ်ကို နှောင့်ယှက်လေ့ရှိကြသဖြင့် အချို့ဝိညာဉ်များမှာ အနားပြန်ကပ်ခွင့် မရကြတော့ပေ။

ဦးဇန်ကောင်းက အပြင်ထွက်ပြီး မကောင်းဆိုးဝါးများ ထိုနေရာ မလာနိုင်ကြစေရန် ရှင်းလင်းပေးလိုက်ခြင်း ဖြစ်ပေသည်။

ခေါင်းအဖုံး ဖွင့်လိုက်တော့ နီမောင်က အနားကပ်သွားပြီး ကာယကံရှင်များကို ပြောလိုက်သည်။

"မိန်းကလေးက အသက်ရှိနေပါသေးတယ်"

"ဟင်. . ဟုတ်ရဲ့လား၊ ကယ်နိုင်ရင် ကယ်ပေးပါ ဆရာလေးရယ်"

ဝိုင်းဝန်းတောင်းပန်ကြလေသည်။





နီမောင်က အလောင်းကိုအပြင်ထုတ်ပြီး ခြေကြိုးလက်ကြိုး တုပ်ထားသည်များ ကိုဖြတ်ခိုင်းရာ ပြုလုပ်ပေးကြသည်။ ပြီးမှ ကာယကံရှင်များ မလှမ်းမကမ်းနေရာသို့ ဆုတ်ခိုင်းသဖြင့် ဆုတ်ပေးကြသည်။

နီမောင်က မျက်စိမှိတ်ပြီး မိမိဖခင် သင်ကြားပေးထားခဲ့သော ဂါထာမန္တန်များကို ရွတ်ဖတ်သည်။ မျက်စိမှိတ်ကြည့်တော့ အလောင်းနံဘေးနားမှာ ရောက်နေသော ဝိညာဉ်ပုံရိပ်ကို [illegible]ရေးရေး တွေ့ရသည်။

" ခြေရင်းဘက်ကို သွားပါ. . . ခြေဖဝါးချင်း အရင်ထိလိုက်"

ဝိညာဉ်က သူပြောတဲ့အတိုင်း ခြေထောင်ချင်းထိသည်။

"ပြီးရင် လက်ချင်းထိလိုက်"

ဝိညာဉ်က လက်ချင်းထိသည်။

"ဦးခေါင်းတည့်တည့်နေရာကို မှန်းပြီးလှဲချလိုက်"

ဟု ပြောရာ ဝိညာဉ်က လှဲချလိုက်သောအခါ ခန္ဓာကိုယ်နှင့် တစ်သားတည်းဖြစ်ကာ ပျောက်သွားလေသည်။

ထိုကိစ္စပြီးမှ အဆိပ်ချခြင်းကိစ္စကို ဆက်လုပ်ရသည်။

မိန်းကလေးအား မြွေထိသောအချိန်နှင့် နေ့ရက်ကို မေးမြန်းကြည့်ရာ တနင်္လာနေ့ညနေပိုင်း တောထဲမှအပြန် မြွေထိခံရကြောင်း သိရသည်။ ထိုရက်ထိုအချိန်ထိပါက မြွေပတုံ့နှင့်စပ်သော မြွေပင်ဖြစ်သည်။

တနင်္လာနေ့၌ထိသောကြောင့် မြွေဆိပ်က ဒူးဆစ်နေ

ရာန္တပင္ ရွိသည္။

ထို႔ေၾကာင့္ ထိုေန႔တြင္ရြတ္ဆိုရမည့္ ဂါထာမႏၲန္ကို(၃၇)ေခါက္ရြတ္ဆိုၿပီး အဆိပ္ရွိေသာေနရာကို လက္ျဖင့္ သပ္ခ်ေသည္။

"ဥ၊ ဇာေသုကံ ဟိလိ ဟိလိ ခဲယ်ၱ ခဲယ်ၱ သြားဟ"

ဂါထာကို ရြတ္ဆိုေသာအခါ အေနာက္အရပ္သို႔ မ်က္ႏွာမူၿပီး အဆိပ္ကို သပ္ခ်ရင္း ျဖစ္သည္။

(တနလၤာေန႔ ေျမြထိလွ်င္ ဇာေသုကံ မည္ေသာ ေျမြျဖစ္ေသာေၾကာင့္ ထိုအမည္ကိုထည့္ကာ ရြတ္ဆိုရျခင္း ျဖစ္၏)

ရြတ္ဆိုေသာဂါထာ (၃၇)ေခါက္ျပည့္ေသာအခါ ေျမြထားေသာ ဒဏ္ရာမွ ေျမြဆိပ္မ်ား ျပန္ထြက္က်လာေလေတာ့သည္။

ေျမြဆိပ္မ်ား ကုန္စင္သြားၿပီး ခဏၾကာေသာအခါ မိန္းကေလးမွာ မ်က္လုံးျပန္ပြင့္လာကာ သတိရလာေလေတာ့သည္။ ထိုအခါမွ မေကာင္းဆိုး၀ါးမ်ား ၀င္ေရာက္မေႏွာင့္ယွက္ၾကေစရန္ ပရိတ္ခ်ည္ျဖင့္ ျပဳလုပ္ထားေသာ လက္ဖြဲ႕ႀကိဳးကို လည္ပင္း၌ စြပ္ေပးလိုက္ၿပီးေနာက္. . ကာယကံရွင္တို႔ကို ေခၚၿပီးအပ္ေလသည္။

ထိုအခါ ၀မ္းသာသျဖင့္ ငိုၾကျပန္ေလသည္။

"ေက်းဇူးႀကီးလိုက္တာ ဆရာေလးရယ္၊ ကၽြန္မသမီးေလးမွာ အေမေပးတဲ့ အသက္မရွိေတာ့ပါဘူး၊ ဆရာေလးေပးတဲ့ အသက္ပဲရွိပါေတာ့တယ္"





ဟု ေျပာဆိုကာ ထိုင္ကန္ေတာ့ၾကျပန္သျဖင့္ နီေမာင္မွာ မ်က္ႏွာမထားတတ္ေအာင္ ျဖစ္ရျပန္ေလသည္။

ထိုလူမ်ားက ေက်ြးေမြးျပဳစုလိုၾကသျဖင့္ ၎တို႔ရြာသို႔ အတန္တန္ ေခၚေသာ္လည္း. . အခ်ိန္မရေတာ့သျဖင့္ ျငင္းပယ္ကာ ေရွ႕သို႔ခရီးဆက္ခဲ့ၾကေလသည္။

"နီေမာင္ မင္းေျပာေတာ့ ဘာပညာမွ မတတ္ေသးဘူးဆို အခုေတာ့လည္း ေသၿပီးသားလူကိုေတာင္ အသက္ျပန္ရွင္လာေအာင္ ကုေပးေနပါလား"

"ကၽြန္ေတာ္ မွားခဲ့ပါတယ္၊ ပထမေတာ့ ဆရာႀကီးက ကၽြန္ေတာ့ကို ဘာပညာမွ မသင္ေပးဘူးလို႔ ထင္ေနမိတာ၊ အခုမွ ေနရင္းထိုင္ရင္းနဲ႔ ကၽြန္ေတာ္ကို ပညာသင္ေပးခဲ့တယ္ ဆိုတာ သေဘာေပါက္ပါေတာ့တယ္"

"ထားပါေတာ့. . ေျမြဆိပ္ခ်တဲ့ပညာက မင္းအေဖ သင္ေပးခဲ့တာလား"

"ဟုတ္ပါတယ္ အေဖသင္ေပးခဲ့တာပါ"

"မင္းက အေတာ္ခရီးေပါက္ေနမွကိုး၊ တစ္ေန႔က်ရင္ ပညာေတြနဲ႔ လူေတြရဲ႕အသက္ေတြကို ကယ္နိုင္ေတာ့မွာပါ"

ဟု မွတ္ခ်က္ခ်ေလသည္။

"ဒါကလည္း ဆရာႀကီးတို႔ရဲ႕ ေက်းဇူးေတြပါပဲ"

ထိုသို႔ေျပာရင္းႏွင့္ ခရီးဆက္ခဲ့ၾကရာ ကေ၀ေျမာင္သို႔ ျပန္မေရာက္မီ လမ္းခရီးတစ္ေထာက္တြင္ ရြာတစ္ရြာ၌ ၀င္ေရာက္နားၾကေလသည္။

နှစ်ယောက်သား ရွာလူကြီးထံမှာ ခွင့်တောင်းပြီး ထိုအိ
မှာပင် တစ်ညတည်းခိုရန် ပြင်ကြသည်။

သူတို့နှစ်ယောက် ရောက်သွားသောအချိန်က ညနေ
ပိုင်းအချိန်ပင် ဖြစ်သည်။ ထိုအချိန်တွင် ရွာလူကြီးမှာ အလုပ်မျ
နေလေသည်။

"ခင်ဗျားတို့ ရောက်လာပေမယ့် ဧည့်မခံနိုင်သေးဘူ
ဗျာ၊ ရွာထဲမှာကိစ္စပေါ်နေလို့ သွားရဦးမယ်"

"ဘယ်လိုကိစ္စမျိုးလဲဗျ"

"ကျုပ်တို့လည်း သချိုင်းမှာ မှန်မှန်ကန်ကန် ယဇ်ပူဇော်
တာပါပဲဗျာ၊ ဒါနဲ့တောင် အခုသချိုင်းစောင့်နတ်ကြီးက ရွာထဲက
လူတစ်ယောက်ကို ဝင်ပူးပြီး အစားအသောက်တွေ လာတောင်း
နေပြန်တယ်၊ အဲဒါသွားကြည့်ရဦးမယ်၊ သူပြောတဲ့အတိုင်း မလုပ်
ပေးရင် တစ်ရွာလုံး သတ်ပစ်မယ်လို့ ပြောနေတယ်"

"ဒီလိုဖြင့် ကျွန်တော်တို့လည်း လိုက်ခဲ့ပါရစေ စိတ်ဝင်
စားလို့ပါ"

နီမောင်က ဝင်ပြောလိုက်သည်။

"လိုက်ချင်သပဆိုရင် လိုက်ခဲ့ကြပေါ့"

ဟုခေါ်သဖြင့်. . နှစ်ယောက်သား ရွာလူကြီးနှင့်အတူ
လိုက်သွားကြလေသည်။

ရွာစွန်တစ်နေရာရောက်တော့ တဲတစ်လုံးရှေ့မှာ လူ
များစွာ ရောက်နေကြပြီး ၎င်းတို့ယူဆောင်လာသော အစားအ
သောက်များကို မျက်ထောက်နီကြီးနှင့် တစ်ကိုယ်လုံး တုန်ယင်





နေသော လူတစ်ယောက်ရှေ့သို့ ချပေးနေကြသည်။

ချက်ပြီးသား ဟင်းများ၊ အသားခြောက်များနှင့် အချို့
သားစိမ်းငါးစိမ်းများပါ ယူလာပြီး ပေးကြလေသည်။ ထိုလူက
လည်း လာပေးသမျှ ဟင်းများအပြင်၊ သားစိမ်းငါးစိမ်းများပါ
အစိမ်းလိုက် စားသောက်နေသည်။

"စားပါ သောက်ပါ သချိုင်းစောင့်နတ်ကြီးရယ်၊ ငါတို့ကို
လည်း ဖွေမယူပါနဲ့ အနှောင့်အယှက်လည်း မပေးပါနဲ့"

အချို့က ထိုကဲ့သို့ တောင်းပန်ပြောဆိုကြသည်။

ထိုသို့ပြောဆိုသည်ကိုပင် မကျေနပ်သော အမူအယာ
ဖြင့် မျက်ထောက်နီကြီးဖြင့် ကြည့်ကာ တဟင်းဟင်းနှင့် အံကြိတ်
နေသေးသည်။

ထိုအခြေအနေကို မြင်သောအခါ ဦးဇန်ကောင်းက နီ
မောင်ကို တိုးတိုးပြောသည်။

"သူတို့ထင်သလို သချိုင်းစောင့်နတ်ဝင်နေတာ မဟုတ်
ဘူး၊ သူသာန်မှာနေတဲ့ မြေဖုတ်ဘီလူးက နတ်အယောင်ဆောင်
ပြီး ဝင်စားနေတာ"

"ဘယ်လိုလုပ်မလဲ"

"မသိနားမလည်တဲ့ ရွာသားတွေဆီက မတရားလာစား
နေတဲ့ မြေဖုတ်ဘီလူးကို ဆုံးမပေးလိုက်ရမှာပေါ့"

ဟုပြောကာ သူလွယ်အိတ်ထဲမှာ ပါလာသော ဆေးရုပ်
ဘုတစ်ခုကို ထုတ်ယူလိုက်သည်။

မှော်ဝင်ဘီလူး ရုပ်တုပင် ဖြစ်သည်။

ဦးဇန်ကောင်းက မန်းမှုတ်ပြီး ချပေးလိုက်ရာ နေရာမှ ဖျပ်ခနဲ ပျောက်သွားလေသည်။

ခဏကြာတော့ အမှောင်ရိပ်ထဲမှ မည်းမည်းသဏ္ဍာန်ကြီးတစ်ကောင် တိုးထွက်လာသည်။

အမှောင်ထဲတွင် ၎င်း၏ပုံရိပ်သဏ္ဍာန်ကို ဝိုးတဝါးသာ မြင်ရခြင်းဖြစ်သည်။

မှော်ဝင်ဘီလူး ရောက်လာချေပြီ။

ထိုကဲ့သို့ မှော်ဝင်ဘီလူး ဝင်လာသည်နှင့် သချိုင်းစောင့်နတ်ကြီး ဟုပြောဆိုကာ လိမ်ညာစားသောက်နေသူမှာ ရပ်တန့်သွားသည်။ အထိတ်တလန့်ဖြင့်. . နောက်သို့ လှည့်ကြည့်လေသည်။ မားမားကြီးရပ်နေသော မှော်ဝင်ဘီလူးပုံရိပ်ကို မြင်သောအခါ ထိတ်လန့်ကြောက်ရွံ့ သွားလေသည်။

"ဘုန်း. . ဘုန်း. . "

နောက်မှကျောကို ခြေထောက်ဖြင့် နှစ်ချက်သုံးချက် ဆင့်ကန်လိုက်ရာ စားသောက်နေသော အစားအသောက်များ ပါးစပ်မှ ပြန်အန်ကာ မှောက်ကျသွားလေတော့သည်။

နံဘေးမှာ ရှိနေကြသော ရွာသူရွာသားများလည်း ကြောက်ရွံ့ထိတ်လန့်စွာဖြင့် နောက်သို့ဆုတ်သွားကြလေသည်။

ထိုအခြေအနေရောက်တော့ မှော်ဝင်ဘီလူး ပုံရိပ်က ကွယ်ပျောက်သွားကာ ဦးဇန်ကောင်း လက်ထဲသို့ ဆေးရုပ်တုလေးအဖြစ်နှင့် ပြန်ရောက်လာလေတော့သည်။

အတန်ကြာသောအခါ မှောက်လျက်ကျနေသော ရွာ





သားမှာ သတိပြန်ရလာလေသည်။

ထိုအခါ ရွာလူကြီးက အနားသွားပြီး မေးသည်။

"မင်း ဘာဖြစ်တာလဲ၊ ဘာကြောင့် အစားအသောက်တွေ တောင်းစားတာလဲ"

"ငါမသိဘူး၊ ငါ တောင်းစားတာ မဟုတ်ဘူး"

"ဒါဖြင့် ဘယ်သူစားတာလဲ"

"ငါမသိဘူး"

ထိုအခါ ဦးဇန်ကောင်းက အနားသွားပြီး ပြောပြပေးသည်။

"သူစားတာ မဟုတ်ဘူး၊ မြေဖုတ်ဘီလူးဝင်ပြီး စားတာ"

"ခင်ဗျားက နတ်ဆရာလား"

"နတ်ဆရာတော့ မဟုတ်ပါဘူး၊ ခရီးသွားတစ်ယောက်ပါ"

"ကျုပ်တို့ကို အခုလိုဝင်ပြီး အကူအညီပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

ဟုပြောဆိုကာ. . ဦးဇန်ကောင်းနှင့် နီမောင်တို့ နှစ်ယောက်တို့အား ၎င်းနေအိမ်သို့ ပြန်ခေါ်သွားပြီး ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးလေတော့သည်။





# အခန်း(၁၄)

# ဂမုလွန်ဘဝမှ စောင့်ရှောက်ပေးသူ

ကဝေမြောင် ရွာသူရွာသားများအဖို့ ကျားကြောက်သဖြင့် ရှင်ကြီးအားကိုးမိရာ ရှင်ကြီးက ကျားထက်ဆိုးသော အဖြစ်မျိုးနှင့် ကြုံတွေ့ကြရတော့သည်။

ပြောရလျှင်တော့ နွားခေါင်းကျည်ပွေ့တော့သော အဖြစ်မျိုးသာမက ကျည်ပွေ့ပါ နွားခေါင်းထဲ ဝင်သွားသဖြင့် မထွေးနိုင် မအန်နိုင်ဖြစ်ရသော အဖြစ်မျိုးနှင့် ကြုံတွေ့ကြရခြင်းပင်ဖြစ်သည်။



မြင်စာပေ ☺

ထိုရွာမှာ ဦးဒီပ ဆေးကုပေးနေစဉ်က ရောဂါဖြစ်သူ အတော်ပင် နည်းပါသည်။

ဖြစ်လျှင်လည်း ဦးဒီပက လက်ဆောင် ငွေကြေးရတာ မရတာ အပထားပြီး လာရောက်ကုသပေးသဖြင့် အသက်ချမ်းသာရာရသူ အတော်များလေသည်။

သို့သော်လည်း ဦးဒီပက ၎င်းတို့နှင့်ယုံကြည် ကိုးကွယ်မှုခြင်းမတူသည်ကတစ်ကြောင်း၊ သချိုင်းစောင့်နတ်အား ကိုယ်တိုင်ပူဇော်ပသပေးခြင်း မရှိသောကြောင့် သဘောမကျပေ. . မနှစ်သက်ကြပေ။

တောတောင်များအတွင်းမှာ နေသူများအတွက် ကျန်းမာရေးကောင်းခြင်းထက် နတ်ပူဇော်ခြင်းကို ပိုမိုအလေးထားကာ ဆောင်ရွက်လေ့ရှိကြသည်။

ထို့ကြောင့် ဆေးကုသမှု ကောင်းသော်လည်း၊ ရွာသူရွာသားများအပေါ်၌ စေတနာကောင်းသော်လည်း ဦးဒီပအား သဘောမကျကြခြင်း ဖြစ်ကြသဖြင့် ကျွန်းနက်ညီနောင်ရွာမှ သံပချိုင်နှင့် ပညာပြိုင်စေခြင်း ဖြစ်ပေသည်။

မိုးကြိုးကျတောင်ထိပ်တွင် နှစ်ယောက်ပညာပြိုင် ကြရာ မမျှော်လင့်ပဲ ဦးဒီပ သေဆုံးသွားခဲ့လေရာ. . သံပချိုင်က နှစ်ရွာစလုံး၏ နတ်ဆရာဖြစ်လာခဲ့လေသည်။ ရောက်စကတော့ မထူးခြားပေ။

နောက်ပိုင်းမှာတော့ နတ်ဆရာ သံပချိုင် နှိပ်စက်မှုကို ခံကြရသည်။





ဆေးကုပေးလျှင်သော်လည်း၊ ရိုးရာကိစ္စများ ဆောင်ရွက်ပေးလျှင်သော်လည်းကောင်း၊ နတ်တင်မြှောက်ပေးခြင်းများ ပေးရလျှင်သော်လည်း ထိုက်တန်သော ငွေကြေး၊ ဒါမှမဟုတ် သောက်ဖွယ်ရာများ မပျက်မကွက် ပို့ပေးရသည်။

သို့မဟုတ်ပါက ကျွဲ၊ နွား၊ ဆိတ်၊ ဝက်တို့ကို ပေးရသည်။ ထိုကဲ့သို့ မပေးလျှင် ထိုအိမ်မှာ တစ်စုံတစ်ခုဖြစ်ပြီး လူသေတော့သည်။

ထိုကဲ့သို့ လူသေရခြင်းမှာ အခြားအကြောင်းကြောင့် သေရခြင်းထက် သရဲသဘက်၊ မကောင်းဆိုးဝါးများ လာရောက်နှိပ်စက်ကြသဖြင့် သေရသည်က များသည်။

ရွာသူရွာသားများမှာ တစ်အိမ်ပြီးတစ်အိမ် ထိုကဲ့သို့ အသေအပျောက် များလာသောအခါ နတ်ဆရာသံပချိုင် တောင်းသမျှ မပေးပဲ မနေဝံ့ကြသဖြင့် မရှိရှိတာ ပေးကြရသည်။

အချို့သူများမှာ ဆင်းရဲလှသဖြင့် တောင်းသမျှ မပေးနိုင်သဖြင့် သရဲသဘက် မကောင်းဆိုဝါးများ လာရောက်နှိပ်စက်မှာကို ကြောက်ရွံ့သဖြင့် သမီးပျိုရှိလျှင် အပ်ရသည်မျိုးပင် ရှိလာသည်။

တစ်ရွာလုံးမှာ 'ဆရာထက် တပည့်လက်စောင်းထက်' ဆိုသည့်အတိုင်း နတ်ဆရာသံပချိုင်သာမကပဲ ၎င်းထံမှာ တပည့်ခံနေသော နွားသတ်သမား ဇာမုန်၊ ဟယ်လိန်းနှင့် ခန်ဇန်တို့သုံးယောက်ကိုပါ တစ်ရွာလုံးက ကြောက်ရွံ့နေကြရသည်။

၎င်းတို့နှိပ်စက်သမျှ ကြိတ်မှိတ်ခံကြရသည်။

တကယ်တော့ သံပချိုင်မှာ ဆေးပညာကို တတ်ကျွမ်းနားလည်သူတစ်ယောက်တော့ မဟုတ်ပေ။

ဂုင်းကျွမ်းကျင်သည်က ယဇ်ပူဇော်ခြင်းပင် ဖြစ်သည်။ ရွာထဲမှာ အကြောင်းတစ်ခုခုပေါ်လာလျှင် တခြားဘာမှ မလုပ်ဘဲ တိရစ္ဆာန်များကို သတ်ဖြတ်ပြီး ယဇ်ပူဇော်ခိုင်းလေသည်။

ဂုင်းအယူအဆမှာ ရွာထဲရောဂါဖြစ်ရခြင်းအကြောင်းရင်းမှာ သချိုင်းစောင့်နတ်ကြီး မကျေနပ်သဖြင့် တပည့်လက်သားများကို လွှတ် ပြီး နှောက်ယှက်ခိုင်းခြင်းကြောင့် သာဖြစ်သည်ဟု ယူဆထားလေသည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ်၊ သချိုင်းစောင့်နတ်ကြီးနှင့် တပည့်လက်သား မကောင်းဆိုးဝါးများ ကျေနပ်အောင် ယဇ်ပူဇော်ပေးခြင်းဖြင့် ရောဂါများပျောက်စေပြီး အနှောင့်အယှက်များကင်းစေသည်ဟု ယုံကြည်လက်ခံ ထားလေသည်။

ထို့ကြောင့် ဘာပဲဖြစ်ဖြစ် ထိုအတိုင်းသာ ပြုလုပ်ဆောင်ရွက်ပေးသည်။

"နင်တို့မိသားစုတွေ ရောဂါဖြစ်ရတာ တခြားအကြောင်းကြောင့် မဟုတ်ဘူး၊ သချိုင်းစောင့်နတ်ကြီး မကျေနပ်လို့ နှောင့်ယှက်နေလို့ပဲ၊ ရောဂါတွေပျောက်ချင်ရင် ယဇ်ပူဇော်ပေးရမယ်"

"နတ်ဆရာရယ်၊ အရင်တစ်ခါ ဖြစ်တုန်းကလည်း နွားတစ်ကောင်နဲ့ ယဇ်ပူဇော်ခဲ့ပြီးပါပြီ၊ အခုကျန်တဲ့ တစ်ကောင်ပါ ယဇ်ပူဇော်ရမယ်ဆိုရင်တော့ လုပ်ကိုင်စားသောက်စရာ ရှိတော့မယ်မထင်ဘူး ဒီတော့. . ."





"အေးလေ ဒါကတော့ နင်တို့သဘောပေါ့၊ မလုပ်ချင် ည်းရတယ် နေနိုင်တယ်၊ ဒါပေမယ့် သချိုင်းစောင့်နတ်ကြီး တ်ဆိုးလို့ တစ်ခုခုလုပ်လာရင်တော့ ငါ့တာဝန် မဟုတ်တော့ ူးနော်"

ထိုသို့ပြောပြီး ပြန်သွားရာ ညအချိန်ရောက်သောအခါ ရဲသဘက်များ ရောက်လာပြီး ခြောက်လှန့်သဖြင့် ထွက်ပြေး ကြရလေသည်။

ထိုသို့ဖြစ်လျှင် အချို့လည်း ကြောက်လန့်ပြီး အသက် သေကြလေသည်။

မသေပဲကျန်နေလျှင် ဆက်မနေဝံ့တော့သဖြင့် ရှိသည့် နွားကို နတ်ဆရာလက်သို့အပ်ကာ ယဇ်ပူဇော်ခိုင်းကြရလေ တော့သည်။

ထိုအခါ နွားသတ်သမား ဇာမုန်တို့အတွက်တော့ ပွဲကြီး ကောင်း တွေ့ကြရလေသည်။

ရွာထဲမှာ နတ်ဆရာအားကိုးဖြင့် ဇာမုန်တို့ သုံးယောက် မှာ ခေါင်းထောင်ထလာသည်။

နတ်ဆရာကို ကြောက်ရွံ့သဖြင့် ဂုင်းတို့နှိပ်စက်သမျှကို ကြိတ်မှိတ်ခံကြရသည်။

တစ်နေ့သ၌. . နေ့လယ်ဘက်အချိန် အိမ်အောက်၌ မြလေးရီ တစ်ယောက်တည်း ဆန်ဖွပ်နေစဉ် ဇာမုန်ရောက်လာ လေသည်။

ဇာမုန်က မြလေးရီကို ပိုးပန်းနေသူဖြစ်ပြီး ဦးဒီပ ရှိ

စဉ်ကတော့ ယခုလို ရဲရဲတင်းတင်း လာဝံ့ဖို့ မဆိုထားနှင့် အ
ပင် မကင်ဝံ့ခဲ့ပေ။

ဦးဗီပက စရိုက်ချင်းမတူသော ဇာမုန်တို့ တစ်သိုက်
အခေါ် အပြောပင် မရှိခဲ့ပေ။

ယခုအခါမှသာ ဦးဗီပကလည်း သေသွားပြီး အမ်တို
သူ နီမောင်ကပါ ယောနယ်ဘက် သွားနေသောကြောင့်..
လေးရိုတို့ သားအမိနှစ်ယောက်တည်း အိမ်မှာရှိနေသော အ
၌ရောက်လာခြင်း ဖြစ်သည်။

ညအချိန်မှာတော့.. စောထီးနှင့်မဲအောင်တို့ န
ယောက် အဖော်အဖြစ် လာနေပေးသော်လည်း နေ့အချိန်
တော့ ရင်းတို့နှစ်ယောက်လည်း အလုပ်သွားကြရာ မြလေးရို
သားအမိနှစ်ယောက်သာ ရှိလေသည်။

ဒေါ်ကျင်စာရီကတော့ နေမကောင်းသဖြင့် အိမ်ပေါ်
၌ပင်ရှိလေသည်။ မြလေးရီ တစ်ယောက်တည်း ဆန်ဖွပ်နေ
ဇာမုန်ရောက်လာခြင်း ဖြစ်သည်။

"နင် ဘာလာလုပ်တာလဲ"

"ငါနင့်ကို စကားပြောစရာ ရှိလို့လာခဲ့တာပါ"

"ဘာပြောမှာလဲ ငါနင်ပြောတာကို နားထောင်ဖို့ အချိ
မရှိဘူး"

"နင်စကားပြောတာကလည်း မောက်မာလိုက်တာ
စိတ်ထဲမှာ အရင်ကလိုများ မှတ်နေလို့လား"

."ဘယ်လိုအခြေအနေမျိုးပဲဖြစ်ဖြစ်. . .၊ ဘယ်သွားကိုယ်"





ကောက်ကျိုးပေးစရာ မလိုဘူး။ နင်ပြန်ပေတော့. . ."

"မပြန်နိုင်သေးဘူး။ ငါပြောချင်တဲ့ စကားပြောပြီးမှ ပြန်
မယ်၊ ငါပြောချင်တာက တခြားမဟုတ်ဘူး၊ ငါနင့်ကို သဘောကျ
တယ်၊ နင်လက်ခံရင် တင့်တင့်တယ်တယ် တောင်းရမ်းယူမယ်"

"ဒီအကြောင်းတွေကို ငါစိတ်မဝင်စားဘူး၊ နင်ဘာတွေ
ပြောပြော ငါလက်မခံဘူး"

"နင်က အရင်လေသံ အတိုင်းပါပဲလား၊ ကိုယ့်အခြေအ
နေကိုပြန်သတိထားမိရဲ့လား၊ နင့်အဖေနတ်ဆရာလည်း မရှိ
တော့ဘူး၊ နင့်အစ်ကိုကလည်း ဘာမှ အားကိုးရသေးတာ မဟုတ်
ဘူး၊ နင်ငါပြောတာကို နားထောင်ရင် ကောင်းကောင်းနေရ
မယ်"

မြလေးရီ မျက်စောင်းတစ်ချက် ထိုးလိုက်သည်။

"နင်က ငါ့ကိုအထင်သေးနေတုန်းပဲကိုး၊ ငါကအရင်
တုန်းကလို အခြေအနေမကောင်းတဲ့လူ မဟုတ်တော့ဘူး၊ ငါတို့
နတ်ဆရာက ငါတို့ကို တပည့်အဖြစ်မွေးပြီး ကြည့်ရှုစောင့်ရှောက်
ထားတော့ အခုလူတစ်လုံး သူတစ်လုံး ဖြစ်နေပြီ"

"ဘာပဲဖြစ်ဖြစ် ငါလက်မခံနိုင်ဘူး"

"နင် သေသေချာချာ စဉ်းစားပြီးမှ ပြောနော်. . .၊ အခု
ဆရာကြီးက သူ့သဘောမကျရင် ဘယ်လိုလုပ်တယ်ဆိုတာ နင်
သိသေးဘူးလား၊ ငါ့အပေါ်မှာ ဒီလိုဆက်ဆံရင် သူက သဘော
ကျမှာ မဟုတ်ဘူး၊ အဲဒီလို သဘောမကျရင် တစ်ခုခုလုပ်လိမ့်

--၅--

"ဘာပဲလုပ်လုပ် ငါမကြောက်ဘူး"

"နင်တို့မှာ ဘာမှအားကိုးစရာ မရှိတော့တဲ့ အခြေအ
နေမျိုး ရောက်နေတာတောင် ဒီလိုပြောဝံ့သေးတယ်၊ နောင်
တော့မှ မျက်ရည်စက်လက်နဲ့ ငါခြေထောက်ဖက်ပြီး တောင်း
ဖို့စိတ်မကူးနဲ့ မကြာခင် ငါအကြောင်း သိရစေမယ်"

ဟု ပြောဆိုကြိမ်းမောင်းပြီးနောက် ဇာမုန်က ပြန်သွား
လေတော့သည်။ ညနေစောင်းတော့ စောထီးနှင့် ငမဲအောင်
နှစ်ယောက် ရောက်လာကြသည်။

ထိုနှစ်ယောက်က နီမောင် ပြန်မရောက်မချင်း မြလေး
တို့ သားအမိကို စောင့်ရှောက်ပေးနေကြခြင်း ဖြစ်သည်။

သူတို့ရောက်လာတော့ မြလေးရီက အကျိုးအကြောင်း
ပြောပြလိုက်ရာ နှစ်ယောက်စလုံး ဒေါသဖြစ်သွားကြသည်။

"ဒီကောင်တွေက နောက်ရောက်လာတဲ့ နတ်ဆရာ
ဖားရားပြီးတော့ ကိုယ့်ရွာသားတွေအပေါ်မှာ နှိပ်စက်ချင်
ကြတယ်၊ ငါတို့နဲ့ တွေ့လို့ကတော့ မလွယ်ဘူး"

"ဟုတ်တယ် မြလေးရီ၊ နေ့လယ်နေ့ခင်း ငါတို့မရှိ
သူတို့ရောက်လာရင် အတွေ့မခံနဲ့ အိမ်ပေါ်သာတက်နေ၊ ဒီ
လူယုတ်မာတွေကိုလည်း ဘာမှကြောက်နေစရာ မလိုဘူး၊ ငါ
နှစ်ယောက်ရှိနေသမျှ နင်တို့သားအမိ မှည့်တစ်ပေါက် မစွန်း
အောင် ငါတို့စောင့်ရှောက်ပေးမယ်"

"ငါ့အစ်ကို မရှိတဲ့အခိုက် အခုလိုလာပြီး စောင့်ရှောက်
ပေးတာ နင်တို့ကို ကျေးဇူးတင်ပါတယ်၊ ဒီကျေးဇူးတွေကို ငါ





တော့မှ မမေ့ဘူး"

" ရပါတယ်ဟာ၊ ကဲ. . ကဲ. . အိမ်ပေါ်တက်ပြီး နင့်
မေကို ပြုစုပေးလိုက်ဦး၊ ငါတို့နှစ်ယောက် မီးလှုံရင်း၊ ဖခါးရည်
သောက်ရင်းနဲ့ အောက်ထပ်မှာ ရှိနေမယ်"

ဟု ပြောသဖြင့် မြလေးရီလည်း အပေါ်သို့ ပြန်တက်
သွားလေတော့သည်။

အောက်ထပ်မှာလည်း ကျွဲ၊ နွားဆိတ် အချို့ရှိနေပြီး
ကျဲရှိသော နေရာတစ်ဝိုက်မှာတော့ လေကွယ်မိုးကွယ် ရှိစေရန်
ဝါးအရံများဖြင့် ကာရံထားပြီး. . လူနှစ်ယောက်သုံးယောက်
ထိုင်နိုင်လောက်သည့် အခင်းလည်း ရှိသည်။

ထိုအခင်းပေါ်မှာ ကောက်ရိုးခြောက်များ ထူထူခင်း
ထားသောကြောင့် နွေးနွေးထွေးထွေးလည်း ရှိသည်။ စောထီးနှင့်
ငမဲအောင်တို့မှာ မြလေးရီ စီစဉ်ပြုလုပ်ပေးထားသော ကောက်
ညှင်းပေါင်း၊ အသားခြောက်မီးကင်၊ ငါးခြောက်ဖုတ်တို့နှင့် ဖခါး
ရည်ခါးခါးကို စားရင်းသောက်ရင်းနှင့် စကားပြောနေကြသည်။

ညတိုင်းပင် မြလေးရီက သူတို့စားသောက်ဖို့ အစားအ
သောက်များ စီစဉ်ပေးရာ သူတို့အတွက်လည်း အဆင်ပြေနေကြ
သည်။

ည၉နာရီခန့် ဦးပိုင်းအချိန်ကျော်တော့ အပြင်ဘက်၌ နှင်းများ
ကျလာသည်။ အအေးဓာတ်က တဖြည်းဖြည်းပိုများလာသည်။

သို့သော်လည်း အတွင်း၌ နေရသည်က တစ်ကြောင်း၊
ဖခါးရည်ပူပူ သောက်နေရသည်က တစ်ကြောင်းကြောင့် အ

အေးဒဏ်ကို ကာကွယ်နိုင်ကြလေသည်။

ညဥ့်နက်ပိုင်းအချိန် ရောက်သောအခါ အပြင်ဘ ခြေသံအချို့ကို ကြားလာရသည်။

စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်မှာ လက် မျိုးစုံရှိသည်။

ဓား၊ လှံ၊ လေးမြား၊ အဆိပ်လူးမြားပါ ရှိသည့်အ တူမီးသေနတ်တစ်လက်ပါ ရှိသဖြင့် တော်ရုံရန်သူတော့ ကြော ရွံ့စရာ မရှိပေ။

ပတ်ဝန်းကျင်တစ်ဝိုက်မှာတော့ အမှောင်ရိပ်မျာ ဖုံးအုပ်နေလေသည်။

ၚင်းတို့ ဖိုထားသော မီးဖိုမှမီးရောင်ကလည်း အ အရံများ ရှိနေသောကြောင့် အပြင်သို့ သိပ်မရောက်ပေ။

အပြင်ဘက်မှ ခြေသံလိုလို ကြားရသောကြောင့် ယောက်သား အပြင်ဘက်သို့ ချောင်းကြည့်ကြသည်။

ဘာမှ မတွေ့ရပေ။

နောက်တစ်ခါ ကြားရတော့ အိမ်အောက်၌ ချည်ထာ သော နွားများက ဂနာမငြိမ် ဖြစ်လာကြသည်။

နှာမှုတ်သံ တရှူးရှူး တရှုံရှုံ ပေါ်ထွက်လာသဖြင့် နော တစ်ကြိမ်ချောင်းကြည့်တော့မှ တောစပ်မှထွက်လာသော မည် မည်းသဏ္ဌာန်များကို လှမ်းမြင်ရသည်။ ပထမတော့ လူတွေမ လားဟု ထင်မိကြသည်။

အသေအချာကြည့်တော့မှ. . မဟုတ်မှန်း သိရတော





ည်။

တောစပ်မှ ထွက်လာသော မည်းမည်းသဏ္ဌာန်များမှာ ရဲသဘက်၊ မကောင်းဆိုးဝါးများပင် ဖြစ်ကြလေသည်။

"သရဲသဘက်တွေ ထင်တယ်"

"ဘယ်လိုလုပ်ကြမလဲ၊ မင်းကြောက်တတ်သလား"

"မကြောက်တတ်ဘူး၊ သရဲသဘက်တွေနဲ့တွေ့ရင်. . ရားစာ တရားစာတွေရွတ်ရင် ထွက်ပြေးတယ်လို့ နီမောင် ပြောဖူးတယ်"

"ငါတို့မှ ဘုရားစာ တရားစာ မဆိုတတ်တာ မင်းရော သလား"

"ဟင့်အင်း၊ ငါတော့ဘာမှ မရဘူး"

"ဘုရားစာ မရတော့လဲ ခြံထဲဝင်လာရင် သေနတ်နဲ့ပစ် ပေါ့"

"မပစ်နဲ့ ကျည်ဆံကုန်ရုံပဲ အဖတ်တင်မယ်"

"ဒါဖြင့် ဘယ်လိုလုပ်မလဲ"

"အိမ်ထဲဝင်လာတော့မှ တုတ်နဲ့ရိုက်ပစ်မယ်"

ဟုပြောဆိုတိုင်ပင်ကာ နှစ်ယောက်သား စပါးရိုက်သော ါးရင်းတုတ်နှစ်ချောင်းကိုယူကာ အဆင်သင့် စောင့်နေကြသည်၊ အမှောင်ရိပ်ထဲမှ ထွက်လာသော သရဲသဘက်များက ခြံစည်းရိုး ကိုကျော်ပြီး ခြံထဲသို့ ဝင်လာကြသည်။

ခြံစည်းရိုး ကာရံထားသော ဝါးများကျိုးပဲ့သံများနှင့် အတူ နွားများ၏ နှာမှုတ်သံများကလည်း ကျယ်လောင်လာ

သည်။ အခြားတံရွှာန်တို့မှာလည်း ကြိုးချည်ထားကြသည့် ကြ
မှ ရုန်းကန်နေကြသည်။

ခဏကြာတော့ မကောင်းဆိုးဝါးများက အိမ်ပတ်ဝန်း
ကျင်သို့ပင် ရောက်လာကြသည်။

ထိုအခါမှပင် ၎င်းတို့ပုံပန်းသဏ္ဌာန်တို့ကို သဲသဲကွဲကွဲ
မြင်လာရသည်။

ခြံထဲရောက်လာသော မကောင်းဆိုးဝါးများမှာ ပုံပန်း
သဏ္ဌာန်အမျိုးမျိုး ရှိကြသည်။

တစ်ကိုယ်လုံး အမွေးအမှင်များ ဖုံးအုပ်နေပြီး . . ပုတ်
လောက်ကြီးသော ခန္ဓာကိုယ်များ၊ သစ်ပင်တမျှ မြင့်သော အရပ်
အမောင်းများ ခေါင်းကြီးကိုယ်သေး၊ ကိုယ်သေးခေါင်းကြီးတို့
အပြင် အချို့မှာ ခြေတံလက်တံ အတော်ပင် ရှည်ကြသည်။

အမွေးရှည်ကြီးများ တစ်ကိုယ်လုံး ဖုံးနေသောကြောင့်
ရုတ်တရက်ကြည့်လျှင်. . မျောက်ဝံကြီးတစ်ကောင်နှင့်တူသော်
လည်း မျက်နှာပုံပန်းသဏ္ဌာန်တို့ကတော့ မတူကြပေ။ သရဲသ
ဘက် မျက်နှာများ ဖြစ်ကြသဖြင့် အများအားဖြင့် ပုံပန်းသဏ္ဌာန်
ပျက်ကာ ကြောက်စရာကောင်းလှသည်။ မျက်လုံးများ အဆမ
တန် ပြူးထွက်နေခြင်း၊ အချို့ကျတော့လည်း ကျယ်လှသော ပါး
စပ်ပေါက်မှ သွားနှင့်အစွယ်များ ငေါ်ထွက်နေသည်။

အချို့ကျတော့လည်း ပါးစပ်ထဲမှ ရှည်လှသော လျှာက
အောက်သို့ တွဲလောင်းကျနေကြသည်။

အချို့ မျက်နှာများမှာ ပြိတ္တာနှင့်တူပြီး အချို့ကျတော့





ူးနှင့် တူကြလေသည်။

စောထီးနှင့်ငမဲအောင်တို့က ဝါးရင်းတုတ် တစ်ချောင်းစီ
လျက် အဆင်သင့် စောင့်နေကြစဉ်မှာ မကောင်းဆိုးဝါးများ
အိမ်နားက အထိရောက်လာကြလေပြီ။

ထိုအခိုက် နောက်ထပ် ဝင်လာသော မိစ္ဆာတစ်ကောင်
၎င်းရွက်ယူလာသော ခေါင်းတလားကြီးကို အိမ်နှင့်မနီးမဝေး
ာက်တော့ ဝုန်းခနဲ ပစ်ချလိုက်လေတော့သည်။

ထိုအသံမှာ အတော်ပင်ကျယ်လာသဖြင့် အပေါ်ထပ်
အိပ်နေကြသော ဒေါ်ကျင်စာရီနှင့် မြလေးရီတို့ နိုးလာကြပြီး
ကြည့်ကြသည်။

ထိုအချိန်၌ မကောင်းဆိုးဝါး သရဲသဘက်များက အိမ်
းအထိ ရောက်နေကြပြီ ဖြစ်သောကြောင့် မြင်တွေ့ရသည်။
ဘို့နှစ်ယောက်စလုံး အမျိုးသမီးများပင် ဖြစ်သော်လည်း သရဲ
ဘက်တို့ကို မကြောက်ကြပေ။

"အမေ ကျွန်မတို့ခြံထဲကို သရဲတွေ ဝင်လာပြီ"

"ဟို လူယုတ်မာတွေလက်ချက် ဖြစ်မှာပေါ့ကွယ်. . .
ကြောက်စရာ မလိုပါဘူး၊ နင့်အဖေကို အာရုံပြုပြီး သူသင်ပေး
ားခဲ့တဲ့ ဘုရားစာ၊ တရားစာတွေကိုသာ ရွတ်လိုက်ပါ"

ဟု ပြောသဖြင့် မြလေးရီက မျက်စိမှိတ်ကာ ဖခင်ကို
ည်မှန်းပြီး သူမရထားသော ဘုရားစာ တရားစာတို့ကို ရွတ်ဆို
လေသည်။

ထိုသို့ရွတ်ဆိုလိုက်သောအခါ ခြံထဲအထိရောက်နေ

သော မကောင်းဆိုးဝါးများမှာ တန့်သွားကြသည်။

ခဏကြာတော့ ခြံပေါက်ဝမှ ဖြူဖြူသဏ္ဍာန်နှင့် လူတစ်ယောက်ဝင်လာလေသည်။

မျက်နှာကို သဲသဲကွဲကွဲ မမြင်ရသော်လည်း မြလေး၏စိတ်ထဲမှာတော့. . သူ့ဖခင် ဦးဒီပဖြစ်မည်ဟု ထင်လိုက်သည်။ ထိုဖြူဖြူသဏ္ဍာန် ဝင်လာသောအခါ ခြံထဲအထိ ရောက်နေသော မကောင်းဆိုးဝါးတို့မှာ ကြောက်လန့်တကြား ဖြစ်သွားကြသည်။

ထိုသို့ရှိနေစဉ် နောက်မှရောက်လာသော ဖြူဖြူသဏ္ဍာန်က ၎င်းလက်ထဲမှာပါလာသော တုတ်ဖြင့်လိုက်ရိုက်ရာ မကောင်းဆိုးဝါးများမှာ ကြောက်လန့်တကြား ထွက်ပြေးကြလေတော့သည်။

နောက်ဆုံးတစ်ကောင်ကျန်နေရာ မြေပေါ်မှရှိနေသော ခေါင်းတလားကြီးကို ပြန်ယူသွားခိုင်းသဖြင့် တရွတ်တိုက် ဆွဲယူကာ ထွက်ပြေးသွားလေတော့သည်။ ထိုအခါမှာပင် အားလုံးမှာ သက်ပြင်းချနိုင်ကြသည်။

ခြံထဲရောက်နေသော ဖြူဖြူသဏ္ဍာန်က အပေါ်သို့ တစ်ချက်မော့ကြည့်ရာ သားအမိနှစ်ယောက်စလုံး ပါးစပ်အဟောင်းသားဖြစ်သွားကြသည်။

အခြားမဟုတ်ပေ။

ဦးဒီပပင် ဖြစ်သောကြောင့်ဖြစ်၏။

"အဖေပါလား"

"ဟုတ်တယ် သူ တမလွန်ဘဝ ရောက်နေတာတောင်





ငါတို့ကို စောင့်ရှောက်ပေးနေတုန်းပဲ"

ဒေါ်ကျင်စာရီက ပြောရင်းနှင့်. . ပါးပေါ်သို့ စီးကျလာသော မျက်ရည်တို့ကို လက်ဖြင့်သုတ်ဖယ် ပစ်လိုက်သည်။

မြလေးရီကလည်း ငိုနေလေသည်။

သားအမိနှစ်ယောက် အပေါ်မှကြည့်နေစဉ်မှာပင် ဖြူဖြူသဏ္ဍာန်က ထိုနေရာမှ အပြင်ဘက်သို့ ပြန်ထွက်သွားလေတော့သည်။

နောက်တော့ တဖြည်းဖြည်းနှင့် ဝေဝါးပျောက်ကွယ်သွားလေတော့သည်။

ခြံဝန်းထဲမှာတော့ မူလအခြေအနေအတိုင်း ပြန်လည်တိတ်ဆိတ် ငြိမ်သက်သွားလေသည်။

ထိုအခါမှ စောထီးနှင့်ငမဲ အောင်တို့ နှစ်ယောက်လည်း စိတ်သက်သာရာ ရသွားကြသဖြင့် အသီးသီးသက်ပြင်းချနိုင်ကြလေတော့သည်။





# အခန်း(၁၅)

# မှောင်ဝင်နတ်ဘီလူး

နောက်ရက် အနည်းငယ်ကြာသောအခါ နီမောင်နှင့် ဆရာကြီး ဦးဗန်ကောင်းတို့ ကဝေမြောင်ရွာသို့ ပြန်ရောက်လာကြလေသည်။ နီမောင် ပြန်ရောက်လာသဖြင့် ဒေါ်ကျင်စာရီတို့ သားအမိကတော့ ဝမ်းသာသွားကြလေသည်။

"အစ်ကို ပြန်ရောက်လာတာ ကျွန်မတော့ သိပ်ပြီးဝမ်းသာတာပဲ၊ အစ်ကိုမရှိခင်က ကျွန်မတို့အိမ်မှာ မကောင်းဆိုးဝါးတွေ လာနှောင့်ယှက်တာ ခံရသေးတယ်"

"ဟင်"

"ဒါပေမယ့် အဖေရောက်လာပြီး ရှင်းပေးသွားပါတယ်၊ အဖေက တမလွန်ဘဝ ရောက်နေတာတောင်. . ကျွန်မတို့ကို စောင့်ရှောက်ပေးနေတုန်းပဲ"

ထိုစကားကြားတော့ နီမောင်လည်း စိတ်မကောင်း ဖြစ်ရလေသည်။

"နောက်ထပ် ဘာတွေထူးသေးလဲ"

"မမြဝင်းသူကတော့ မကြာခဏလာပြီး သတင်းမေးပါတယ်၊ အစားအသောက်တွေလည်း လာပို့ပေးတယ်၊ အစ်ကို ပြန်ရောက်တာ သိရင်တော့ သူလည်းဝမ်းသာမှာပဲ"

"ငါမေးတာ အဲဒါမဟုတ်ပါဘူး၊ ရွာထဲမှာ ဘာတွေထူးသလဲလို့မေးတာ"

"သတင်းကြားရတာတော့. . . အခြေအနေက သိပ်မကောင်းဘူးတဲ့၊ နတ်ဆရာက တစ်ခုခုဖြစ်ရင် ဆေးကုမပေးဘဲ ကျွဲနွားတွေသတ်ပြီး ယဇ်ပူဇော်ခိုင်းတာ တစ်ရွာလုံး ခိုင်းစရာ ကျွဲ၊ နွား မရှိသလောက် ဖြစ်နေပြီ"

"ကြားရတာ စိတ်မကောင်းစရာပဲ၊ နင် ဆရာကြီးကို ညှိခံကျွေးမွေးထားနှင့်၊ ငါ ရွာထဲသွားလိုက်ဦးမယ် "

"ဒီဆရာကြီးက ဘယ်သူလဲဟင်"

"အဲဒါ အဖေကို ပညာသင်ပေးခဲ့တဲ့ ဆရာကြီးပဲ၊ ငါတို့ကိုအကူအညီပေးဖို့ တကူးတကလိုက်လာတာ၊ ကောင်းကောင်း မွန်မွန် ညှိဝတ်ပြုနော်"





"စိတ်ချပါ အစ်ကိုရယ်၊ သွားသာသွားပါ၊ မမြဝင်းသူ ကိုလည်း ပြန်ရောက်ကြောင်း ဝင်ပြောလိုက်ဦးနော်၊ သူက စိတ်ပူပြီး တမေးထဲမေးနေတာ"

နီမောင်က ခေါင်းညိတ်ပြပြီး ရွာထဲသို့ ထွက်လာလေသည်။ သူဦးတည်ချက်ကလည်း ရွာလူကြီး ဇမုန်းထန်အိမ်သို့ ်ဖြစ်သည်။

သူရောက်သွားတော့ ဇမုန်းထန်နှင့်မြဝင်းသူတို့က ဝမ်းသာသွားကြဟန် ရှိသည်။

"နီမောင် မင်းပြန်ရောက်လာပြီလား၊ လာဟေ့. . ."

ဟုခေါ်သဖြင့် ကွပ်ပျစ်ပေါ်သို့ ဝင်ထိုင်လိုက်သည်။

"မင်း ယောနယ်ဘက်သွားတဲ့ ရည်ရွယ်ချက်ကော. . အောင်မြင်ခဲ့ရဲ့လား "

"အောင်မြင်ပါတယ် ဦးကြီး၊ ဆရာကြီးပါ တစ်ပါတည်း ါလာပါတယ်"

"ဟာ. . ဟန်ကျတာပေါ့၊ ဒီမှာတော့ အခြေအနေ သိပ် မဟန်ဘူး"

"ဘယ်လိုဖြစ်နေလို့လဲ ဦးကြီး"

ဇမုန်းထန်က ဆေးတံဖွာရင်းနှင့် ရွာထဲမှာ ဖြစ်ပျက်နေသောအကြောင်းများကို ပြောပြလေသည်။

အထူးသဖြင့် နတ်ဆရာ ဇမုန်းထန်နှိပ်စက်သော အကြောင်းများပင် ဖြစ်သည်။

"အခုမှ ရွာသူရွာသားတွေလည်း ဒုက္ခတွေ့နေကြတယ်၊

သူ့သဘောမလိုက်ရင် သရဲသဘက်တွေ လွှတ်ပြီး နှောင့်ယှက်တော့. . သေတဲ့လူတွေလည်း သေရ၊ တစ်ရွာလုံးလည်း စေ့စေ့ညက်ညက်ကြေသလောက် ဖြစ်နေပြီ၊ ပြောရရင်တော့ တစ်ရက်တစ်ခါ၊ နှစ်ရက်တစ်ခါလောက် ယဇ်ပူဇော်နေတော့ ရွာထဲမှာ စားစရာ ကျွဲနွားတောင် မရှိသလောက် ဖြစ်နေပြီ"

"ကြားရတာ စိတ်မကောင်းစရာပဲ၊ ယဇ်ပူဇော်တာလား သူတို့စားချင်လို့ ချက်စားနေတာများလား"

"ငါလည်းမသိတော့ဘူးကွာ၊ ဒါပေမယ့် သူက တစ်ရွာလုံးရဲ့ နတ်ဆရာဖြစ်နေတော့ သူ့သဘောကို ဆန့်ကျင်လို့လည်း မရဘူး၊ အခုမှ တစ်ရွာလုံးက သေသွားတဲ့ မင်းအဖေကို ပြန်ပြီး တမ်းတနေကြတယ်"

"ဒါပေမယ့် အဖေက အသက်ပြန် မရှင်နိုင်တော့ပါဘူး အဖေမရှိတော့ပေမယ့် အဖေ့ကိုယ်စား ကျွန်တော် ဆောင်ရွက်ပေးနိုင်ပါတယ်"

ထိုစကားကြောင့် ဇမုန်းထန် အမူအရာမှာ တက်တက်ကြွကြွဖြစ်လာလေသည်။

"မင်းက ဒီပညာတွေ တတ်ခဲ့ပြီလား"

နီမောင်က ခေါင်းညိတ်ပြသည်။

"ဒီလိုဖြင့် ဝမ်းသာစရာပေါ့၊ တခြားလူတွေကို အကူအညီမပေးခင် ငါ့အိမ်ကို အရင်အကူအညီပေးမှဖြစ်မယ်"

"ဒီမှာ ဘယ်လိုအနှောင့်အယှက်တွေ ကြုံနေလို့လဲ. . ဦးကြီး"





ထိုအခါ ဇမုန်းထန်က အဖြစ်အပျက်အချို့ကို အတိုချုပ်ပြောပြလေသည်။

တစ်နေ့တွင် ဇမုန်းထန်နေအိမ်သို့ နတ်ဆရာ သံပချိုင်၊ နက်ညီနောင် ရွာလူကြီး ဦးဇလွန်းမုံနှင့် ၎င်း၏သားဖြစ်သူ သုံ့တို့သုံးယောက် ရောက်လာကြသည်။

"နတ်ဆရာ ဘာကိစ္စရှိလို့လဲ"

"ကျုပ်ရဲ့ အစ်ကိုက သားရေးသမီးရေး ကိစ္စပြောချင်လို့

ထိုသို့ပြောသောအခါ ဦးဇလွန်းမုံက ပြောသည်။

"ခင်ဗျားနဲ့ကျုပ်နဲ့ ပြောထားတဲ့ သားရေးသမီးရေးကိစ္စ ဘယ်တော့လောက် ဆောက်ရွက်ကြမလဲလို့ လာမေးတာပါ၊ ဒီကိစ္စကအဆင်ပြေရင် ထုံးစံအရ မင်္ဂလာဆောင်ဖို့ ကျုပ်အားလုံး တာဝန်ယူပါ့မယ်"

"ကျုပ်သမီးရဲ့သဘောထား မေးကြည့်တဲ့အခါ သူက လက်မခံနိုင်ဘူးလို့ ပြောပါတယ်၊ ဒါကြောင့် ကျုပ်တို့ပြောထားတာမယ့် ဖြစ်တော့မယ် မထင်ပါဘူး"

"သူက ကျုပ်သားကို ဘာကြောင့်ငြင်းပယ်တာလဲ"

"ဒါကတော့ မိန်းကလေးသဘောဆန္ဒပဲဖြစ်လို့ ကျုပ်သေသေချာချာ မသိပါဘူး"

"ဒါပေမယ့် ကျုပ်တို့အရပ်ဒေသတွေမှာ မိန်းကလေး တစ်ယောက် အရွယ်ရောက်လာတဲ့အခါ မိဘစီစဉ်ပေးတဲ့သူကို လက်ခံယူရတဲ့ ဓလေ့ထုံးစံရှိတာပဲ၊ သူက ဒါကိုမလိုက်နာဘူး

လား"

" ခလေ့ထုံးစံ ရှိဂါတော့မှန်ပါတယ်၊ ဒါပေမယ့်
ဆောင်ပြုတယ်ဆိုတာ သူတို့ဘဝတစ်လျှောက်လုံးနဲ့ သက်
တာဆိုတော့ သူတို့သဘောဆန္ဒအတိုင်းပဲ ရှိစေချင်ပါတယ်
ကြောင့် ခင်ဗျားတို့ဘက်က ကမ်းလှမ်းလာတာကို လက်မ
တော့ပါဘူး"

ဟု ဇမုန်းထန်က အပြီးအပြတ် ပြောလိုက်လေသ
ထိုစကားကြားတော့ ဦးဇလွန်းမှံ သာမကပဲ အနားမှာရှိနေ
နတ်ဆရာ သံပချိုင်ပါ မျက်စိမျက်နှာပျက်သွားပြီး ဝင်ပြော
သည်။

"ခင်ဗျားအနေနဲ့ ဒီလိုယတိပြတ် ဆုံးဖြတ်တာ မ
လျော်ဘူးထင်ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ထန်
ကျုပ်ရဲ့တူပဲ၊ ကျုပ်က နှစ်ရွာစလုံးရဲ့ နတ်ဆရာ ဆိုတာကိုလ
ခင်ဗျားမမေ့ပါနဲ့"

"နတ်ဆရာရဲ့ တူပဲဖြစ်ဖြစ်၊ သားပဲဖြစ်ဖြစ်၊ ကာယကံ
မိန်းကလေးသဘောဆန္ဒ မပါတဲ့ကိစ္စကိုတော့. . . ဇွတ်အ
မစီစဉ်ချင်ပါဘူး"

"ကောင်းပြီလေ. . နောက်တော့မှသာ ကျုပ်ကိုလာ
မတောင်းပန်နဲ့"

ဟု ပြောဆိုပြီး သုံးယောက်သား ပြန်သွားကြလေ
သည်။ ထိုနေ့ညမှစပြီး သရဲသဘက်များ ရောက်လာပြီး ညင်
နှောင့်ယှက်ရာ များစွာကြောက်ရွံ့ ထိတ်လန့်ကြရလေသည်





"အဲဒီကတည်းက တစ်ညမှ ကောင်းကောင်းမအိပ်ဝံ့
တော့တာ ဒီကနေ့အထိပါပဲ"

ဟု ဇမုန်းထန်က ပြောပြလေသည်။

ထိုအကြောင်းများကို နားထောင်ပြီးသောအခါ နီမောင်
ပြောသည်။

"ဒီအတွက်တော့ ဘာမှစိတ်မပူပါနဲ့၊ အနှောင့်အယှက်
တွေကင်းသွားအောင် ဒီကနေ့ညမှာပဲ ဆရာကြီးပါ ခေါ်လာပြီး
ကာကွယ်စောင့်ရှောက်ပေးပါ့မယ်"

"ဒီစကားကြားရတာ ဝမ်းသာလိုက်တာ"

ထိုအချိန်မှာ မြဝင်းသူက အစားအသောက်များ လာချ
ပေးရာ ဇမုန်းထန်က နေရာမှ ထသွားလေသည်။

"နင် ပြန်ရောက်လာတာ. . ငါဖြင့် သိပ်ဝမ်းသာတာပဲ
ခုမှ ငါတို့တစ်ရွာလုံး ဒုက္ခရောက်နေကြရတယ်၊ သူတို့နှိပ်စက်
ကို တစ်ရွာလုံးခံနေကြရတယ်"

"ဦးကြီးပြောပြလို့ ငါသိပြီးပါပြီ၊ ဘာမှစိတ်မပူပါနဲ့ ငါတို့
ပြီး ကာကွယ်စောင့်ရှောက်ပေးပါ့မယ်၊ ဆရာကြီးလည်း ပါ
ပြီဆိုတော့ တစ်ရွာလုံးရဲ့ ဒုက္ခတွေကို အကူအညီပေးရမယ်"

"နင်က အဲဒီလောက် ပညာတွေရခဲ့ပြီလား"

"ဘာလဲ. . နင်က အခုထိ ငါ့ကို အထင်သေးနေတုန်းပဲ
ဟုတ်လား"

"မဟုတ်ပါဘူး နီမောင်ရယ်၊ နင်ကလည်း ပြောလိုက်ရင်
ကို စကားနာထိုးဖို့ပဲ"

"ငါ့အလကား ပြောတာပါ၊ နင့်အပေါ်မှာ ဘယ်တုန်းမှ ဗွေမယူခဲ့ပါဘူး၊ ငါမရှိတဲ့အချိန်မှာ ငါ့အမေနဲ့ ညီမလေး ကူညီစောင့်ရှောက်ပေးခဲ့တာတွေကိုလဲ ကျေးဇူးတင်ပါ နောက်ပြီး. . ."

နီမောင်က စကားမဆက်ပဲနှင့် ရပ်လိုက်သည်။

"ဆက်ပြောလေ"

"ငါမရှိတုန်း ငါ့ကိုစိတ်ပူပေးတဲ့အတွက်လည်း ငါ သာပါတယ်"

မြဝင်းသူက မျက်စောင်းတစ်ချက် ထိုးသည်။

"အခုမှသိရသလား"

"ဟုတ်တယ် ဒါတောင် ငါညီမလေးပြောပြမှ သိရ"

"ဂရုမှမစိုက်ပဲကိုး"

"ဒီလိုတော့ မဟုတ်ပါဘူးဟာ၊ ငါ့မှာလည်း တခြား တွေနဲ့ ရှုပ်နေလို့ပါ၊ နင့်ကို ဂရုမစိုက်ချင်လို့တော့ မဟုတ်ပါ"

မြဝင်းသူက အပြုံးဖြင့် မျက်စောင်းထိုးပြန်သည်၊ မျက်နှာပေါ်မှာတော့ ကျေနပ်မှု အပြုံးရိပ်ကလေးများ ယှက် နေသည်။

"နင် ထန်လုံကို ငြင်းလိုက်တာ ငါသိပ်ဝမ်းသာတ"

"ဘာဖြစ်လို့လဲ"

"ဒါမှ ငါတို့နှစ်ယောက် နီးစပ်မှုရှိအောင် ကြိုးစာ ပြန်ရမှာကိုး"

"ဒီလိုရော ကြိုးစားချင်သေးလို့လား"





"ကြိုးစားချင်တာပေါ့၊ ငါက နင့်ကိုတကယ်ချစ်နေတာ ပဲ"

"အလို လူပျိုစကားပြောတာကလည်း မြန်လှချည်လား"

"အချိန်မရလို့ မြန်မြန်ပြောထားရတာ တော်ကြာကိုယ့် ာက် လက်ဦးတဲ့သူပေါ်လာရင် ခက်နေမှာစိုးလို့"

"ငါက ဒီလိုအပြောင်းအလဲ မြန်တဲ့သူမျိုးမှ မဟုတ်တာ၊ လူကိုအထင်သေးလိုက်တာ"

"နင့်ကို စိတ်မချလို့ မဟုတ်ပါဘူး၊ ငါ့ဘက်က စိတ်ချချင် လို့ပါ၊ ကဲ. . ငါသဘောကတော့ ပြောပြီးပြီ နင့်သဘောကိုသာ ပြောပေတော့"

"တစ်ဖက်လူဆီက ဒီလိုသဘောမျိုး ရှိတယ်ဆိုတာ သိ ပြီဆိုတော့ စဉ်းစားပေးရမှာပေါ့"

"ထန်လုံကို ငြင်းသလိုမျိုး ငြင်းတာတော့ မဟုတ်ပါဘူး နော်"

"အဲဒီလို ငြင်းဖို့စိတ်ကူးထားရင် အချိန်ကုန်ခံပြီးတော့ ခုလိုတောင် အနားမှာလာထိုင်နေမှာ မဟုတ်ဘူး၊ အ,လိုက် ာ အလွန်ပဲ"

ထိုအခါမှ နီမောင်မှာ သဘောပေါက်သွားကာ မျက်နှာ ါ်မှာ အပြုံးရိပ်များ ပေါ်လာလေသည်။

သို့သော်လည်း မြဝင်းသူ၏ မျက်စောင်းဒဏ်ကိုတော့ ိုက်ရသေးသည်။ ထိုမျက်စောင်းတစ်ချက်ကပင် သူ့အသည်း ်ထက်မှာ ကမ္ပည်းတင်သကဲ့သို့ ဖြစ်သွားလေသည်။

ညဥ့်ဦးပိုင်းအချိန် ရောက်သောအခါ နီမောင်နှင့်ဦးဇန်
ကောင်းတို့နှစ်ယောက် ဇမုန်းထန်နေအိမ်သို့ လျှို့ဝှက်စွာ ရောက်
လာကြလေသည်။

လျှို့ဝှက်စွာဖြင့်ရောက်လာခြင်းမှာ မည်သူမှမသိအောင်
လာခဲ့ကြရခြင်းပင်ဖြစ်၏။ ထိုအိမ်ရောက်တော့ ဦးဇန်ကောင်းက
ပြောသည်။

"ဒီညတော့ဖြင့် အပေါ်မှာ စိတ်ချလက်ချသာ အိပ်ကြ
နေကြပါတော့၊ လာသမျှ အန္တရာယ်တွေကို ကျုပ်တို့နှစ်ယောက်
ရှင်းပေးပါ့မယ်"

"ကျေးဇူးတင်လိုက်တာ ဆရာကြီးရယ်"

ထိုသို့ပြောဆိုပြီး အိမ်အပေါ်ထပ်သို့ တက်သွားကြလေ
သည်။ သို့သော်လည်း မအိပ်ကြပဲ အခြေအနေ ဘယ်လိုရှိမည်
ကိုသိလိုသောကြောင့် စောင့်ကြည့်နေကြလေသည်။

နီမောင်နှင့်ဦးဇန်ကောင်းတို့ နှစ်ယောက်လည်း မြင်
သူ စီစဉ်ပေးထားသော ဖခါးရည်နှင့် အစားအသောက်များ စား
သောက်ရင်း၊ စကားပြောရင်းဖြင့် စောင့်နေကြသည်။

"အရံအတားတွေ လုပ်ထားဦးမလား ဆရာကြီး"

"မလိုပါဘူးကွာ အရံအတားတွေ လုပ်ထားတော့ သူ
ဘယ်လာပါ့မလဲ၊ ငါကသူတို့ကို လာစေချင်တာ"

ဟု ပြောဆိုနေစဉ် ညဥ့်ဦးပိုင်း အချိန်ရောက်သောအခါ
လာနေကျအတိုင်း မကောင်းဆိုးဝါးမိစ္ဆာကောင်များ ရောက်လာ
ကြလေသည်။





ဘီလူး၊ သရဲ၊ သဘက် စသည်တို့ပင် ဖြစ်ကြသည်။

ဂင်းတို့နှစ်ယောက်ကတော့ အတွင်းပိုင်းနေရာမှာ ထိုင်
ချင်းနှင့် မီးမှောင်ချကာ စောင့်ကြည့်နေကြသည်။ မကောင်း
ဆိုးဝါးများက ခြံဝန်းထဲရောက်သည်နှင့် ကျွဲ၊ နွား၊ တိရစ္ဆာန်များ
ထားသောနေရာသို့ သွားကြသည်။

အချို့ကလည်း ခြံဝန်းထဲသို့ ဝင်လာပြီး . . အိမ်အနီးသို့
ရောက်လာကြလေသည်။

ထိုအခြေအနေကို အိမ်အပေါ်မှ ဇမုန်းထန်တို့မိသားစု
များက ရင်တထိတ်ထိတ်ဖြင့် ချောင်းကြည့်နေကြသည်။

မကောင်းဆိုးဝါးများ ခြံဝန်းထဲရောက်တော့မှ ဦးဇန်
ကောင်းက ဂါထာမန္တန်များဖြင့် ခြံဝန်းတစ်ခုလုံးကို အရံအတား
လုပ်လိုက်သည်။ သဘောကတော့ ကိုယ့်ဝင်းထဲဝင်လာသော
များကိုဖမ်းရန် ပြန်မထွက်နိုင်စေရန် ယင်းချုပ်များဖြင့် ပိတ်
ထားလိုက်သည့် သဘောမျိုးဖြစ်သည်။

ထိုသို့ပြုလုပ်ပြီးတော့မှ မှော်ဝင်နတ်ဘီလူးရုပ်ကို အ
ဘ်သွင်းပြီး လွှတ်လိုက်ရာ တင်းပုတ်ကိုင်ကာ အပြင်သို့ ထွက်
းလေတော့သည်။

မှော်ဝင်နတ်ဘီလူး ထွက်လာသည်ကို မြင်သည်နှင့်တစ်
လုံး ဖျက်ဆီးရန် ရောက်လာကြသော သရဲ၊ သဘက်၊ ဘီလူး
ဖုတ်ဘီလူး) စသည်တို့မှာ ကြောက်ရွံ့ထိတ်လန့်စွာ ထွက်
ရန် ကြိုးစားကြလေတော့သည်။

သို့သော်လည်း လေးဖက်လေးတန် စည်းတားထား

သောကြောင့် အပြင်ပြန်ထွက်ခွင့် မရကြတော့ပေ။

ထိုအခါ မော်ဝင်နတ်ဘီလူးက တံင်းပုတ်ဖြင့် လိုက်

ပြီးသတ်ရာ ပြေးပေါက်မရှိပဲ သေကြရသည်။

သရဲသဘက်များ ဝိညာဉ်စွန့်ရသောအခါ ကျန်ခဲ့

ကိုယ်ခန္ဓာက တိရစ္ဆာန်များအဖြစ်နှင့် ကျန်ခဲ့ခြင်း ဖြစ်သည်

အများအားဖြင့်တော့ တောထဲမှာနေသော ဖွတ်၊

ကင်းလိပ်ချော၊ တောက်တဲ့၊ ပုတ်သင်ညိုတို့သာ ဖြစ်ကြ

သည်။

မော်ဝင်နတ်ဘီလူးက ထွက်ပေါက်မရှိတော့သော

သဘက်တို့ကို လိုက်လံသတ်ဖြတ်ရာ နောက်ဆုံးမှာတော့

ကောင်မကျန် သေကြလေသည်။

နောက်တစ်နေ့ နံနက်ပိုင်း အချိန်ရောက်သော ခြံ

ထဲမှာ သေနေကြသော ဖွတ်၊ ပဒပ်၊ ကင်းလိပ်ချော၊ တောက်

ပုတ်သင်ညိုတို့ကို တစ်ကောင်မကျန် လိုက်ကောက်ပြီး မီးရှို့

လိုက်ကြလေသည်။

"ဒီသတ္တဝါတွေက ဘာကြောင့် ဒီခြံထဲလာသေနေ

လည်း ဆရာကြီး"

"ဒါတွေက သာမန်တိရစ္ဆာန်တွေ မဟုတ်ဘူးဗျ၊ ခင်ဗျာ

တို့ကို လာနှောင့်ယှက်နေတဲ့ သရဲသဘက်တွေသေလို့ ကျန်

တာ၊ ဒီလိုသေသွားတော့ သူတို့လည်း သရဲသဘက်ဘဝ

ကျွတ်ပြီး နောက်တစ်ဘဝ ကူးသွားကြပြီပေါ့"

"အံ့သြစရာပါပဲဗျာ၊ ကျုပ်တစ်သက်မှာတော့ ဒီတစ်ခါ





တွေ့ဖူးပါသေးတယ်"

တဖ္ဓတ္ထဒီပနီကျမ်းထဲတွင် တစ္ဆေသားစားသော မောင်

ချမ်းကောင်း အကြောင်းပါသည်။

(၁၁၁၅)ခုနှစ်တွင် ဥသျှစ်ကျေးရွာသား . . မောင်ချမ်း

ကောင်းဆိုသူမှာ တစ္ဆေကို မကြောက်မရွံ့သတ်ဖြတ်ပြီး . . သေ

သောအခါ ပုတ်သင်ကောင်ဘဝနှင့် တွေ့ရလေသည်။

ထို ပုတ်သင်ကောင်ကို မီးမြှိုက်ပြီး ထန်းရည်ဖြင့် စား

သောက်ပစ်လေသည်။

ထိုတစ္ဆေက ထန်းရည်သည်မ၏ ဝမ်း၌ဝင်ပြီး လူ့ဘဝ

ရောက်သောအခါ မောင်ချမ်းကောင်း လာသည်ကို မြင်သည်နှင့်

ကြောက်လန့်ပြီး ငိုကြွေးလေသည်။ မိခင်က မေးသောအခါ. .

"ဒီလူကြီးက ကျွန်တော်ကို မီးဖုတ်ပြီး ထန်းရည်ခါးဖြင့်

စားဖူးကြောင်း"

ပြောပြလေသည်။ ထိုအကြောင်းကို အရှည်အပြည့်အစုံ

ရေးခဲ့ပြီးဖြစ်သောကြောင့် မရေးတော့ပေပြီ။

ဦးဗန်ကောင်းနှင့် နီမောင်တို့သည် ခြံဝန်းထဲမှာ တွေ့

သော တိရစ္ဆာန်အသေကောင်များကို ကောက်ယူပြီး မီးရှို့ပြီး

နောက်တွင် ဇမ္ဗူနန်းထန်တို့မှာ အနှောင့်အယှက် ကင်းစွာဖြင့် နေ

ကြရလေတော့သည်။

ရွာသူရွာသားများကလည်း ယင်ပူဇော်စရာ ကျွဲနွား
မရှိတော့သဖြင့်. . ရောဂါဖြစ်လျှင် ယင်မပူဇော်ပဲ ဆေးကု
သော နီမောင်တို့ထံသို့ လာရောက်ကုသကြသည်။ နီမောင်
လည်း မည်သူ့ထံကမှ ဆေးဖိုးဝါးခမယူပဲ ငင်းတတ်ကျွမ်း
ပညာဖြင့် ကုသပေးလေသည်။

ပယောဂနှင့်သက်ဆိုင်သော ခက်ခဲသောကိစ္စများ
တော့ ဦးဇန်ကောင်းက ကုသပေးသည်။

ထို့ပြင်. . ရွာသူရွာသားတို့အား မကောင်းဆိုးဝါး
မနှောင့်ယှက်စေရန် ဂမုန်းဖြင့် စီရင်ထားသော အစီအရင်
ဆောင်များပေးထားရာ အန္တရာယ်ကင်းသွားကြသည်။

နီမောင်ကိုလည်း တစ်ရွာလုံးက "ယောဆရာလေး"
ပင် ခေါ်ဝေါ်လာကြသည်။

ထိုအခြေအနေမှာ သံပချိုင်တို့အတွက် စားပေါက်ပိတ်
သကဲ့သို့ ဖြစ်သွားလေတော့သည်။

ရွာသူရွာသားများက နတ်ဆရာကို အယုံအကြည်မရှိ
ကြတော့သဖြင့် မသွားကြတော့ပေ။

ထို့ကြောင့် သံပချိုင်က ငင်းကျွေးမွေးထားသော တပည့်
များကိုခေါ်ပြီး မေးမြန်းတိုင်ပင်ရလေသည်။

ငင်းတပည့်များမှာ နွားသတ်သမား ဇာမုန်၊ ဟယ်
နှင့် ခန်ဇန်တို့ပင် ဖြစ်ကြလေသည်။

"အခြေအနေက ဘယ်လိုဖြစ်ကုန်တာလဲ၊ ရွာသား
က ငါတို့ဆီကိုတောင် မလာကြတော့ပါလား"





"ဘယ်လာပါ့မလဲ ဆရာကြီးရဲ့၊ နီမောင်တို့ဆီပဲ သွား
နေကြတာကိုး၊ သူတို့အိမ်မှာ ယောနယ်ကပါလာတဲ့ ဆရာကြီး
လည်း ရောက်နေတယ်"

"ဒါ ဆရာကြီးကို စိန်ခေါ်တာပဲ၊ အရင်လို သရဲသဘက်
တွေလွှတ်ပြီး သတ်နိုင်းလိုက်ပါလား ဆရာကြီး"

"အဲဒီ ငါလွှတ်လိုက်တဲ့ သရဲသဘက်တွေ ဘယ်ရောက်
ကုန်ပြီလည်း မသိဘူး၊ တစ်ကောင်မှ ပြန်မလာကြဘူး"

"ဒါဖြင့် ဟိုအိမ်မှာရောက်နေတဲ့ ဆရာလက်ချက်ပဲ ဖြစ်
ရမယ်၊ သတင်းကြားတာကတော့ နီမောင်ကလည်း ပညာအ
တော်လေး တတ်နေတယ်လို့ သိရတယ်၊ ကြာရင် ဆရာကြီးရဲ့
နတ်ဆရာနေရာကို သူလုယူလိမ့်မယ်"

"ပညာလေး မတောက်တခေါက်နဲ့ ငါ့ကိုယှဉ်ပြိုင်လို့
တော့မရပါဘူး၊ နောက်ပြီး နတ်ဆရာဆိုတာ လုပ်ချင်တိုင်း လုပ်
လို့ရတာမှ မဟုတ်တာ၊ မိုးကြိုးကျတောင်ထိပ်မှာ ပညာပြိုင်ပြီး
နိုင်တဲ့သူမှ လုပ်ရတာ"

"အခြေအနေ မကောင်းတော့ဘူး ဆိုရင်တော့ သူ့ကိုဒီ
အတိုင်းဆက်ထားလို့ မရဘူး၊ သူ့ကို ဆက်ထားရင် ဆရာကြီးက
နတ်ဆရာသာ အမည်ခံထားပေမယ့် ဘာမှရမှာ မဟုတ်ဘူး၊
သူ့ကို မိုးကြိုးကျတောင်ထိပ်မှာ ပညာပြိုင်ဖို့ စိန်ခေါ်ပြီးတော့
သူ့အဖေလိုပဲ သုတ်သင်ရှင်းလင်းလိုက်ရင် ပိုကောင်းမယ် ထင်
တယ်"

"ဒါကတော့ နောက်ဆုံးနည်းလမ်းပေါ့၊ ငါ့အတွက်. .

အခြေအနေ ဆိုးလာရင်တော့ ဒီနည်းကိုပဲ အသုံးပြုတန် ပြုရမှာပဲ၊ ဒါပေမယ့် ဘယ်သူမှ မရိပ်မိဖို့တော့ အရေးကြီးတယ်"

"စိတ်ချပါ ဆရာကြီး"

နီမောင်တို့ကတော့ ၎င်းတို့လုပ်ရမည့် အလုပ်များကို လုပ်နေကြလေသည်။

တစ်နေ့သ၌. . . မိုးကြိုးကျတောင်ထိပ်ပေါ်သို့ လူ(၄) ယောက် တက်လာကြသည်။

ဦးဖန်ကောင်း၊ နီမောင်၊ စောထီး၊ ငမဲအောင်တို့ပင် ဖြစ်ကြလေသည်။

စောထီးနှင့်ငမဲအောင်တို့ နှစ်ယောက်ထံတွင် လေးမြား၊ ဓားတို့နှင့် တူမီးသေနတ်တစ်လက်ပါ ပါလာလေသည်။

တူမီးသေနတ်က ကဝေမြောင်ရွာတွင် ရွာလူကြီး ဇမှန်ထံတွင် တစ်လက်၊ စောထီးထံမှာတစ်လက်. . အားလုံးမှ နှစ်လက်သာရှိသည်။

စောထီးထံမှာရှိသောသေနတ်က ၎င်းဦးကြီးတော်သူ လက်ဆင့်ကမ်းကာ ပေးထားခဲ့သော သေနတ်ဖြစ်သည်။

လေးယောက်သား စကားတပြောပြောနှင့်ပင် တောင်ပေါ်တက်လာကြခြင်းဖြစ်သည်။

မိုးကြိုးကျတောင်မှာ အမြင့်ပေ သိပ်မများသော်လည်း အမဲလိုက်သောနေရာဖြစ်သဖြင့် အခြားသူများ မတက်ရောက်ကြသည့် နေရာလည်းဖြစ်သည်။

ထို့ပြင် တောင်ထိပ်ပေါ်တွင် နတ်ဆရာများ သေဆုံး





သားရာ နတ်ကြမ်း၊ သရဲကြမ်းသည်ဟု အထင်ရှိသောကြောင့် အကြောင်းကိစ္စမရှိပါက မလာကြခြင်းဖြစ်သည်။

တောင်ထိပ်ပေါ် ရောက်တော့ ဦးဖန်ကောင်းက တောင်၏အခြေအနေကို အသေအချာ လှေ့လာကြည့်နေလေသည်။ တောင်မှာ သာမန်ကျောက်တောင်ဟု ထင်ရသော်လည်း အချို့နေရာများတွင် ထူးခြားမှုအချို့ ရှိနေသည်ကို သတိပြုမိလေသည်။

ထို့ကြောင့် ငမဲအောင်ထံမှာ ဓားတစ်လက် တောင်းပြီး တောင်ထိပ် အလယ်နေရာလောက်သို့ ပစ်ချလိုက်သည်။

ဓားက အရှိန်ဖြင့်လိမ့်သွားကာ တစ်နေရာရောက်သောအခါ ရုတ်တရက်တန့်သွားသည်။

ဦးဖန်ကောင်းက အနီးသို့လျှောက်သွားပြီး. . ဓားကို ပြန်ကောက်ယူသောအခါ တစ်စုံတစ်ခုနှင့် ဆွဲထားသကဲ့သို့ ဖြစ်နေသည်။

ထိုအခါမှ သဘောပေါက်သွားသဖြင့်. . ဓားကိုပြန်ကောက်ယူပြီး နောက်နေရာများသို့ ပစ်ချကြည့်ပြန်သည်။

အချို့နေရာများမှာ ဓားက ကျောက်သားမျက်နှာပြင်ပေါ်မှာ ကပ်နေပြီး၊ အချို့နေရာတွင် မကပ်ပေ။

"ဘာထူးခြားမှု ရှိသလဲ ဆရာကြီး"

"ဒီတောင်ထိပ်ပေါ်မှာ သံလိုက်ဆွဲအားတွေ ရှိနေတယ်"

"ဘယ်နေရာမှာ ရှိတာလဲ"

"အချို့နေရာတွေမှာ ရှိတယ်၊ တချို့နေရာမှာ မရှိဘူး၊

မင်းတို့ကို လက်တွေ့ပြမယ်"

ဟုပြောကာ တောင်ထိပ်ပေါ် နေရာအနှံ့သို့ ဓားကိုချ ပြရာ အချို့နေရာများ၌ ကပ်နေပြီး၊ အချို့နေရာမှာတော့ မကပ်ပေ။

"ဘယ်လိုကြောင့်လဲ ဆရာကြီး"

"ဒီတောင်ရဲ့အောက်မှာ သံလိုက်စက်ကွင်း ရှိနေတယ်၊ ဒါကြောင့် မိုးကြိုးမကြာခဏ ပစ်တာပဲ"

ဟု ရှင်းပြသည်။

"နတ်ဆရာတွေ ပညာပြိုင်လို့ မိုးကြိုးကျတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး ၊ သံလိုက်စက်ကွင်းရဲ့ ဆွဲအားကြောင့် မိုးကြိုးကျတာပါ"

"ဒါဖြင့် နတ်ဆရာတွေ မိုးကြိုးထိလို့ သေတာကရော ဘာကြောင့်လဲ"

"ဒီတောင်ထိပ်ပေါ်မှာ သံလိုက်ဓာတ်က နေရာတိုင်းမှာ မရှိဘူး၊ ရှိတဲ့နေရာမှာ ရှိတယ်၊ မရှိတဲ့နေရာမှာ မရှိဘူး၊ ဒီတော့ မိုးကြိုးကျမယ့်အချိန်မှာ မိုးကြိုးစက်ကွင်း ရှိတဲ့နေရာပေါ်မှာ ထိုင်မိတဲ့ ဆရာကတော့ ကျိန်းသေမိုးကြိုးထိမှာပဲ ၊ သံလိုက်စက်ကွင်း မရှိတဲ့နေရာမှာ ထိုင်မိတဲ့ဆရာကတော့ စက်ကွင်းလောက်ပဲ ထိမှာပေါ့"

"ဒါဖြင့် သူတို့ရွတ်တဲ့ ဂါထာမန္တန်တွေကြောင့် မဟုတ်တော့ဘူးပေါ့"





"ယုံကြည်ကိုးကွယ်မှု ဆိုတာတော့ သူ့ဟာနဲ့သူ အစွမ်း ...တွေ့ ရှိတာချည်းပါပဲ၊ ယုံကြည်မှုရှိရင် ဆွဲတောင် ဆေးဖြစ်သေး ...ပဲ၊ ဂါထာမန္တန်တွေလည်း သူ့နေရာနဲ့သူ အစွမ်းရှိကြတာ ...ည်းပါပဲ၊ ဒါပေမယ့် ဒီတောင်ပေါ်မှာ ပြိုင်ကြတဲ့ နေရာမှာတော့ ...ကောင်းတဲ့လူက သံလိုက်စက်ကွင်း မရှိတဲ့နေရာမှာ ထိုင်မိပြီး ...မကောင်းတဲ့ လူကတော့ သံလိုက်စက်ကွင်း ရှိတဲ့နေရာ တည့် ...ည့်ထိုင်မိမှာပါပဲ"

"ဆရာကြီး ပြောမှပဲ သဘောပေါက်တော့တယ်"

ထိုအခါ နီမောင်ကပြောသည်။

"ဆရာကြီး ကျွန်တော့် အဖေက မိုးကြိုးထိလို့ သေရ ...ာ မဟုတ်ဘူး၊ ဘယ်လိုဖြစ်ပြီး သေတာလဲ"

"မင်းအဖေ ဘယ်လိုသေတယ်ဆိုတာ၊ အခြေအနေ ...ကြည့်လိုက်ရင် အဖြေသိရမှာပေါ့၊ သူဘယ်နေရာမှာ ထိုင်ခဲ့သလဲ ...င်းနေရာ မှတ်မိသလား"

"မှတ်မိတယ် ဆရာကြီး ဟိုဘက်တောင်စွန်းမှာ"

ဟုပြောပြီး နီမောင်က ဦးဒီပ ထိုင်ခဲ့သောနေရာကို ခေါ် ...သည်။

ထိုနေရာမှာ တောင်၏အနောက်ဘက်၌ ရှိလေသည်။ ...ဒီပထိုင်သော နေရာရောက်တော့ ကျောက်သားပေါ်သို့ ဓား ...ချကြည့်သည်။

ထိုနေရာ၌ သံလိုက်စက်ကွင်း မရှိပေ။

"ဒီနေရာမှာ သံလိုက်စက်ကွင်း မရှိဘူး"

ဟု ပြောကာ ပတ်ဝန်းကျင်ကို ကြည့်သည်။

ဦးဒီပ ထိုင်သောနေရာအနောက်ဘက်တွင် သစ်တော များ ရှိသော်လည်း တောင်ထိပ်အထိတော့ မမြင့်ကြပေ။ ထူးထူး ခြားခြား ပေါက်နေသော ပျဉ်းကတိုးပင်ကြီးတစ်ပင်ကသာ တော အုပ်ထဲမှာ အပေါ်သို့ထိုးတက်နေသဖြင့် တောင်ထိပ်သို့ပင် ကျော် နေသည်။

သစ်ပင်ခွဆုံ ရှိသောနေရာကပင် တောင်ရင်ပြင်နှင့် တပြေးညီ ဖြစ်နေသည်။

သစ်ပင်ကြီး ရှိသောနေရာနှင့် ဦးဒီပ ထိုင်သောနေရာ မှာ ကိုက်အနည်းငယ်သာ ကွာဝေးလေသည်။ ဦးဇန်ကောင်း တောင်ထိပ်ပေါ်မှာ စိတ်ကျေနပ်အောင် ကြည့်ရှုပြီးမှ ပျဉ်းကတိုး ပင်ကြီး ရှိသောနေရာသို့ ဆင်းကြည့်လေသည်။

ကျန်သုံးယောက်ကလည်း လိုက်သွားကြသည်။ အပင် ခြေရောက်တော့လည်း အသေအချာကြည့်သည်။

အပင်အောက်ခြေမှာတော့ အပေါ်မှခုတ်ချထားသဖြင့် ခြောက်သွေ့နေပြီဖြစ်သော သစ်ကိုင်းအချို့ကို တွေ့ရလေသည်။

"နီမောင်. . မင်း သစ်ပင်တက်တတ်သလား"

"တက်တတ်ပါတယ် ဆရာကြီး"

"လေးနဲ့မြားပါယူပြီး သစ်ပင်ခွဆုံနေရာအထိ တက် ကြည့်စမ်း"

ဟု ပြောသဖြင့် ငမဲအောင်ထံမှ လေးနှင့်မြားကို ယူကာ ကျောခွဲလွယ်ပြီး သစ်ပင်ပေါ်တက်သည်။





လေးမှာအမဲပစ်ရာတွင် အသုံးပြုသော ဒူးလေးဖြစ် ၊ သစ်ပင်မှာ ပင်စည်၌ အကိုင်းအခက်၊ အဖုအထစ်များ ဖြင့် အပေါ်သို့တက်ရသည်မှာ လွယ်ကူသည်။

သစ်ပင်ခွကြား ရောက်တော့ အသေအချာကြည့်သည်။ ရာမှ ကြည့်လျှင် ဦးဒီပထိုင်သော နောက်ကျောဘက်ကို င်းစွာမြင်ရသည်။

ကွယ်နေသော သစ်ကိုင်းအချို့ကိုပင် ဓားဖြင့်ခုတ်ဖြတ် လသည်။

ထိုနေရာမှ ဒူးလေးဖြင့်ပစ်လျှင် တောင်ပေါ်မှာ ထိုင်နေ မထိမှန်စရာ မရှိပေ။

နီမောင်က ဒူးလေးကို မြားတပ်ပြီး ထိုနေရာသို့ တစ် စ်ကြည့်သည်။

မြားတံက ပစ်မှတ်ရှိရာသို့ တန်းတန်းမတ်မတ် ရောက် လသည်။

ထို့နောက် အောက်သို့ ပြန်ဆင်းလာသည်။

"ဘာထူးခြားတာ တွေ့ခဲ့သလဲ"

"တစ်ယောက်ယောက်က သစ်ပင်ပေါ်တက်ပြီး အဖေ့ းနဲ့ပစ်သတ်ခဲ့ပုံရတယ်"

"ဘာတွေ တွေ့ခဲ့သလဲ"

"ခြေရာလက်ရာတွေ တွေ့ခဲ့တယ် "

"ဒါဖြင့် သေချာအောင် မင်းအဖေအလောင်းကို သွား ခုမယ်၊ ဘယ်နေရာမှာ မြှုပ်ထားခဲ့သလဲ"

"တောင်ခြေက ကျောက်ဂူတစ်ဂူထဲမှာပါ"

ဟုပြောကာ တောင်ခြေသို့ ပြန်ဆင်းလာခဲ့ကြသည် ဦးဒီပ အလောင်းမြှုပ်ထားသောနေရာမှာ ကျောက်ဂူတစ်ဂူ တွင်းမှ အပေါက်ထဲတွင် ဖြစ်သည်။

ထိုနေရာရောက်တော့ ပိတ်ထားသော ကျောက်တုံး ဖယ်ပြီး အတွင်းသို့ထည့်ထားသောအလောင်းကို အပြင်သို့ ထုတ်ပြီး ကြည့်ကြသည်။

အလောင်းမှာ သေဆုံးသွားခဲ့သည်မှာ လအနည်း ကြာခဲ့ပြီဖြစ်သော်လည်း မပုပ်ပဲ အရိုးခြောက်ကဲ့သို့ ဖြစ်နေသည်

"အလောင်းကိုကြည့်ရင် ပြင်းထန်တဲ့ အဆိပ်ကြော သေရတယ် ဆိုတာသိနိုင်တယ်၊ အဆိပ်က ထိကာစက မသိ ပေမယ့် အခုတော့ တစ်ကိုယ်လုံးပြန့်ပြီး မည်းပြာနေတာ မြ တယ်မဟုတ်လား၊ သူ့ကျောဘက်ကိုကြည့်ရင် မြားထိထား ဒဏ်ရာတောင် တွေ့ရလိမ့်မယ်"

ဟုပြောသဖြင့် အလောင်းကို မှောက်ကြည့်ရာအ တစ်နေရာမှာ အပေါက်တစ်ခုရှိသဖြင့် ဖယ်ကြည့်သောအ ကျောပြင်၌ ဒဏ်ရာတစ်ချက် တွေ့ရလေသည်။

သည်တော့မှ သဘောပေါက်သွား ကြလေတော့သည်

"ဒါပေမယ့် ကျွန်တော်ကို တောင်ပေါ် ရောက်လာတဲ့ ချိန်မှာ အဖေ့ကျောမှာ မြားမတွေ့ရဘူး"

"ဘယ်တွေ့မှာလည်း . . ကိုဒီပ လဲကျသွားတဲ့အချိန် တစ်ယောက်ယောက်က နောက်ကတက်လာပြီး ပြန်နုတ်ယူ





သွားပေါ့"

"အတော်ရက်စက်ကြတာပဲ၊ ဒါ ဟိုနတ်ဆရာနဲ့ သူ့လူ တွေ လက်ချက်ဖြစ်မှာပဲ"

နီမောင်က အံတင်းတင်းကြိတ်ထားရင်းမှ ရေရွတ်လိုက် သည်။

"ငါထင်တာမမှားဘူးဆိုတာ သိရလို့ ငါကျေနပ်ပါတယ်၊ ဘာကြောင့်လည်းဆိုတော့ ကိုဒီပဟာ ဘယ်တော့မှ မိုးကြိုးမထိ နိုင်ဘူး၊ တကယ်လို့ သွေးရိုးသားရိုးပြိုင်ကြရင် သူမရှုံးနိုင်ဘူး"

"ဘာကြောင့်လဲ ဆရာကြီး"

"သူ့မှာ သွားလေရာအမြဲပါတဲ့ တောင်ဝှေးတစ်ချောင်း ရှိတယ်မဟုတ်လား"

"ရှိပါတယ်"

"အဲဒီနေ့က တောင်ပေါ် တက်သွားတော့ တောင်ဝှေးယူ သွားခဲ့တယ် မဟုတ်လား"

"ယူသွားပါတယ်"

"အဲဒီတောင်ဝှေးရဲ့ထိပ်မှာ ငါကိုယ်တိုင် စီရင်ပေးခဲ့တဲ့ ကြိုးလွှဲဓာတ်လုံးရှိတယ်၊ ဒါကြောင့်သူ့ကို မိုးကြိုးမထိနိုင်ဘူး၊ ရင်ပြိုင်ကြတုန်းက နိုင်တယ်ဆိုတာကလည်း ဒါကြောင့်ပဲ၊ ဒီ ကြိမ်မှသာ လူယုတ်မာတွေလက်ချက်နဲ့ သေရတာ"

"ကျွန်တော်တော့ နည်းနည်းမှမကျေနပ်ဘူး၊ ဒီလူယုတ် တွေကို အဖေ့အတွက် ကလဲ့စားပြန်ချေရမယ်"

"မကောင်းမှုဆိုတာ ဆိတ်ကွယ်ရာ မရှိပါဘူး၊ မကောင်း

မှုပြုတဲ့သူဟာလည်း မကောင်းမှုရဲ့ ဒဏ်ခတ်ခြင်းကို မလွဲ
ပြန်ခံကြရတာပါပဲ၊ အခုဆိုရင် ငါတို့က လျှို့ဝှက်ချက်တွေ
သိတန်သလောက် သိရပြီဆိုတော့ ဘယ်လိုတုံ့ပြန်ရမယ်ဆိုတာ
စားကြတာပေါ့"

ဟု ပြောပြလေသည်။

ထို့နောက် အလောင်းကို ကျောက်ဂူပေါက်ထဲ ပြန်
ကာ ကျောက်တုံးဖြင့် အပေါက်ဝကို ပြန်ပိတ်လိုက်ကြသည်

"အဖေ့ကို ယုတ်မာရက်စက်ခဲ့တဲ့ လူယုတ်မာတွေ
အဖေ့ကိုယ်စား ကျွန်တော်ကလဲ့စား ပြန်ချေပါ့မယ်"

ဟု တိုးတိုးလေး ရေရွတ်ပြောဆိုပြီးနောက် ထိုနေ
တောင်ခြေဘက်သို့ ပြန်ဆင်းခဲ့ကြလေသည်။





# အခန်း(၁၇)

# ဘီလူးစည်း လူစည်း

ဦးဒီပ သေဆုံးသွားခဲ့ပြီး လအနည်းငယ်ကြာသောအခါ
မှာ. . မိုးကြိုးကျတောင်ထိပ်၌ နတ်ဆရာ ရွေးပွဲပြုလုပ်ရန် အ
ကြောင်းတစ်ခု ပေါ်ပေါက်လာလေသည်။

လက်ရှိနတ်ဆရာ သံပချိုင်နှင့် ယှဉ်ပြိုင်မည့်သူမှာ ယော
ဆရာလေးဟု နာမည်ကြီးနေသော နီမောင်ပင် ဖြစ်ပေသည်။

တစ်ရွာလုံး၏ဆန္ဒအရ. . ယခုကဲ့သို့ ယှဉ်ပြိုင်ရန် အ
ကြောင်းပေါ်လာခြင်းပင် ဖြစ်သည်။

ကဝေမြောင် ရွာသူရွာသားတို့မှာ နတ်ဆရာသံပချိုင်းနှင့် ၎င်း၏တပည့်များ နှိပ်စက်မှုကို မခံနိုင်ကြတော့သဖြင့် နီမောင်နှင့်ယှဉ်ပြိုင်ပေးရန် ရွာလူကြီးကို ပြောကြခြင်းဖြစ်သည်။

ထို့ကြောင့် ရွာလူကြီး ဇမုန်းထန်ကိုယ်တိုင် ထိုယှဉ်ပြိုင်ပွဲကိုပြုလုပ်ရန် စီစဉ်ပေးခြင်း ဖြစ်သည်။

ယှဉ်ပြိုင်သော ရက်ကတော့ တောင်ပေါ်တွင် မိုးမှောင်ကျလာမည့်အချိန်ပင် ဖြစ်သည် ။

ထိုရက်အတိုင်မီ သံပချိုင်ကလည်း သူတပည့်များနှင့် စီစဉ်စရာများ စီစဉ်နေသလို နီမောင်ကလည်း ဆရာကြီး ဦးဇလွန် ကောင်းညွှန်ပြပေးသည့်အတိုင်း ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်နေလေသည်။ ထိုပွဲအတွက် စိတ်ပူနေကြသူများထဲမှာ မြဝင်းသူလည်း အပါအဝင် ဖြစ်သည်။

နီမောင်နဲ့နှစ်ယောက်ချင်းတွေ့တော့ ပြောသည်။

"နီမောင်. . . ငါနင့်အတွက် စိတ်ပူနေတယ်"

"ဘာမှစိတ်မပူပါနဲ့၊ နင့်ဆီက အဖြေတောင်းထားတာမသိရသေးတာ၊ ငါ ဘာမှမဖြစ်ပါဘူး"

"ငါကနင့်ကို အဖြေပေးပြီးသားပါ"

"ဟင် ဘယ်တုန်းက ပေးခဲ့တာလဲ"

"ငါ့ အမူအရာတွေ ကြည့်ရုံနဲ့ သိနိုင်ပါတယ်"

"ပါးစပ်ကပြောတာတော့ ကြားချင်သေးတာပေါ့"

"ငါ နင်ပြောတာကို လက်ခံပါတယ်၊ နင်တောင်ပေါ်ကဘေးမသီရန်မခပဲနဲ့ ပြန်ဆင်းလာနိုင်အောင် လုပ်ခဲ့ပါနော်၊ နင်





တစ်ခုခု ဖြစ်သွားရင် ငါ. . ."

စကားမဆက်တော့ပဲ ဝိုင်းလာသော မျက်ရည်စတို့ကို ယ်သုတ်ပစ်နေသည်။

"စိတ်မပူပါနဲ့ မြဝင်းသူရယ်၊ နင် တောင်အောက်ကသာစောင့်နေပါ၊ ငါ နင့်ဆီကို ပြန်ဆင်းလာခဲ့ပါ့မယ်"

ဟု နှစ်သိမ့်ပေးသောအခါ ခေါင်းညိတ်ပြလိုက်သည့်အ ဝဲနေသော မျက်ရည်စတို့က ပါးပြင်ပေါ်သို့ စီးကျလာလေတော့သည်။

နောက်ထပ်ရက်အနည်းငယ် ကြာသောအခါ. . ပြိုင်ပွဲကျင်းပရမည့်အချိန်သို့ ရောက်လာလေတော့သည်။

ထိုနေ့က ကောင်းကင်တစ်ခုလုံး မည်းမှောင်နေရုံမက မိုးတဖွဲဖွဲ ရွာချနေသည်။ လျှပ်စီးများ တဝင်းဝင်းလက်နေရုံမက မိုးချုန်းသံများကလည်း ဆူညံစွာ ပေါ်ထွက်နေသည်။

ယှဉ်ပြိုင်မည့်သူနှစ်ယောက်မှာ နီမောင်နှင့် နတ်ဆရာသံပချိုင်တို့ ဖြစ်သည်။

ထိုပြိုင်ပွဲကို စိတ်ဝင်စားသဖြင့် လူအတော်များများ လာရောက်ကြည့်ရှုကြသည်။

သို့သော်လည်း မိုးကြိုးစက်ကွင်း ထိမည်စိုးသဖြင့်. . တောင်ပေါ်တက်ခွင့်မရပဲ တောင်ခြေမှသာ ကြည့်ကြရသည်။

တောင်ပေါ်သို့ ယှဉ်ပြိုင်မည့် ဆရာနှစ်ယောက်အပြင် ရွာလူကြီးများဖြစ်ကြသော ဇမုန်းထန်နှင့် ဦးဇလွန်မုံတို့ လေးယောက်တက်သွားကြသည်။

နတ်ဆရာ သံပချိုင်ထံမှာ အသွားထက်သော လုံ့ခဲ
ချောင်းပါပြီး နီမောင်လက်ထဲမှာ သူဖခင်ကိုင်သော တောင်ဝှေး
ယူဆောင်လာသည်။

တောင်ပေါ်ရောက်တော့ သံပချိုင်ကမေးသည်၊

"မင်း ဘယ်နေရာမှာ ထိုင်မလဲ"

"အဖေထိုင်ခဲ့တဲ့နေရာမှာပဲ ထိုင်မယ်"

သံပချိုင်သဘောကျစွာ တစ်ချက်ပြုံးလိုက်ပြီး. . .

"မင်းက ငါ့ထက်အသက်လည်းငယ်. . ပညာလည်း
တော့ ငါကမင်းကို ဦးစားပေးပါတယ်၊ မင်းသဘောကျတဲ့နေရ
မှာသာ ထိုင်ပါ"

ဟုပြောသည်။

ထို့နောက် ရွာလူကြီးနှစ်ယောက်က သူတို့နှစ်ယောက်
ပေ(၅၀)ခန့်ခွာကာ နေရာချပေးပြီးနောက် အောက်သို့ပြန်ဆင်း
သွားကြလေသည်။

နီမောင်က တင်ပလ္လင်ခွေထိုင်လျက်. . မျက်စိကို မှိတ်
ထားကာ ဘုရားစာ တရားစာများ ပါးစပ်မှ ရွတ်ဆိုနေလေသည်
ဝင်းကိုယ်ပေါ်မှာ အညိုရောင် အဝတ်တစ်ထည်ကိုလည်း ဦး
ခေါင်းမှ တစ်ကိုယ်လုံး ခြုံထားလေသည်။

ထိုအခိုက်မှာပင် မိုးကပိုများလာသည်။

မိုးခြိမ်းသံများကလည်း အဆက်မပြတ် ပေါ်ထွက်လာ
သည်။ ပတ်ဝန်းကျင်တစ်ဝိုက်မှာလည်း လျှပ်စီးရောင်များကြောင့်
လင်းလိုက်မှောင်လိုက် ဖြစ်နေသည်။





တကျိမ်းကျိမ်းနှင့် မိုးကြိုးပစ်သံများ ပေါ်ထွက်လာသည်။

တစ်ကြိမ်မှာတော့ မိုးကြိုးပစ်ချလိုက်သောအသံနှင့်အ
တူ နီမောင်ကျောပြင်သို့ မြားတံတစ်ချောင်းက လာရောက်စိုက်
ဝင်သွားသဖြင့် ရှေ့သို့စိုက်ကျသည်။

နီမောင် စိုက်ကျသွားသည်ကို မြင်သောအခါ သံပချိုင်
ကလှမ်းကြည့်လိုက်သည်။

ကျော၌မြားတံတစ်ချောင်း စိုက်ဝင်နေသည်ကို မြင်
သောအခါ ကျေနပ်စွာတစ်ချက် ပြုံးလိုက်သည်။

မရှေးမနှောင်းမှာပင် ထိုမြားတံကို ပြန်နုတ်ယူရန် ဟယ်
လိန်းက ပြေးတက်လာသည်။

နီမောင်ကျောမှ မြားကိုနုတ်ယူရန် ပြင်နေစဉ်မှာ သူ
ကျောသို့ မြားတစ်ချောင်း လာထိသဖြင့် လိမ့်ကျသွားလေသည်။

ထိုအခြေအနေကိုမြင်တော့ ခန်ဇန်ကပါ အထိတ်တ
လန့် ဖြစ်သွားသဖြင့် နေရာမှထကြည့်သည်။

ထိုအခိုက်မှာပင် မနီးမဝေး ကျောက်တုံးကြားမှ ငမဲ
အောင် ထလာသည်။

သူ့လက်ထဲမှာ ဒူးလေးနှင့်မြား ပါသည်။ ခန်ဇန်က အ
ခြေအနေမကောင်းမှန်း ရိပ်မိသဖြင့် နောက်သို့ပြန်လှည့်ပြေး
သည်။ မလွတ်တော့ပေ။

ငမဲအောင် ပစ်လိုက်သော မြားတစ်စင်းက ကျောကိုထိ
သဖြင့် လဲကျသွားပြန်သည်။ အောက်မှဖြစ်နေသော အခြေအ
နေကို သစ်ပင်ခွကြားပေါ်မှာ ရောက်နေသော ဇာမုန်က လှမ်း

မြင်နေရသည်။

သူ့လက်ထဲမှာ နောက်ထပ်အဆိပ်လူးမြား တစ်ချောင်း ကျန်သေးသည်။

ထိုမြားဖြင့် ငမဲအောင်ကို ပစ်ရန်ချိန်လိုက်စဉ်မှာ တစ်နေရာမှ သေနတ်သံတစ်ချက် ထွက်လာပြီး အောက်သို့ပြုတ်ကျလာလေတော့သည်။

"ဒိန်း"

"အား"

အောက်ရောက်တော့ ကျောက်တုံးများပေါ် ကျသဖြင့် အသက်ပျောက်သွားလေတော့သည်။

ထိုအခါ ကျောက်တုံးနောက်မှ သေနတ်တစ်လက် ကိုင်ထားသော စောထီးထွက်လာပြီး ဇာမုန်အနီးမှာရပ်လျက် ပြောလိုက်သည်။

"အဆိပ်လူးမြားတံ တစ်ချောင်းက လူသတ်လို့ရသလို ကျည်ဆံတစ်တောင့်ကလည်း လူသေတာပါပဲကွာ"

ထိုအခြေအနေများ ဖြစ်ပြီးသောအခါ တောင်ပေါ်မှာ မြားထိပြီး လဲကျနေသော နီမောင်မှာ တဖြည်းဖြည်း ပြန်ထလာသည်။

ထိုကဲ့သို့ ပြန်ထလာသည်ကို လှမ်းမြင်သောအခါ.. သံပချိုင်မှာ များစွာအံ့ဩသွားလေသည်။

ထို့ကြောင့်.. လှံကိုကိုင်ပြီး ထရပ်လိုက်သည်။

"မြားနဲ့တောင်မသေပါလား၊ ဒီတော့လည်း လှံနဲ့သတ်





ပေးရမှာပေါ့"

ဟု ပြောကာ ရှေ့သို့တိုးလာသည်နှင့် သံလိုက်စက်ကွင်း ပေါ်ရောက်သွားသည်နှင့် မိုးကြိုးပစ်ချသံကြီး ပေါ်လာလေတော့သည်။

"ဂျိမ်း.. ဂျလိန်း.."

တောင်ထိပ်တစ်ခုလုံး မီးခိုးများဖြင့် မည်းမှောင်သွားလေတော့သည်။

အချိန်အတော်ကြာအောင် ထိုကဲ့သို့ ဖြစ်နေပြီးမှ ရာသီဥတုမှာ ပြန်လည်ကြည်လင် လာလေသည်။

ခဏကြာတော့ ရွာလူကြီးနှစ်ယောက်နှင့် ဦးဗန်ကောင်းပါ တောင်ပေါ်တက်လာကြသည်။

တောင်ထိပ်တစ်နေရာမှာတော့ သံပချိုင်တစ်ယောက် မိုးကြိုးထိကာ သေဆုံးနေလေပြီ။

တစ်ကိုယ်လုံး မီးသွေးတုံးကဲ့ သို့ဖြစ်နေသည်။

နီမောင်က သူကျောခ်ွစိုက်ဝင်နေသော မြားကိုပြသည်။ မြားမှာ ကျောခ်ွကပ်ထားသော သစ်သားပြား၌ စိုက်ဝင်နေခြင်းဖြစ်သည်။

"ကျွန်တော့်အဖေကို သူတို့ဒီနည်းနဲ့ သတ်ခဲ့ကြတာပါ၊ ဟိုမှာ တရားခံတွေ မိထားပါပြီ"

ဟု ပြောသောအခါ ဦးဇလွန်းမှုလည်း မျက်စိမျက်နှာပျက်စွာဖြင့် တောင်အောက်သို့ ပြန်ဆင်းသွားလေသည်။

အားလုံးပြီးမှ နီမောင်တို့ တောင်ခြေသို့ ပြန်ဆင်းလာ

သောအခါ အားလုံးဝမ်းမြောက်ဝမ်းသာ ဖြစ်ကြရသည်။

သူတို့အားလုံးထဲမှာ ဝမ်းအသာဆုံး ဖြစ်နေသူကတော့ မြဝင်းသူပင် ဖြစ်သည်။

ညဘက် ရွာလူကြီးအိမ်မှာ အောင်ပွဲခံသောပွဲ လုပ်ကြတော့ နီမောင်က ဇမုန်းထန်ကို ပြောသည်။

"ကျွန်တော် တစ်ခုတော့ တောင်းပန်ချင်ပါတယ်"

"ဘာများလဲ"

"ဒီယှဉ်ပြိုင်ပွဲမှာ အနိုင်ရခဲ့ပေမယ့်. . နတ်ဆရာတော့ မလုပ်ပါရစေနဲ့၊ ဆေးဆရာပဲ လုပ်ပါရစေ"

ထိုစကားကြားတော့ ဇမုန်းထန်က. . .

"ရပ်ဓလေ့ရွာဓလေ့တော့ လုံးဝပစ်ပယ်လို့ မရဘူး၊ တကယ်လို့ မင်းမလုပ်ချင်ရင်လည်း လုပ်ချင်တဲ့တစ်ယောက် ထားပေးပါ့မယ်၊ ဒါပေမယ့်. . ယဇ်ပူဇော်တာကိုတော့ တစ်နှစ်တစ်ခါ လုပ်ပေးဖို့ပဲ ငါဆုံးဖြတ်ထားပြီးသားပါ၊ ယဇ်ပူဇော်ပွဲတွေ များများလုပ်ခဲ့မိလို့ တစ်ရွာလုံး ခိုင်းစရာ ကျွဲတွေ နွားတွေ ကုန်သလောက်ဖြစ်သွားလို့ သူတို့လည်း သဘောပေါက်သွားပါပြီ"

အားလုံးက ထိုစကားကို လက်ခံကြသည်။

"ငါတို့အတွက် နတ်ဆရာရှိဖို့ထက် ဆေးဆရာရှိဖို့ကသာ အရေးကြီးပါတယ်၊ ဆေးဆရာကောင်းကောင်း မရှိရင်အသက်သေကြရတယ်၊ ဒါကြောင့် မင်းဆန္ဒအတိုင်း ဆေးဆရာပဲ လုပ်ပေးပါ"

"ကောင်းပါပြီ. . လုပ်ပေးပါ့မယ်"





ဟု ကတိပေးလိုက်လေသည်။

ထို့နောက်မှာတော့ အခြေအနေများက ပြီးသလောက်ရှိလေသည်။ ဆရာကြီးဦးဗန်ကောင်းလည်း ယောနယ်သို့ပြန်ရန် ပြင်လေသည်။

"ဆရာကြီးအနေနဲ့ ကျွန်တော်တို့ မိသားစုအတွက်ရော ရပ်ရွာကလူတွေအတွက်ပါ တကူးတကလာပြီး အကူအညီပေးတာ ကျေးဇူးတင်ပါတယ်၊ ရပ်ရွာမှာ အနှောင့်အယှက်ပေးနေတဲ့ လူအနှောင့်အယှက်တွေ၊ မကောင်းဆိုးဝါး အနှောင့်အယှက်တွေကို ဆရာကြီး ဖြေရှင်းပေးလို့သာ ကင်းသွားတာပါ"

ထိုအခါ ဦးဗန်ကောင်းက. . .

"ငါ ဖြေရှင်းပေးလို့ချည်းတော့ မဟုတ်ပါဘူး၊ သူတို့ဘက်ကလည်း စည်းပေါက်ခဲ့ကြလို့ အခုလို ခံကြရတာပါ"

ဟု ပြန်ပြောလေသည်။

"ဘယ်လိုစည်းလဲ ဆရာကြီး"

"လူမှာလည်း လူ့စည်းရှိတယ်၊ ဝိညာဉ်လောကသားတွေမှာလည်း ဝိညာဉ်စည်း ဆိုတာရှိတယ်. . ဒါကြောင့် 'ဘီလူးစည်း လူ့စည်း' ဆိုတဲ့စကား ဖြစ်ပေါ်လာတာပဲ"

"ဟုတ်ပါတယ်"

"ဝိဇ္ဇာလောက သွားမယ့်လူတွေအတွက် စည်းငါးတန်ဖြတ်ကြရတယ်"

"ဘယ်လိုစည်းတွေလဲ ဆရာကြီး"

"ရွှေစည်း၊ ငွေစည်း၊ မိစ္ဆာစည်း၊ ဝိဇ္ဇာစည်း၊ ဣတ္ထိယ

စည်းဆိုတဲ့ စည်းငါးတန်ပဲ၊ အဲဒီ စည်းငါးတန်ကို မကျော်နိုင်ရင် ဝိဇ္ဇာလမ်းကို မရောက်နိုင်ကြဘူး"

"ဟုတ်ကဲ့"

"ဒီလိုပဲ လူနဲ့ဝိညာဉ် လောကသားတွေကို စည်းခြားထားတာရှိတယ်၊ အဲဒါကို ဘီလူးစည်း လူစည်းရယ်လို့ ခေါ်ကြတယ်၊ ဒီစည်းကို ဖောက်ဖျက်ရင် လူပဲဖြစ်ဖြစ်၊ ပရလောကသားပဲဖြစ်ဖြစ် ခံကြရမှာပဲ၊ ဇမုန်းထန် ခြံဝန်းထဲကို စည်းကျော်ပြီး ဝင်လာကြတဲ့ မကောင်းဆိုးဝါးတွေ မှော်ဝင်နတ်ဘီလူးရဲ့ တင်းပုတ်စာမိပြီး သေကြရတာ မြင်ခဲ့တယ်မဟုတ်လား"

"မြင်ပါတယ် ဆရာကြီး"

"အဲဒါ ဝိညာဉ်က သူ့စည်းဘက်မှာ မနေပဲ လူတွေရဲ့စည်းဘက်ကို ကျော်ဝင်လာလို့ အသတ်ခံရတာပဲ၊ မင်းတို့လည်း အသက်ငယ်ရွယ်ကြသေးတယ်. . .၊ လူ့လောကခရီးလမ်းကို လျှောက်ကြတဲ့အခါ သူ့စည်း၊ ကိုယ့်စည်း၊ ဘီလူးစည်း၊ လူစည်းကိုမကျော်မိကြဖို့ သတိလေးထားပြီး လျှောက်ကြရင် အန္တရာယ်တွေနဲ့ မတွေ့နိုင်ကြဘူးပေါ့"

ဟု ဆုံးမပြောဆိုလေသည်။

"ဆရာကြီး ပြောဆိုမှာကြားတာတွေကို ကျွန်တော်တို့ တစ်သက်လုံး သတိရနေပြီး ဆင်ခြင်ပါ့မယ်"

ထိုသို့ကတိပေးကာ အားလုံးက ဆရာကြီးဦးဗန်ကောင်းအား ကန်တော့ကြလေသည်။

ရက်အတန်ကြာသောအခါ ဦးဗန်ကောင်းမှာ ယောနယ်





ဘက်သို့ ပြန်သွားလေတော့သည်။

ထိုအဖြစ်အပျက်များဖြစ်ပြီး လအနည်းငယ် ကြာသောအခါ လူငယ်လူရွယ်တို့အတွက် ပျော်ရွှင်ဖွယ်ရာဖြစ်သော ရေအိုင်ကြီးရှိရာသို့ ငါးဖမ်းထွက်ရန် သွားကြလေသည်။

ရေအိုင်ရှိရာရောက်သောအခါ နီမောင်နှင့်မြဝင်းသူက လှေတစ်စင်း၊ စောထီးနှင့်မာလာက လှေတစ်စင်း၊ ငမဲအောင်နှင့် ဂေါင်နန်းတို့က လှေတစ်စင်းဖြင့် သွားကြလေသည်။

သူတို့မှာ လူငယ်တို့သဘာဝ အဆင်ပြေနေကြပြီး ဖြစ်လေရာ. . ရေအိုင်ထဲရောက်တော့မှ ငါးပဲဖမ်းမလား ဒါမှမဟုတ် ချစ်စကား ကြိုက်စကားတွေပဲ မမောတမ်း ပြောနေကြမည်လား တော့ မသိနိုင်တော့ပါချေ။

ဤနေရာတွင် ကျွန်ုပ်ရေးသားသော (ဘီလူးစည်း. . လူ့စည်း) အမည်ရှိ ဂမ္ဘီရဆန်းကြယ် ဝတ္ထုရှည်မှာလည်း နိဂုံးကမွတ်အဆုံးသတ်ပြီ ဖြစ်ပေတော့သတည်း။ ။

အနိယာ ဟောန္တု၊ သုခီ အတ္တာနံ၊ ပရိဟရန္တု။

တပြီးချိန်။ ။(၂၀၁၃)ခုနှစ်၊ နိုဝင်ဘာလ(၂၄)ရက်၊ တနင်္ဂနွေနေ့၊ နေ့လယ်(၃)နာရီ။